

# "ကျွန်တော်တို့၏ အိပ်မက်များသည် ကျောင်းသားများ အားလုံး အတွက်ဖြစ်သည်"

မြန်မာနိုင်ငံ၊ မန္တလေးမြို့ရှိ ကျောင်းသားများ၏ အခွင့်အရေး ချိုးဖောက်ခံရမှုများ

APRIL 2020

FORTIFY RIGHTS

# “ကျွန်တော်တို့၏ အိပ်မက်များသည် ကျောင်းသားများ အားလုံး အတွက်ဖြစ်သည်”

## မြန်မာနိုင်ငံ၊ မန္တလေးမြို့ရှိ ကျောင်းသားများ၏ အခွင့်အရေး ချိုးဖောက်ခံရမှုများ

**မျက်နှာဖုံး**

မန္တလေး ရှိ ရတနာပုံ တက္ကသိုလ်ဆန္ဒပြမှုများတွင် ပါဝင်သောကြောင့် အဖမ်းဆီးခံ ရသော ကျောင်းသားများ။ အမရပူရမြို့နယ် တရားရုံး၏ တရားစီရင်မှုကို လက်ထိပ်ခတ်ဖြင့် စောင့်ဆိုင်းနေချိန်။ ©Myanmar Pressphoto Agency မြန်မာသတင်းဓါတ်ပုံအေဂျင်စီ၊ ဖေဖော်ဝါရီလ ၂၀၁၉၊

ATHAN

FREEDOM OF EXPRESSION ACTIVIST ORGANIZATION

အသံ သည် သုတေသနကို အခြေပြုသော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကို မြှင့်တင်ရန် တက်ကြွစွာ လှုပ်ဆော်ပေးသည့် အဖွဲ့အစည်းတခုဖြစ်သည်။ ဤသို့ လုပ်ဆောင်ရာတွင် နည်းလမ်းကြောင်း ၃ မျိုးဖြစ်သည့် သုတေသန၊ စည်းရုံးပြောဆို လုပ်ဆော်ခြင်း၊ နှင့် ပညာပေးခြင်း တို့ဖြင့် လုပ်ဆောင်နေပါသည်။ အင်္ဂလိပ်လို “Voice” ဟုအဓိပါယ်ရှိသော အသံ ကို ၂၀၁၈ ခုနှစ် ဇန္နဝါရီလ တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တန်ဖိုးထားလေးစားသော မြန်မာနိုင်ငံမှ လူငယ်များက စတင် ထည်ထောင်ခဲ့သည်။

FORTIFY RIGHTS

ဖော်တီဖိုင်းရိုက် Fortify Rights သည် လူတိုင်း အတွက် အခွင့်အများ ရရှိရန် လုပ်ဆောင်နေသည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးချိုး ဖောက်မှုများကို စုံစမ်း စစ်ဆေးမှုများ ပြုလုပ် ၍ အဖြေရှာရန် ဩဇာအာဏာရှိ သူများနှင့် ပြောဆိုဆွေးနွေး ပေးပြီး လူ့အခွင့်အရေး ကာကွယ်သူများ၊ လူမှု အသိုင်းအဝိုင်းများ၊ နှင့် အရပ်ဖက် အဖွဲ့အစည်းများ၏ လုပ်ငန်းများအား ပိုမိုခိုင်ခံ့ အောင် ဆောင်ရွက်ခြင်း များကို ဆောင်ရွက် သည်။ သက်သေ အထောက်အထားအခြေပြု သုတေသနလုပ်ငန်း၊ အမှန်ပြောဆိုမှု နည်းဗြူဟာ ၏ စွမ်းအား၊ နှင့် လူတစ်ဦးစီ၊ လူ့အသိုင်းအဝိုင်း နှင့်နီးကပ်စွာ လုပ်ဆောင်ခြင်း၊ ပြောင်းလဲမှုများအတွက် တွန်းအားပေးနိုင် သည်ကို ယုံကြည်သည်။ ကျွန်ုပ်တို့သည် အမေရိကန်နှင့် ဆွစ်ဇာလန် နိုင်ငံတို့တွင် မှတ်ပုံတင်ထားသည့် လွတ်လပ် သော အမြတ်အစွန်းမရှာဖွေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

# မာတိကာ


အကျဉ်းချုပ် . . . . 10

သုတေသနနည်းစနစ် . . . . 23

နောက်ခံသမိုင်းကြောင်း . . . . 25

- မန္တလေးရှိ ရတနာပုံတက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒထုတ်ဖော်ပွဲများ . . . . 31
- ကျောင်းဝင်းတွင်းရှိ မော်တော်ဆိုက်ကယ်ရပ်နားရန် နေရာ အတွက် အခကြေးငွေပေးရခြင်း . . . . 31
  - သန့်ရှင်းဆောင် သန့်ရှင်းမှုမရှိခြင်း . . . . 32
  - ကျောင်းဝင်းတွင်းလုံခြုံရေး လုံလောက်မှုမရှိခြင်း . . . . 33

၁။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နှိပ်စက်မှုများ . . . . 37

  - လွတ်လပ်စွာဆန္ဒထုတ်ဖော် ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများအား တင်းကျပ်ခြင်းများ . . . . 37
  - အမှုရင်ဆိုင်သည့်အချိန်တွင် ထောင်တွင်း ညှင်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာဆက်ဆံခြင်းများ. . . . 43

၂။ ဥပဒေရေးရာမူဘောင်နှင့် ခွဲခြမ်း . . . . 47

စိတ်ဖြာခြင်း . . . . 47

- လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ဆိုင်သော အခွင့်အရေးများ . . . . 48
  - လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာ အခွင့်အရေး . . . . 49
  - လွတ်လပ်စွာဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ အခွင့်အရေး . . . . 51
- ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော ပုံစံများဖြင့်လူမဆန်စွာ ဆက်ဆံခြင်း အားတားမြစ်ခြင်း . . . . 54
- လွတ်လပ်မှု အခွင့်အရေး. . . . 57
- ထိရောက်သော ပြန်လည်ကုစားမှုတစ်ခုအတွက် အခွင့်အရေး . . . . 57

၃။ ရတနာပုံတက္ကသိုလ်ရှိလူ့အခွင့် . . . . 59

အရေးကာကွယ် စောင့်ရှောက်သူ . . . . 59

ကျောင်းသားများ . . . . 59

- ကျော်သီဟရဲကျော် . . . . 59
- ဖုန်းမြင့်ကျော် . . . . 60
- ရဲမျိုးဆွေ . . . . 61
- မျိုးချစ်ဇော် . . . . 62
- ရဲလင်းအောင် . . . . 63
- နေဝင်းကျော်. . . . 64


အကြံပြုချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .65
မြန်မာနိုင်ငံအစိုးရသို့. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .65
ရတနာပုံတက္ကသိုလ် အုပ်ချုပ်ရေးဌာနသို့ . . . . . . . . . . . . . . . . . . . . . . . . . . . . . . .66
နိုင်ငံတကာ အသိုင်းအဝိုင်းသို့. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .66
ကျေးဇူးတင်လွှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .69
နောက်ဆက်တွဲ ၁၊
မြန်မာနိုင်ငံအစိုးရထံပေးစာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .70

# မြန်မာနိုင်ငံ



HAN
INDIA
LADESH
CHINA
Mandalay
MANDALAY STATE
LAO
Naypyidaw
MYANMAR
THAILAND

# ရတနာပုံတက္ကသိုလ်ဝင်း




## တည်နေရာများ

1. မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် **(ABFSU)** ရတနာပုံတက္ကသိုလ်ဌာနချုပ်
2. ဆိုက်ကယ်ရပ်နားရာနေရာများ
3. ဗဟိုဆောင်
4. ကျောင်းသားရေးရာဌာန
5. ဂိတ်မကြီး
6. အနောက်ဖက် အဝင်ပေါက်

## ဆန္ဒပြနေရာများ

- **A** နိုဝင်ဘာလ ၁၃ ရက် ဆန္ဒပြနေရာ
- **B** ဒီဇင်ဘာလ ၇ ရက် ဆန္ဒပြနေရာ
- **C** ဒီဇင်ဘာလ ၁၃ ရက် ဆန္ဒပြနေရာ
- **D** ဒီဇင်ဘာလ ၂၈ ရက် ဆန္ဒပြနေရာ
- **E** ဇန္နဝါရီလ ၇ ရက် ဆန္ဒပြနေရာ




၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း တက္ကသိုလ်ကျောင်းသားများ ဆက်တိုက်ဆန္ဒပြခဲ့သော မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်၏ စာကြည့်တိုက်။ တက္ကသိုလ်တွင် ကျောင်းသားဦးရေ ၆၁၀၀၀ ကျော် ပညာသင်ကြားနေပြီး ဆရာ၊ ဆရာမနှင့် ဝန်ထမ်းဦးရေ ၁၀၀၀ ကျော် တာဝန်ထမ်းဆောင်နေသည်။ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀



တက္ကသိုလ်
UNIVERSITY



*ရတနာပုံတက္ကသိုလ် ကျောင်းသားများ ငြိမ်းချမ်းစွာ ဆန္ဒပြပြီးနောက် သရုပ်ပြ ခေါင်းတလားတစ်ခုအား မီးရှို့နေပုံ၊ ©Myanmar Pressphoto Agency မြန်မာသတင်းဓါတ်ပုံအေဂျင်စီ၊ ဖေဖော်ဝါရီလ ၂၀၁၉*

# အကျဉ်းချုပ်

ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားပေါင်း (၁၈၀) ဦးရေအထက်ရှိသည်။ ၂၀၁၅ ခုနှစ် မှစ၍ မြန်မာ အာဏာပိုင်များသည် နိုင်ငံရေးအကျဉ်းသားပေါင်း (၇၄၀) ကျော်ကို လွှတ်ပေးခဲ့ပြီး ၎င်းတို့မှ ထက်ဝက်ကျော်သည် ၎င်းတို့၏ပြစ်ဒဏ်များကို အပြည့်အဝခံယူခဲ့ကြသည်။ အာဏာပိုင်များအနေဖြင့် ကျန်သော နိုင်ငံရေးအကျဉ်းသား များအား လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွှတ်ပေးခြင်းအားဖြင့် ၎င်းတို့၏ အာဏာရှင်ဆန်စွာ ဖမ်းဆီးချုပ်နှောင်သည့် သဘော သဘာဝကို ဝန်ခံရန် ပျက်ကွက်ခဲ့သည်။ မြန်မာနိုင်ငံ အစိုးရသည် နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကုစားမှု (သို့မဟုတ်) တရားမျှတမှုရရန်အတွက် ပံ့ပိုးကူညီရန် ပျက်ကွက်ခဲ့သည်။

တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားများ၊ စာနယ်ဇင်းသမားများနှင့်မြန်မာနိုင်ငံရှိအခြားသောသူများ လည်း ၎င်းတို့၏အခွင့်အရေးများ ကျင့်သုံးခြင်းကြောင့် ထောင်ဒဏ်ချမှတ်ခံရခြင်း သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ခြင်း ခံရမည် ဟူသော ခြိမ်းခြောက်မှုများကို ဆက်လက် ရင်ဆိုင်ကြုံတွေ့ နေကြသည့်အပြင် အစိုးရမှ အခြေခံလွတ်လပ်ခွင့်များ၊ လွတ်လပ်စွာဆန္ဒပြခွင့်အပါအဝင် ငြိမ်းချမ်းစွာစုဝေးခွင့်အား တင်းကျပ်ရန် မရေရာသော သို့မဟုတ် တိကျခိုင်မာမှု အားနည်းသောဥပဒေများကို ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်သည်။

ဤအစီရင်ခံစာသည် အကြောင်းအရာများထဲမှ ကိစ္စရပ်တစ်ခုကို မီးမောင်းထိုး ဖော်ပြထားပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့၊ မွန်းလွဲ ၁ နာရီချိန်တွင် တက်ကြွလှုပ်ရှားသော တက္ကသိုလ်ကျောင်းသား အဖွဲ့ငယ်တစ်ဖွဲ့မှ အစိုးရနှင့် တက္ကသိုလ်မှတာဝန်ရှိသူများ၏ သရုပ်ပြကာဒ်ထူပြား ခေါင်းတလားတစ်လုံးမီးရှို့ခြင်း ကို မြန်မာနိုင်ငံ မန္တလေးရှိ ရတနာပုံတက္ကသိုလ်



ရဲမျိုးဆွေ ၂၂ နှစ်မှ ရတနာပုံတက္ကသိုလ်အပြင်ဖက် ငြိမ်းချမ်းစွာ လူစုလူဝေး တစ်ခုတွင် စကားပြောကြားနေစဉ်၊ ©Pressphoto Agency သတင်းဓါတ်ပုံအေဂျင်စီ၊ ဒီဇင်ဘာလ ၂၈ ရက်၊ ၂၀၁၈



ကျောင်းသားများ၏ သရုပ်ပြခေါင်းတလား တစ်ခုအား ရတနာပုံ တက္ကသိုလ် လုံခြုံရေးအရာရှိမှ ကန်ထုတ်နေစဉ်၊ © Pressphoto Agency သတင်းဓါတ်ပုံအေဂျင်စီ၊ ဒီဇင်ဘာလ ၂၈ ရက်၊ ၂၀၁၈



မီးလောင်နေသည့် သရုပ်ပြခေါင်းတလား တစ်ခုအား ရတနာပုံ တက္ကသိုလ် လုံခြုံရေးအရာရှိမှ ရေလောင်းမီးငြိမ်းသပ်နေစဉ်၊ ©Pressphoto Agency သတင်းဓါတ်ပုံအေဂျင်စီ၊ ဒီဇင်ဘာလ ၂၈ ရက်၊ ၂၀၁၈

ပင်မဂိတ်၏ အပြင်ဘက်တွင် စုရုံးရောက်ရှိနေသော ကျောင်းသားဦးရေ ၁၀၀ ကျော်၊ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် အခြားသူများရှေ့တွင် ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ သရုပ်ပြလှောင်ပြောင် ထားသည့် အသုဘသည် မန္တလေးမှ ကျောင်းသားများ အသတ်ခံရမှုအပြီးတွင် ကျောင်းသားများ၏လုံခြုံရေး အစီအမံများ တိုးတက်လာစေရန် သရုပ်ဖော်သော အစီအစဉ်တစ်စိတ်တဒေသဖြစ်ပြီး တက္ကသိုလ်အုပ်ချုပ်ရေးဌာန၏အာရုံစိုက်မှုရရှိရန် ကျောင်းသားများမှ ငြိမ်းချမ်းစွာဖြင့် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

အရပ်သားဝတ်စုံ ဝတ်ထားသော ရဲအရာရှိများမှ လူစုလူဝေးကို အလျင်အမြန် လူစုကွဲစေကာ ဆန္ဒပြခြင်းကို ဦးဆောင်ခဲ့သော ကျောင်းသား (၃)ဦးဖြစ်သည့် - မျိုးချစ်ဇော် (၁၈ နှစ်)၊ ရဲမင်းထွန်း (၂၃ နှစ်) နှင့် ကျော်သီဟရဲကျော် (၂၃ နှစ်) တို့အား ဖမ်းဆီးခဲ့သည်။ နောက်ထပ် (၅) ရက်အကြာတွင် မြန်မာအာဏာပိုင်များမှ နောက်ထပ် ကျောင်းသား (၄) ဦးဖြစ်သည့် ရဲမိုးဆွေ (၂၃ နှစ်)၊ ဖုန်းမြင့်ကျော် (၂၀ နှစ်) ၊ ရဲလင်းအောင် (၂၀ နှစ်) နှင့် နေဝင်းကျော် (၂၂ နှစ်)တို့အား ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသော ကျောင်းသား ခေါင်းဆောင် (၃) ဦးအား ပြန်လွှတ် ပေးရန် ဆန္ဒပြတောင်းဆိုမှုကြောင့် ထပ်မံဖမ်းဆီးခဲ့သည်။ ၄င်းနောက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အမရပူရမြို့နယ်တရားရုံး၌ အဆိုပါကျောင်းသား (၇) ဦးတို့အား မီးရှို့မှုဖြင့်သော်လည်းကောင်း၊ ဆန္ဒထုတ်ဖော် ခြင်းနှင့်ပတ်သက်၍ အာဏာပိုင်များအား ကြိုတင်အသိပေး အကြောင်းကြားရန် ပျက်ကွက်မှုဖြင့် သော်လည်းကောင်း ထောင်ဒဏ် (၃)လ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ကျောင်းသားများသည် မန္တလေးမြို့၏ အိုးဘိုအကျဉ်းထောင်မှ ပြန်လည် မလွှတ်ခင် အချိန်ထိ ထောင်ထဲတွင် ရက်ပေါင်း ၈၀ ကျော် နေခဲ့ရသည်။ ကျောင်းသား (၄) ဦးမှ ထောင်ကျနေစဉ်ကာလအတွင်း ထောင်စောင့်များမှ ၄င်း တို့အပေါ် ညှင်းဆဲရိုက်နက်မှု များ ပြုလုပ်ခဲ့ကြောင်းကို အစီရင်ခံပြော ကြားခဲ့သည်။

ဒီဇင်ဘာ ၂၈ ရက်နေ့ ဆန္ဒပြခြင်းနှင့် နောက်ဆက်တွဲဖြစ်ရပ်များ သည် အစိုးရနှင့် တက္ကသိုလ်မှ တာဝန်ရှိသူတို့မှ ဆန္ဒပြလှုပ်ရှားမှုများ အပေါ် တင်းကျပ်မှု တိုးမြှင့်သည့်အချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မန္တလေးတွင် ကျောင်းသားများ၏ ဆန္ဒပြပွဲ မတိုင်မီ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နှင့် ဒီဇင်ဘာလ ၂၈ ရက် အကြားတွင် ရတနာပုံ တက္ကသိုလ် ကျောင်းသားများသည် မြန်မာတစ်နိုင်ငံလုံး ဆိုင်ရာ တက္ကသိုလ်ကျောင်း သား အဖွဲ့အစည်းများမှ အဓိက အဖွဲ့တစ်ဖွဲ့ဖြစ်သော နိုင်ငံရေးလှုပ်ရှားမှု သမိုင်းရှိခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ABFSU) နှင့်အတူ ငြိမ်းချမ်းစွာဆန္ဒပြမှု (၃)ခုတွင် ပူးပေါင်းပါဝင်ခဲ့သည်။ အဆိုပါ ဆန္ဒထုတ်ဖော်မှုတစ်ခုစီတွင် ရတနာပုံတက္ကသိုလ်မှ တာဝန်ရှိသူ များသည် ကျောင်းသားများ တက္ကသိုလ်နယ်မြေအတွင်း ဆန္ဒပြခြင်းကို



ငြိမ်းချမ်းစွာဆန္ဒပြခဲ့သော ကျောင်းသားများအား တရားစွဲဆိုရန် တရားရုံးသို့ခေါ်ဆောင်သွားစဉ်၊ ©Myanmar Pressphoto Agency မြန်မာသတင်းဓါတ်ပုံအေဂျင်စီ ဒီဇင်ဘာလ ၂၈ ရက်၊ ၂၀၁၈

တားဆီးရန် တက္ကသိုလ်ဂိတ်တံခါးများ ပိတ်ထားခြင်း၊ တက္ကသိုလ်နယ်မြေ ထဲသို့ ဆန္ဒပြသူများ ဝင်ရောက်ခြင်း ရပ်တန့်စေရန် အတွက် ပါမောက္ခများမှ ဂိတ်တံခါးများတွင် နေရာယူ တားဆီးခြင်းများ ပြုလုပ်ခဲ့ကြသည်။

မည်သို့ပင်ဆိုစေကာမူ ကျောင်းသားများသည် ဆန္ဒပြမှုများကို ဆက်လက် ပြုလုပ်ခဲ့ ကြသည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ကျောင်းသားလှုပ်ရှားသူ ကျော်သီဟရဲကျော်မှ "ကျွန်တော်တို့၏ အိပ်မက်များသည် ကျွန်တော် တို့အတွက် မဟုတ်ပါ၊ ကျွန်တော်တို့၏ အိပ်မက်များသည် ကျောင်းသား အားလုံးအတွက် ဖြစ်သည်" ဟု သတင်း ထောက်များကို ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် ဒီဇင်ဘာလအကြားတွင် ရတနာပုံတက္ကသိုလ်မှ ကျောင်းသား (၃) ဦး ဖြစ်သော ကိုနေမင်းထက် (၁၉ နှစ်)၊ ထက်လင်းသန့် (၁၈ နှစ်)နှင့် စိုးမိုးဟိန်း (၂၀ နှစ်) တို့သည် မန္တလေးတွင် အသတ်ခံ ခဲ့ရသည်။ ထိုကဲ့သို့ အသတ်ခံရမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ABFSU ကျောင်းသားများသည် အထက်ဖော်ပြပါ ဆန္ဒပြမှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်း အပြင် တက္ကသိုလ်မှ တာဝန်ရှိသူများက ကျောင်းသားများ၏ တောင်းဆိုမှု ဖြစ်သော ၎င်းတို့၏ လုံခြုံရေးတိုးမြှင့်ပေးရန်နှင့် ကျောင်းဝင်းအတွင်း အခြားတိုးတက်မှုများ လုပ်ဆောင်ပေးရန် တောင်းဆိုမှုများ ကို အလွန်အမင်း လျစ်လျူရှုခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက်နေ့ စိုးမင်းဟိန်းအသတ်ခံရပြီးနောက် တက္ကသိုလ် ပါမောက္ခချုပ်မှ "ကျွန်တော်တို့အားလုံးဟာ လူသားတွေဖြစ်တယ်။ လူသားတွေ သေကြရမှာဖြစ်တယ်" ဟု ဆန္ဒထုတ်ဖော်ကြသော ကျောင်းသားများအား ပြောကြားခဲ့သည်။ ထိုပြောကြားချက်အား တုံ့ပြန်သည့်အနေဖြင့် ကျောင်းသားများမှ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် သရုပ်ပြ အသုဘကို ပါမောက္ခချုပ်နှင့် အခြားတာဝန်ရှိသူများအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အသံ နှင့် Fortify Rights တို့မှ ကျောင်းသားများ၏ အမှုနှင့်ပတ်သက်၍ ပူးတွဲစုံစမ်းစစ်ဆေးမှုကို ပြုလုပ်ခဲ့ကြ သည်။ ထိုစုံစမ်းစစ်ဆေးမှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် အသံ နှင့် Fortify Rights တို့သည် ကျောင်းသား (၇)ဦး၊ ဆန္ဒထုတ်ဖော်မှုမှ မျက်မြင်သက်သေများ၊ ရတနာပုံတက္ကသိုလ်မှ



ကျော်သီဟရဲကျော် ၂၂ နှစ်သည် ၂၀၁၈ ခုနှစ် ရတနာပုံတက္ကသိုလ် ဆန္ဒပြမှုများ၏ ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀

တာဝန်ရှိသူများ - ပါမောက္ခများနှင့် အုပ်ချုပ်ရေး ဌာနမှ ဝန်ထမ်းများ၊ ABFSU အဖွဲ့ဝင်များနှင့် အခြားသူများအား တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခြင်းနှင့် ငြိမ်းချမ်းစွာစုဝေးခြင်း အစရှိသော အခွင့်အရေးတို့အား တင်းကျပ်သည့် အနေဖြင့် ဆန္ဒပြသော ကျောင်းသားများအား ဖမ်းဆီးခြင်း၊ ချုပ်နှောင်အကျဉ်းချ ထားခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ အစိုးရမှ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဥပဒေ (ဤအစီရင်ခံစာတွင် "ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေ") ကို ဆက်လက်အသုံးပြု မြဲဖြစ်သည်။ အစိုးရမှ ရတနာပုံတက္ကသိုလ် ကျောင်းသားများ ဥပဒေချိုးဖောက်သည်ဟု ဆိုကာ တရားစွဲဆိုခဲ့သည်။ ငြိမ်းချမ်းစွာ စုဝေးခွင့်ဥပဒေ၏ ကျယ်ပြန့်သော ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုဆိုင်ရာပြစ်ဒဏ်များသည် နိုင်ငံတကာ လူ့အခွင့် အရေးဥပဒေကို ချိုးဖောက်နေပါသည်။

ကျောင်းသားများ၏ ဆန္ဒပြမှုများမှ တစ်ခုဖြစ်သော အစိုးရနှင့် တက္ကသိုလ်မှ တာဝန်ရှိသူများ၏ ဓါတ်ပုံများ ထည့်ထားသည့် သရုပ်ပြခေါင်းတလားအား မီးရှို့ခြင်းသည် နိုင်ငံတကာဥပဒေအရ ဆန္ဒထုတ်ဖော်ခွင့် ရှိသော ပုံစံ ဖြစ်သည်။ အလားတူကိစ္စရပ်တစ်ခုတွင် ဥရောပလူ့အခွင့် အရေးဆိုင်ရာတရားရုံးသည် ဓါတ်ပုံများ မီးရှို့သည့်လုပ်ရပ်ကို အနက်အဓိပ္ပါယ်ဖွင့်မည်ဆိုပါက အဆိုပါလုပ်ရပ်သည် "ကျေနပ်မှုမရှိခြင်းနှင့် ဆန္ဒထုတ်ဖော်မှုတို့၏သင်္ကေတ" အဖြစ် သော်လည်းကောင်း၊ "လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုအား 'သတင်းအချက်အလက်' နှင့် 'စိတ်ကူးစိတ် သန်းများ' ဖြင့်



ဖုန်းမြင့်ကျော် ၁၉ နှစ်၊ နေဝင်းကျော် ၂၂ နှစ်၊ မျိုးချစ်ဇော် ၁၉ နှစ်နှင့် ရဲလင်းအောင် ၂၀ နှစ် တို့သည် မြန်မာနိုင်ငံလုံး ဆိုင်ရာကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် အဖွဲ့ဝင် များဖြစ်သည်။ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀



မီးလောင်ခဲ့သည့် သရုပ်ပြခေါင်းတလားတစ်ခု
အား ဘေးတွင်ရပ်နေသည့် ကျော်သီဟရဲကျော်၊
©Myanmar Pressphoto Agency မြန်မာ
သတင်းဓါတ်ပုံအေဂျင်စီ၊ ဒီဇင်ဘာလ ၂၈ ရက်၊
၂၀၁၈



ရတနာပုံတက္ကသိုလ်ရှိ ဆိုင်ကယ်ရပ်နားရာ နေရာများ။ ကျောင်းသားများ ဆန္ဒပြသည့်အထဲတွင် ဆိုင်ကယ်များ၏ လုံခြုံရေး အကြောင်းအရာလည်းပါဝင်သည်။ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀



ရတနာပုံတက္ကသိုလ်ကျောင်းသားများ လုံခြုံရေးစနစ်အသစ် အသုံးပြု၍ ကျောင်းဝင်းအတွင်း မော် တော်ဆိုင်ကယ်ယည် များရပ်နားနေစဉ်၊ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀




ရတနာပုံတက္ကသိုလ်ဝင်းအတွင်း မော်တော်ဆိုင်ကယ်များလုံခြုံမှုရှိရန် ဆိုက်ကယ်စီးနင်းလာသူများအား နံပါတ်စဉ်ကတ်ပြားများထုတ်ပေးနေစဉ်၊ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀



ကျောင်းသားများ၏ သန့်စင်ခန်းတစ်ခု။ ရတနာပုံတကသိုလ်ရှိ သန့်စင်ခန်းများ လုံလောက်သော သန့်ရှင်းမှုမရှိသည့်အကြောင်းသည် ကျောင်းသားများဆန္ဒပြရသည့် အကြောင်းရင်းတစ်ခုဖြစ်သည်။ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀

တိုးချဲ့ပုံဖေါ်ခြင်းအဖြစ်သော်လည်ကောင်း ဆန္ဒထုတ်ဖော်သည်ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ တရားစီရင်ပိုင်ခွင့် အာဏာများအရ အထက်ပါဆန္ဒထုတ်ဖော်မှုတို့သည် ကာကွယ်ခွင့်ရရှိရမည့် အပြုအမူ၊ သင်္ကေတဖြစ် သည်ကို တွေ့ရှိရသည်။

ကျောင်းသားများ၏ ဆန္ဒထုတ်ဖော်မှုများသည် ပြည်သူ့တစ်ရပ်လုံးနှင့် သက်ဆိုင်သော ကိစ္စရပ်ဖြစ်သည့်အပြင် လုံခြုံရေး၊ ကျောင်းနယ်မြေသန့်ရှင်းရေးနှင့် တက္ကသိုလ် စီမံခန့်ခွဲခြင်း ရံပုံငွေများနှင့်ပတ်သက်သော ကိစ္စရပ်များ ဖြစ်သည်။ ထို့အပြင် ကျောင်းသားများမှ ၎င်းတို့၏ ထင်မြင်ချက်များကို နှုတ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့် မဟုတ်သော ဆက်သွယ်ရေးနည်းလမ်းပုံစံများနှင့် သင်္ကေတများပါဝင်သော ခေါင်းတလားမီးရှို့ခြင်း၊ ဇာတ်ညွှန်းများ ဖတ်ခြင်း အစရှိသောနည်းလမ်းများဖြင့် ၎င်းတို့၏ ဆန္ဒများကို ထုတ်ဖော်ခဲ့ကြပါသည်။ အချို့သူများအနေဖြင့် ကျောင်းသားများ၏ ဓါတ်ပုံများကိုအသုံးပြု၍ လှောင်ပြောင်သည့် အသုဘအခမ်းအနားဖြင့် မီးရှို့ရန် ရွေးချယ်မှုကို မြင်တွေ့ရမည် ဖြစ်သော်လည်း အဆိုပါ ဆန္ဒပြမှုပုံစံကို လူ့အခွင့်အရေးဆိုင်ရာဥပဒေမှ ကာကွယ်မှုပေးထားသည်။ ထိုမျှသာမက ကျောင်းသားများ၏ ဆန္ဒပြမှုအပေါ် တင်းကျပ်မှုသည် လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြောကြားခွင့် အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။

မြန်မာအစိုးရနှင့်ရတနာပုံတက္ကသိုလ်မှတာဝန်ရှိသူတို့သည်ကျောင်းသား(၇)ဦး၏အခွင့်အရေးများကို



ချိုးဖောက်ခဲ့ပြီး ကျောင်းသားများ၏ ငြိမ်းချမ်းစွာစုဝေးခြင်း နှင့်ပတ်သက်သည့် အခွင့်အရေးများကို ပံ့ပိုးပေးရန် ပျက်ကွက်ခဲ့သည့်အပြင် ပိတ်ဆို့အရေးယူခြင်းများနှင့် ဆန္ဒထုတ်ဖော်သူများအား လူစုကွဲစေရန် ဆောင်ရွက်မှု များကို ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် ထောင်တွင်းအကျဉ်းချခံထားရသော ကျောင်းသား (၄) ဦးအပေါ် ထောင်အစောင့်များ၏ ရိုက်နှက်မှုများသည် နိုင်ငံတကာဥပဒေအရ ညှင်းပမ်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူသားမဆန်မှု နှင့် အသရေ ပျက်စေသော ဆက်ဆံမှုများ ဖြစ်ပါသည်။

ယနေ့အချိန်တွင် အဆိုပါ မွန္တလေးမှ ကျောင်းသား (၇)ဦးတို့သည် လွှတ်မြောက်လာပြီဖြစ်သော်လည်း မြန်မာ နိုင်ငံတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် သက်ဆိုင်သောဥပဒေသည် ကြီးမားသော ပြဿနာကြီးတစ်ရပ် ဖြစ်ကြောင်းနှင့် အာဏာပိုင်များမှ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးတို့အား တင်းကျပ်ရန် ဥပဒေအားမည်သို့ အသုံးချလျက်ရှိကြောင်းကို ၄င်းတို့၏အမှုသည် သက်သေထင်ရှားပြသလျက်ရှိနေပါသည်။ ဤအစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း မကြာသေးမီနှစ်ကာလများတွင် ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေအား ပြင်ဆင် ဖြည့်စွက်မှုများစွာ ပြုလုပ်ခဲ့သည်။ သို့သော်လည်း အချို့သော ပြင်ဆင်ဖြည့်စွက်မှုတို့သည် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် ကိုက်ညီမှုမရှိသည့် အပြင် ထိုအဆိုပြုခဲ့သော ၂၀၁၈ ခုနှစ် ပြင်ဆင်ဖြည့်စွက်ချက်သည် တိုင်းပြည်တွင် ထပ်မံ၍ လူ့အခွင့်အရေးချိုးဖောက်မှုကို ဖြစ်ပေါ် စေမည် ဖြစ်သည်။ ထို့ကြောင့် ဥပဒေ၏ အရေးပါမှုနှင့် တန်ဖိုးရှိမှုတို့ကို အလေးထားကာ ၂၀၁၈ ခုနှစ်



ရတနာပုံတက္ကသိုလ် စာသင်ခန်းထဲတွင် ကျောင်းသူ ၂ ဦး ထိုင်နေပုံ။ ကျောင်းသားများသည် ထိုင်ခုံများနှင့် လေ့လာရေးပစ္စည်းများစသော စာသင်ခန်း အထောက်အကူပစ္စည်းများအတွက် တက္ကသိုလ်မှ ပိုမိုရင်းနှီးမြှုပ်နှံရန် ဆန္ဒပြတောင်းဆိုကြသည်။ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀



မတ်လ ၅ ရက်နေ့တွင် မြန်မာနိုင်ငံရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းပေါင်း (၂၅၅) ဖွဲ့နှင့် တစ်ဦးချင်းတို့ ပူးပေါင်းကာ ထိုအဆိုပြုထားသော ပြင်ဆင်ချက်များကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ထုတ်ပြန်ကြေငြာချက်များနှင့်အတူ လူပေါင်း (၅၀၀)ခန့်မှ ရန်ကုန်သို့ ချီတက်ခဲ့ ကြသည်။

ဤအစီရင်ခံစာရေးသားနေချိန်တွင် ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေကို ပြင်ဆင်ရန်အတွက် ဥပဒေမူကြမ်းရေးဆွဲခြင်းနောက်ဆုံးအခြေအနေအားပြည်သူ့လွှတ်တော်မှဆက်လက်ဆိုင်းငံ့ထားဆဲဖြစ်သည်။

ထို့အပြင် မြန်မာအာဏာပိုင်များမှ ရတနာပုံတက္ကသိုလ်ကျောင်းသားများ၏ ဆုံးရှုံးသွားသော အခွင့်အရေးများ အပေါ် ကုစားမှုနှင့် နစ်နာကြေးများ ပံ့ပိုးပေးရန် ပျက်ကွက်ခဲ့ခြင်းသည်။ ဥပဒေနှင့် မညီသော (မတရား) တရားစွဲဆို မှုကို အသိအမှတ်ပြုသကဲ့သို့ဖြစ်ပြီး ထိုကဲ့သို့ပင် ကြီးမားစွာကိုယ်စားပြုသည့် ကိစ္စရပ်မှာ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် စပ်လျဥ်းပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့သည် ဖြေရှင်းမှု မရှိသည့် ကိစ္စရပ်များအဖြစ် တည်ရှိနေသည်။

အသံ နှင့် Fortify Rights တို့၏ စုံစမ်းစစ်ဆေးမှုအရ မြန်မာအာဏာပိုင်များနှင့် တက္ကသိုလ်မှတာဝန်ရှိသူတို့ သည် ကျောင်းသားများ၏ အခွင့်အရေးဖြစ်သော လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များကို ဝင်ရောက်စွက်ဖက်ခဲ့ပြီး မြန်မာအာဏာပိုင်များမှ ကျောင်းသားများအား မတရားဖမ်းဆီး ချုပ်နှောင်ခြင်း၊ ညှင်းပန်း နှိပ်စက်ခြင်းနှင့် ထောင်ဒဏ်ကျခံနေချိန်တွင် လူမဆန်စွာဆက်ဆံခြင်းများ ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့သော ကျောင်းသားများသည် နိုင်ငံတကာဥပဒေအရ ထိရောက်သော ကုစားခွင့်ကို ခံစားခွင့်ရှိသည်။

ထိရောက်သော ကုစားခွင့်ကို မြန်မာနိုင်ငံရှိ နိုင်ငံရေးကျောင်းသားဟောင်းများအားလုံးမှလည်း တန်းတူညီမျှစွာ ခံစားခွင့်ရှိရမည်။ အဆိုပါ ထိရောက်သော ကုစားခွင့်ဟုဆိုရာ၌ နိုင်ငံတကာဥပဒေအရ ထိခိုက်နစ်နာမှုအတွက် ပြန်လည်ပေးအပ်ခြင်း၊ နစ်နာကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စိတ်ကျေနပ်မှုရှိခြင်း၊ ခိုင်မာမှုရှိသော အာမခံ ချက်များ ပါဝင်သည်။

"ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးခြင်း" သည် လူ့အခွင့်အရေးချိုးဖောက်ခံရသူအား ချိုးဖောက်မှု မဖြစ်ပွားမီ ခံစားခဲ့ရသည့် မူလပကတိပိုင်ဆိုင်မှုများ ပြန်လည်ပေးအပ်ခြင်းဖြစ်သည်။ ဥပမာဆိုရသော် ကုလသမဂ္ဂ၏ ကုစားခွင့်ဆိုင်ရာအခြေခံသဘောတရားများအရ ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးခြင်း ဟုဆိုရာတွင် " မူလအတိုင်း လွတ်လပ်ခွင့် ပြန်လည်ခံစားစေခြင်း၊ လူ့အခွင့်အရေးကို ခံစားခွင့်ရှိခြင်း၊ မိသားစုဘဝနှင့် နိုင်ငံသားဖြစ်မှု ခံစားခွင့်ရှိခြင်း၊ မူလနေရာသို့ ပြန်နေထိုင်ခွင့်ရှိခြင်း၊ အလုပ်အကိုင်ပြန်လည်ရရှိရေးနှင့် ဥစ္စာပစ္စည်းများ ပြန်ရရှိခြင်းတို့" ပါဝင်နိုင်ပါသည်။

"နစ်နာကြေးပေးခြင်း" သည် အခွင့်အရေးချိုးဖောက်ခံရခြင်းကြောင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုအတွက် ငွေကြေးဆိုင်ရာ နစ်နာကြေးပေးခြင်းဖြစ်ပါသည်။ ပစ္စည်းများ ပျက်စီးခြင်း၊ အလုပ်သမား ဆုံးရှုံးခြင်းနှင့် ဥပဒေရေးရာ (သို့) ဆေးဘက်ဆိုင်ရာအတွက် လိုအပ်သော ကုန်ကျစရိတ်၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ထောက်ပံ့မှုတို့ ဖြစ်သည်။ ထိရောက်သော ကုစားမှုတစ်ခုဟုဆိုရာတွင်လည်း ပြန်လည်နေရာချထားခြင်း၊ ဆေးဘက်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဂရုစိုက်မှု၊ ဥပဒေပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဝန်ဆောင်မှု ကဏ္ဍများပါဝင်သည်။

"စိတ်ကျေနပ်မှုရှိခြင်း" ဟုဖော်ပြရာတွင် ထိခိုက်နစ်နာခံရမှုကိုသိမှတ်ပြီး ဆက်ပြီးအခွင့်အရေးချိုးဖောက်ခံရခြင်းတို့မှ ကာကွယ်ရန် ရည်ရွယ်ပါသည်။ ကုစားမှုဆိုင်ရာ အခြေခံသဘောတရားအရ စိတ်ကျေနပ်မှု ဆိုသည်မှာ ပြဌာန်းထားသော အချက်အလက်များသည် သင့်လျော်ပြီး မှန်ကန်မှုရှိခြင်း၊ အမှန်တရားအား လူအများသိအောင် ထုတ်ဖော်ပြောဆိုနိုင်ရန် ပံ့ပိုးကူညီခြင်း၊ ကျူးလွန်ခံရသူ၏ ဂုဏ်သိက္ခာအတွက် ထိခိုက်သွားသော ဂုဏ်သတင်းအား ပြန်လည်ကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း၊ တာဝန်ယူမှုကို လက်ခံခြင်းများအပါအဝင် လူသိရှင်ကြား တောင်းပန်ခြင်းတို့ဖြစ်ပါသည်။

နောက်ဆုံးတစ်ခုဖြစ်သည့် "ခိုင်မာမှုရှိသော အာမခံချက်" တွင် စစ်တပ်နှင့်

လုံခြုံရေးတပ်ဖွဲ့များကို အရပ်သားမှ ထိရောက်သေချာစွာ ထိန်းချုပ်မှု၊ အမှီအခိုကင်းသော တရားစီရင်ရေးစနစ်ကို အားကောင်းစေခြင်း၊ လူ့ပုဂ္ဂိုလ်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ဥပဒေကြောင်းအရသော်၎င်း၊ ဆေးဘက်နှင့် ကျန်းမာရေးဆိုင်ရာ ဂရုစိုက်မှုများအရသော်၎င်း၊ သတင်း မီဒီယာစသည်တို့ဖြင့် အကာအကွယ်ပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ လူ့ကျင့်ဝတ်စည်းကမ်းများအား အကောင်အထည်ဖော်ခြင်း၊ လူမှုရေးဆိုင်ရာ ပဋိပက္ခမှ ကာကွယ်ရန် နည်းလမ်းများ တိုးမြှင့်ခြင်းနှင့် နိုင်ငံတကာဥပဒေအရ အခွင့်အရေး ချိုးဖောက်ခြင်း သို့မဟုတ် ချိုးဖောက်ရန် ခွင့်ပြုထားသည့်ဥပဒေများအား ပြန်လည်ပြုပြင်ပြောင်းလဲခြင်းတို့ ပါဝင်သည်။

ထပ်မံ၍ မြန်မာအစိုးရအနေဖြင့် ၄င်းတို့၏တရားဝင် ချိုးဖောက်ခဲ့သော ကျောင်းသားများ၏ အခွင့်အရေးနှင့် နာကျင်ခံစားခဲ့ရမှုအတွက် ပြည့်ဝသောကုစားမှုပံ့ပိုးပေးခြင်း၊ ကျောင်းသားများ ထောင်တွင်းရှိနေစဉ် လူမဆန်စွာ ဆက်ဆံခဲ့ခြင်းများအပေါ် တာဝန်ခံ၊ တာဝန်ယူမှုရှိသင့်သည်။

ထိုကဲ့သို့သော အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရန်အတွက် မြန်မာ့လွှတ်တော်မှ ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေအား ပြင်ဆင်ရာတွင် ငြိမ်းချမ်းစွာစုဝေးခွင့်အား တင်းကျပ်ထားသော ပြဋ္ဌာန်းချက်များနှင့် ၄င်းအခွင့်အရေးအသုံးချခြင်းကြောင့် ခံရသောပြစ်မှုပြစ်ဒဏ်များကို ဥပဒေမှ ထုတ်ပယ်ခြင်းတို့ပြုလုပ်သင့်သည်။ အစိုးရအနေဖြင့် ညှင်းပန်းနှိပ်စက်မှု ဆန့်ကျင်တိုက်ဖျက်ရေး သဘောတူစာချုပ်ကို အတည်ပြုသင့်သည့်အပြင် မြန်မာနိုင်ငံရှိ အကျဉ်းသားများအပေါ် ညှင်းပန်းနှိပ်စက်မှုများအား အဆုံးသတ်ရန် မူဝါဒများနှင့် နည်းဥပဒေများကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊ ညှင်းပန်းနှိပ်စက်မှုအား ကျူးလွန်သူများမှ ၄င်းတို့၏အပြုအမူများအတွက် တာဝန်ခံ တာဝန်ယူ ခြင်းများ ပြုလုပ်ရမည် ဖြစ်သည်။



ကျောင်းသားများ၏ သန့်စင်ခန်းတခုဖြစ်သည်။ ရတနာပုံတက္ကသိုလ်ရှိ သန့်စင်ခန်းများသည် သန့်ရှင်းမှုမရှိသောကြောင့် ကျောင်းသားများဆန္ဒပြကြသည်။ ©ခွန်လတ်၊ ဇန္နဝါရီလ ၂၀၂၀



# သုတေသနနည်းစနစ်

ဤ အစီရင်ခံစာကို အသံနှင့် ဖော်တီဖိုင်းရိုက် Fortify Rights တို့ ပူးပေါင်း၍ သုတေသနပြုလုပ်ခဲ့သည်။ သုတေသနအဖွဲ့တွင် အသံမှ သုတေသီ ၂ ဦးနှင့် ဖော်တီဖိုင်းရိုက်မှ ဥပဒေကျွမ်းကျင်သူတစ်ဦး ပါဝင်သည်။

သုတေသနအဖွဲ့သည် ကျောင်းသား ၇ ဦး၊ ဆန္ဒထုတ်ဖော်မှုများအား တွေ့မြင်ခဲ့သည့် မျက်မြင်သက်သေများ၊ တက္ကသိုလ်အရာရှိများ၊ ပါမောက္ခများအပါအဝင် စီမံခန့်ခွဲရေး ဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ABFSU)၏ ရတနာပုံတက္ကသိုလ် အဖွဲ့ဝင်များနှင့် အခြားသူများဖြင့် တွေ့ဆုံမေးမြန်းခြင်း ၂၈ ခု ပြုလုပ်ခဲ့သည်။ ထောင်တွင်းရှိ အကျဉ်းကျခံနေရသော ကျောင်းသားများကို မေးမြန်းရာတွင် ထောင်စောင့်များ၊ အခြားအကျဉ်းသားများနှင့် ကင်းကွာသော လုံခြုံသည့်နေရာတွင် တွေ့ဆုံမေးမြန်းရန်အတွက် သုတေသနအဖွဲ့အား အိုးဘိုထောင် အရာရှိများမှ အခွင့်ပေးခဲ့သည်။

သုတေသနအဖွဲ့သည် အင်တာဗျူးအားလုံးနီးပါးကို မြန်မာဘာသာဖြင့်သာ ပြုလုပ်ခဲ့ပြီး အင်္ဂလိပ်စကားပြန်၊ အသံမှပြန်လည်ကူးယူခြင်း နှင့်/သို့မဟုတ် ဘာသာပြန်ခြင်းများ ပြုလုပ်ခဲ့သည်။ အချို့အင်တာဗျူးများကို အင်္ဂလိပ်ဘာသာဖြင့်သာ ပြုလုပ်ခဲ့သည်။ အင်တာဗျူးတွင် ပါဝင်သူတစ်ဦး တစ်ယောက်ကိုမျှ ပါဝင်ခအဖြစ် ပေးခြင်းမရှိပါ။ ပါဝင်သူအားလုံးကို အင်တာဗျူးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ မိမိအလိုအရပါဝင်ခြင်း သဘောသဘာဝ နှင့် အချက်အလက်များကို မည်သို့အသုံးပြုမည်ကို အသိပေး ခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သူအားလုံးကို မိမိတို့သဘောတူညီမှု ရှိမရှိ အင်တာဗျူး မပြုလုပ်မီ ကြိုတင်အသိပေး သဘောတူညီမှု ရယူခဲ့ပါသည်။ ပါဝင်သူ ၄ ယောက်မှာ နောက်ခံ သမိုင်းအကြောင်းအရာကိုသာ အင်တာဗျူးပြုလုပ်ရန် ပန်ကြားခဲ့သည်။ အချို့သော အင်တာဗျူးခံသူတချို့တို့၏ အမည်ကို ၎င်းတို့တောင်းဆိုချက်ကြောင့် မထည့်သွင်းခဲ့ပါ။

သုတေသနအဖွဲ့မှလည်း အမရပူရမြို့နယ် တရားရုံး၏ တရားစီရင်မှုအဆင့်များကို ကြားနာလေ့လာခွင့် ရခဲ့ပြီး တရားရုံးမှ ၁၄ မျက်နှာရှိ စာရွက်စာတမ်းများကို ဖတ်ရှုခွင့် ရခဲ့သည်။ ဖော်တီဖိုင်းရိုက် Fortify Rights တွင် မူရင်းနှင့် ဘာသာပြန်ထားသော ၎င်းစာရွက်စာတမ်းများသည် ရှိပါသည်။

ဤအစီရင်ခံစာတွင် ကိုးကားဖော်ပြထားသော ဟိုက်ပါလင့်များ hyperlinks အားလုံး သည် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ တိုင်အောင် ဝင်ရောက်ကြည့်ရှုနိုင် ပါသည်။

# နောက်ခံသမိုင်းကြောင်း

၁၉၆၂ ခုနှစ်မတ်လတွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တပ်မတော် သို့မဟုတ် မြန်မာစစ်တပ်သည် ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက် တင်မြှောက်ခဲ့သော အရပ်သားအစိုးရကို အာဏာသိမ်းမှုတစ်ခုဖြင့် ဖြုတ်ချခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ စစ်တပ်၏အုပ်ချုပ်မှုအောက်ရှိ အစိုးရသည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများကို အကြီးအကျယ်ကန့်သတ်ထားရှိခဲ့သည်။[1] ဇူလိုင်လ ၇ ရက် (7th July) နေ့တွင် စစ်အစိုးရအား ဆန့်ကျင်သည့် ဆန္ဒပြပွဲတစ်ခုကို ကျောင်းသားများက စည်းရုံးလှုပ်ဆောင်ခဲ့သည်။ ၎င်းဆန္ဒပြပွဲကို ပြန်လည်တုံ့ပြန်သည့် အနေဖြင့် စစ်တပ်သည် ဆန္ဒပြကျောင်းသားတော်တော်များများကို သတ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အဦးကို ဗုံးခွဲခဲ့ပြီး ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။[2] ဤဖိနှိပ်မှု ခေတ်ကာလအတွင်း တပ်မတော်ဦးဆောင်သည့် အစိုးရသည် အစိုးရဆန့်ကျင်မှုကို ထုတ်ဖော်ပြောဆိုခဲ့သည့် ဆန္ဒပြမှုများနှင့် စုရုံးမှုများကို ရက်စက်စွာဖြိုခွဲခဲ့ပြီး နိုင်ငံရေးလှုပ်ရှားသူများကို ထောင်ချခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်းများပြုလုပ်ခဲ့သည်။[3]

အဆိုပါအဖြစ်အပျက်ပြီး နှစ်ပေါင်းများစွာ စီးပွားရေးခန့်ခွဲမှုညံ့ဖျင်းခြင်း၊ တစ်ပါတီစနစ်ကျင့်သုံးခြင်းနှင့် ရက်စက်စွာ ဖိနှိပ်မှုများကြောင့် စစ်တပ်အပေါ် မကြေနပ်မှုများကြီးထွားလာပြီး ကျောင်းသားများဦးဆောင်သော ဆန္ဒပြမှုများက နိုင်ငံ၏ခေတ်သစ်သမိုင်းတွင် အကြီးမားဆုံးသော ၁၉၈၈ ခုနှစ် တစ်နိုင်ငံလုံးဆန္ဒပြပွဲများဆီသို့ဦးတည်စေခဲ့သည်။[4] နိုင်ငံတဝှမ်းဆန္ဒပြမှုများသည် ၁၉၈၈ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့တွင် အထွတ်အထိပ်သို့ရောက်ခဲ့ပြီး “၈၈၈၈ အရေးအခင်း”ဟု နံမည်ကြီးခဲ့သော ဆန္ဒပြမှုကြီးဖြစ်လာခဲ့သည်။[5] ၎င်းဆန္ဒပြမှုသည် ရန်ကုန်မြို့တွင်ပင် ပါဝင်သူပေါင်း ၅ သိန်းဦးရည်ထက်ပိုခဲ့ပြီး နိုင်ငံတစ်ဝှမ်းတွင် ချီတက်မှုများဖြင့် ဒီမိုကရေစီကို တောင်းဆိုခဲ့ကြသည်။[6] အလွန်ပြင်းထန်သော အင်အားဖြင့် စစ်တပ်မှတုံ့ပြန်ခဲ့ပြီး ဆန္ဒပြသူ ၃ ထောင် ကျော်ကိုသတ်ခဲ့သည့်အပြင် ရက်သတ္တပတ် ၆ ပတ်အတွင်း လူထောင်ပေါင်းများစွာကို ဖမ်းဆီးခဲ့သည်။[7]

1 ယခင်က Burma ဟုသိခဲ့ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ Myanmar သည် ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအောက်မှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည်။ ဥပမာ-(လွတ်လပ်ရေးလှုပ်ရှားမှု သမိုင်းကို အကျဉ်းချုပ်ဖော်ပြထားသော) Christina Fink ၏ Living Silence in Burma: Surviving under Military Rule (London: Zed Books, Second Edition, August 15, 2009) ကိုကြည့်ပါ။

2 အစိုးရမှ ကျောင်းသား ၁၆ ဦးသေဆုံးခဲ့သည်ဟု ခန့်မှန်းခဲ့သော်လည်း အခြားသတင်းအရင်းအမြစ်များမှ ၁၀၀ ဦးထက်ကျော်လွန်သည်ဟု ဖော်ပြထားသည်။ David Steinberg ၏ Burma’s Road Toward Development: Growth and Ideology Under Military Rule (Boulder: Westview Press, 1981), စာမျက်နှာ. 111၊ Thar Nyunt Oo and Ingjin Naing သားညွန့်ဦးနှင့် အင်ကြင်းနိုင်တို့၏ “A Brief History of Students’ Movement in Burma/Myanmar, ကျောင်းသားများလှုပ်ရှားမှုသမိုင်း အကျဉ်းချုပ်” Maukkha, နိုင်ဝင်ဘာလ ၅ ရက် ၂၀၁၂ ခုနှစ်, http://www.eng.maukkha.org/index.php/unions/universities-teachers-unions/456-abrief-history-of-students-movement-in-burma-myanmar.

3 Fink ၏ Living Silence in Burma, စာမျက်နှာ. 51–54.

4 Philippa Fogarty ၏ “Was Burma’s 1988 Uprising Worth It?,” BBC သတင်း၊ ဩဂုတ်လ ၆ ရက် ၂၀၀၈ ခုနှစ်, http://news.bbc.co.uk/2/hi/asia-pacific/7543347.stm.

5 Fink ၏ Living Silence in Burma, စာမျက်နှာ. 50.

6 Fogarty ၏ “Was Burma’s 1988 Uprising Worth It?,” BBC သတင်း၊ Fink ၏ Living Silence in Burma, စာမျက်နှာ. 46-60 (၈၈၈၈ “အရေးအခင်း” မတိုင်ခင်နှင့် နောက်ပိုင်း အကြောင်းအရာများအား ခြုံငုံသုံးသပ်ချက်)

7 Fink ၏ Living Silence in Burma, စာမျက်နှာ. 52။ Christina Fink မှ” ဤဦးရေကို အများစုကကိုးကားထားသော်လည်း မှန်ကန်မှုရှိမရှိ မည်သူမှမစစ်ဆေးခဲ့ပါ“ ဟူ၍ မှတ်ချက်ရေးသားထားသည်။ ဥပမာ Fogarty ၏ “Was Burma’s 1988 Uprising Worth It?,” BBC သတင်းကို ကြည့်ပါ။

နောက်ခံသမိုင်းကြောင်း

၂၀၀၇ ခုနှစ် မိုးရာသီအကုန်တွင် ဗုဒ္ဓဘာသာသံဃာတော်လှုပ်ရှားမှုများမှ စတင်ခဲ့ပြီး နောက်ဆုံးတွင် ဆက်တိုက် ဆန္ဒပြမှုများကိုလဲ စစ်တပ်မှ ဖြိုခွဲခဲ့သည်။ ဗုဒ္ဓဘာသာအများစုနေထိုင်သော နိုင်ငံတွင် သံဃာတော်များ၏ ရပ်တည်မှုကို သိသိသာသာထင်ရှားစေခဲ့သည်။[8] သံဃာတော်များ၏ သင်္ကန်းတော်ကြောင့် ရွှေဝါရောင်တော်လှန်ရေးဟု လူသိများသော ဆန္ဒပြမှုများသည် လောင်စာဆီဈေးနှုန်းများ တဟုန်ထိုး မြင့်တက်လာသည်နှင့်အမျှ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန်နှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအတွက် ဒီမိုကရေစီလှုပ်ရှားမှုနှင့် တွေ့ဆုံဆွေးနွေးရန် စစ်တပ်ကို တောင်းဆိုခြင်းမှ အစပြုခဲ့သည်။[9] ဆန္ဒပြမှုများ ၄၅ ရက်ကြာ ဆက်လက် ဖြစ်ပွားခဲ့သည်။ ထိုအချိန်တွင်းစစ်တပ်မှ လူများစွာကို သတ်ခဲ့ပြီး ထောင်နှင့်ချီသောလူများကို ဖမ်းဆီးခဲ့သည်။[10]

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၇ ရက်နေ့တွင် ရွှေဝါရောင်တော်လှန်ရေး ဖြိုခွဲပြီး တစ်လအကြာတွင် တိုင်းပြည်အတွက် အခြေခံဥပဒေကြမ်း အသစ်တစ်ခု ရေးဆွဲရန် စစ်တပ်များသာပါဝင်သော အဖွဲ့ဝင် ၄၅ ဦးပါ ကော်မရှင်ကို အာဏာရ စစ်အစိုးရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) မှ ကြေညာခဲ့သည်။[11] အခြေခံဥပဒေရေးဆွဲရေး အစီအစဉ်သည် ၄ လ ကြာခဲ့သော်လည်း မြန်မာပြည်သူလူထုနှင့် အဓိပါယ်ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများ မပြုလုပ်ခဲ့သည့်အပြင်၊ ပြင်ပနည်းပညာ အထောက်အပံ့များကို အကန့်အသတ်ဖြင့် ရယူ ခဲ့သည်။[12] ဧရာဝတီတိုင်းဒေသကြီးအား ဖျက်စီးကာ လူပေါင်း ၈ သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သော ဆိုက်ကလုံးနာဂစ်မုန်တိုင်း ဝင်ရောက်ပြီး ၃ ရက်အကြာ နိုင်ငံတကာဥပဒေနှင့် အခြေခံဒီမိုကရေစီ စံနှုန်းများနှင့် မကိုက်ညီဟု ပြင်းထန်စွာဝေဖန်ခြင်းခံခဲ့ရသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို (နအဖ) မှ ၂၀၀၈ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့သည်။[13] ဆန္ဒခံယူပွဲတွင် တိုင်းပြည်၏ ၉၈ ရာခိုင်နှုန်းမဲပေးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသည် မဲပေးသူများထံမှ ၉၂ ရာခိုင်နှုန်း အတည်ပြုချက် ရရှိခဲ့ကြောင်းကို အစိုးရမှ နောက်ပိုင်းတွင် ကြေညာခဲ့သည်။[14]

စစ်တပ်မှရေးဆွဲခဲ့သော အခြေခံဥပဒေအောက်တွင် နိုင်ငံသားတိုင်းသည် ငြိမ်းချမ်းစွာစုဝေးခွင့် ရှိသည်ဟု ဖေါ်ပြထား သည်။[15] အခြေခံဥပဒေ အပိုဒ် ၃၅၄ တွင် ၄င်းကိုအာမခံထားသည်၊

> နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ (က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ (ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်" ရှိသည်။[16]

---

8 လူ့အခွင့်အရေးဆိုင်ရာ စာရွက်စာတမ်းများ ယူနစ်၏ Bullets in the Alms Bowl: An Analysis of the Brutal SPDC Suppression of the September 2007 Saffron Revolution, March 2008, စာမျက်နှာ. 9, 37, https://burmacampaign.org.uk/media/BulletsInTheAlmsBowl.pdf နှင့် Fink ၏ Living Silence in Burma, စာမျက်နှာ. 101-106.

9 Id. at pp. 37–48 နှင့် Fink ၏ Living Silence in Burma, စာမျက်နှာ. 101.

10 အသတ်ခံရသော လူဦးရေ အရည်အတွက်သည် မရှင်းလင်းပါ။ UN ကိန်းဂဏန်းမှ ၃၁ ဦးဖေါ်ပြထားပြီး လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့များကို ၁၀၀ ကျော်သည်ဟု ဆိုခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ စာရွက်စာတမ်းများ ယူနစ်၏ Bullets in the Alms Bowl ၏ စာမျက်နှာ ၁၇၃ တွင် (စစ်အစိုးရက ဖေါ်ပြသောတရားဝင် ကိန်းဂဏန်းများသည် အကောင်းဆုံး မိမိကိုယ်ကိုကာကွယ်နည်းနှင့် အဆိုးရွားဆုံး လုပ်ကြံဖန်တီးမှုများဖြစ်သည်…သေဆုံးသူဦးရေသည် နအဖ မှ အကြံပြုထားသည့် အရေအတွက်ထက် များစွာပိုများကြောင်း သံသယဖြစ်စရာ အနည်းငယ်သာရှိသည်") ငြင်းခုန်ထားသည်။ "Saffron Revolution in Burma," Burma Campaign UK, https://burmacampaign.org.uk/about-burma/2007-uprising-in-burma/ (ကဖေါ်ပြထားရာတွင် စစ်အစိုးရ၏ ကိန်းဂဏန်းများက သေဆုံးသူဦးရေ ၁၀ ဖြစ်သည်။ သို့သော် ဖြိုခွဲစဉ်တွင် အသတ်ခံရသူဦးရေသည် ၂၀၀ ထိရှိသည်ဟု ယုံကြည်ကြောင်း) ဖေါ်ပြထားသည်။

11 လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့ Human Rights Watch, Chronology of Burma's Constitutional Process, April 11, 2008, ၏ စာမျက်နှာ 15, https://www.hrw.org/sites/ default/files/reports/burma0508chronology.pdf.

12 Id. at p. 16.

13 ပြည်သူ့ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ပေါ်လစီအဖွဲ့၏ Burmese Constitutional Referendum: Neither Free Nor Fair, May 11, 2008, စာမျက်နှာ 2, http://www.burmalibrary.org/docs5/PILPG_Report_Burmese_Constitutional_Referendum_Neither_Free_ Nor_Fair-11_May_2008.pdf; Gregory Gottlieb, "10 Years After, Cyclone Nargis Still Holds Lessons for Myanmar," The Conversation, May 2, 2018, https://theconversation.com/10-years-after-cyclone-nargis-still-holds-lessons-formyanmar-95039.

14 အောင်လှထွန်း၏ "Myanmar's Charter Sails Through Referendum," Reuters, May 26, 2008, https://www.reuters.com/ article/us-myanmar-referendum/myanmars-charter-sails-through-referendum-idUSSP33290120080526.

15 ၂၀၁၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အခြေခံဥပဒေ အပိုဒ် ၃၅၄(က)၊ (ခ)

16 Ibid. ယခင်ဖေါ်ပြထားသည့်အတိုင်း

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်နေ့တွင် အမျိုးသားအဆင့်လွှတ်တော် နှစ်ရပ်ဖြစ်*သော* *ပြည်ထောင်စုလွှတ်တော်* သည် " နိုင်ငံသားများ မိမိတို့ (အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးဖြစ်သည့်) အခွင့်အရေးကို တရားဝင်ကျင့်သုံးနိုင်ရန် ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေ ကိုအတည်ပြုခဲ့သည်။[17] ပြည်ထဲရေးဝန်ကြီးဌာနမှ လက်ခံသည့်အခါ ကျင့်သုံးရန်အဆင့်သင့်ဖြစ်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ရက်နေ့တွင် မြန်မာအစိုးရမှ "ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာအမိန့်"ကို အတည်ပြုခဲ့သည်။[18] ဥပဒေအတည်ပြုပြီး တစ်ပါတ်တွင် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ လယ်သမား ၂၀၀ ခန့်က အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုကို ဆန္ဒပြခဲ့သဖြင့် ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းချိန်မှ စ၍ မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် တရားဝင် ဆန္ဒပြမှု ဖြစ်ခဲ့သည်။[19]

ဥပဒေမှ ငြိမ်းချမ်းစွာစုဝေးခွင့်ကို ခွင့်ပြုထားသော်လည်း လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများနှင့် မကိုက်ညီသော လုပ်ထုံးလုပ်နည်းဆိုင်ရာ အတားအဆီးများနှင့် ကန့်သတ်ချက်များကိုလည်း ချမှတ်ခဲ့သည်။ ငြိမ်းချမ်းစွာ စုဝေးခွင့်ဥပဒေအရ စုဝေးပွဲစီစဉ်သူများမှ စုဝေးပွဲ တစ်ခု ပြုလုပ်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များထံ အနည်းဆုံး ၅ ရက်ကြိုတင် ခွင့်ပြုချက် တောင်းရန်လိုအပ်သည်။ ခွင့်ပြုချက်ရရန် လျှောက်လွှာတင်ရာတွင် လျှောက်ထားသူနှင့် အဆိုပြုထားသော ဟောပြောမည့်သူများ၏ အတ္ထုပ္ပတ္တိများ၊ မျော်မှန်းထားသော တက်ရောက်မည့်သူအရေအတွက်၊ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် နေရာ၊ အသုံးပြုမည့် သီချင်းနှင့် ကြွေးကြော်သံများ၏ စာသားများ ပါဝင်ရမည်။[20] အထက်ပါဖော်ပြချက်များကို မလိုက်နာသော ဆန္ဒပြသူများသည် အများဆုံးထောင်ဒဏ် တစ်နှစ်၊ အများဆုံးဒဏ်ငွေ ကျပ် ၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၉.၅၀) သို့မဟုတ် နှစ်ခုစလုံးအတွက် ကျနိုင်သည်။[21] ဥပဒေသည် မိမိဆန္ဒအလိုက် စုဝေးမှုများအတွက် ခြွင်းချက်မပေးဘဲ ၎င်းပြဋ္ဌာန်းချက်များအား ကျူးလွန်ပါက ထောင်ဒဏ် ၆ လအထိ

ပြစ်ဒဏ်ချမှတ်ခဲ့သည်။[22]

မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူ့အခွင့်အရေးအဖွဲ့များနှင့် တက်ကြွလှုပ်ရှားသူများ၏ စည်းရုံးလှုပ်ဆောင်မှုများနှင့် ဝေဖန်မှုများအပြီး ၂၀၁၄ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သည် အပြုသဘောဆောင်သော အပြောင်းအလဲများ ပါဝင်သည့် ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေကို ပြင်ဆင်ခဲ့သည်။[23] ဥပမာအားဖြင့် ပြင်ဆင်ထားသော ဥပဒေတွင် စုဝေးခြင်း တစ်ခုကို ငြင်းပယ်ပိုင်ခွင့်ရှိသည့် ရဲ၏အာဏာကို ပယ်ဖျက်ခဲ့သည်။[24] ထို့အပြင် ၎င်းဥပဒေတွင် အက်ဥပဒေအောက်ရှိ ကျူးလွန်ချိုးဖေါက်မှုများအတွက် အများဆုံးထောင်ဒဏ်၏ တစ်ဝက်ကို လျော့ချခဲ့သည်။[25] နောက်ဆုံးတွင် ခေါင်းဆောင်နှင့် ဟောပြောမည့်သူများ၏ အတ္ထုပ္ပတ္တိများကို လျှောက်တင်ရန်ကို ဖယ်ရှားခဲ့ပြီး သူတို့၏ အမည်နှင့် နေရပ်လိပ်စာကို သာတင်သွင်းရန် လိုအပ်သည်။[26]

17 ငြိမ်းချမ်းစွာ စုရုံးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဥပဒေ၊ အဖွင့်နိဒါန်း

18 အပိုဒ် ၁၉၊ မြန်မာ - ငြိမ်းချမ်းစွာစုရုံးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ အမိန့်၊ စက်တင်ဘာလ ၂၀၊ ၂၀၁၂ ခုနှစ်၊ စာမျက်နှာ ၂၊ http://www.burmapartnership.org/wp-content/uploads/2013/11/Article-19-Analysis-on-Peaceful-DemonstrationLaw.pdf.

19 အေးနိုင်၊ Eurasia Review ဇူလိုင်လ ၁၆ ရက် ၂၀၁၂ ခုနှစ်၏ "တောင်သူလယ်သမားများ ပထမဆုံးတရားဝင် ဆန္ဒပြပွဲ ရန်ကုန်တွင်ပြုလုပ်" https://www.eurasiareview. com/16072012-farmers-hold-first-official-protest-in-rangoon/

20 ငြိမ်းချမ်းစွာစုရုံးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည်လည်ခြင်းဆိုင်ရာ ဥပဒေ၊ ပုဒ်မ ၃၊ ၄

21 Id. at Ch. 7, Sec. 18.

22 Id. at Sec. 19. အပိုဒ် ၁၉၊ ဥရောပရှိ လုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့/ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးရုံး၊ ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ လမ်းညွှန်ချက်များ၊ ၂၀၂၀၊ အပိုဒ် ၉၇-၉၈ https://www.osce.org/odihr/73405?download=true. အမှန်စင်စစ် U.N. ၏အထူးကိုယ်စားလှယ်များ မှတ်ချက်အရ "မိမိသဘောအရ စုဝေးမှုများသည် အသိပေးရန်အတွက်လိုအပ်ချက်များမှ ကင်းလွတ်သင့်သည်။ ဥပဒေစိုးမိုးရေးအာဏာပိုင်များသည် အလိုအလျောက် စုဝေးမှုများကို အခြားစည်းဝေးပွဲများ နည်းတူ အကာအကွယ် ပေးသည့်သည်။" လူ့အခွင့်အရေးကောင်စီ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် အသင်းအဖွဲ့များဆိုင်ရာ အထူးကိုယ်စားလှယ်၏ ပူးတွဲအစီရင်ခံစာနှင့် အဖွဲ့များကိုစနစ်တကျစီမံခန့်ခွဲမှုဆိုင်ရာ တရားရုံး၊ တရားရုံးချုပ်၏ အကျဉ်းချုပ်ဖေါ်ပြချက်။ U.N. စာတမ်း U.N. Doc. A/HRC/31/66၊ ဖေဖေါ်ဝါရီလ ၄ ရက်၊ ၂၀၁၆ ခုနှစ်၊ စာပိုဒ် ၂၃။

23 အပိုဒ် ၁၉၊ မြန်မာ - ငြိမ်းချမ်းစွာစုရုံးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ အမိန့်၊ ဩဂုတ်လ ၂၀၁၄ ခုနှစ်၊ https://www. article19.org/wp-content/uploads/2018/02/14-08-01-LA-myanmar-assembly.pdf. "Henzada Protesters Say No More to Article 18," နှင့် မြန်မာဒီမိုကရေစီအသံ Democratic Voice of Buma ၏ http://english.dvb.no/dvb-video/henzada-saysno-to-article-18-burma-myanmar/37163. ဖေဖေါ်ဝါရီလ ၁၂ ရက် ၂၀၁၄ ခု၏ ကိုလည်းကြည့်ပါ။

24 သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် အစည်းအဝေးကျင်းပရန် ခွင့်ပြုချက်ကို ငြင်းဆိုခြင်း သို့မဟုတ် ထိုဆုံးဖြတ်ချက်အား အယူခံခြင်း ကဲ့သို့ဆက်စပ်သော ပြဋ္ဌာန်းချက်များကိုလည်း ဖယ်ရှားခဲ့သည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၄ ခုနှစ်၊ အပိုဒ် ၄၊ အပိုင်း ၆၊ ၇(ခ)၊ နှင့် ၉။

25 Id. at secs. 6–8.

26 Id. at Sec. 3.

မည်သို့ပင်ဖြစ်စေကာမူ ပြင်ဆင်ထားသော ဥပဒေတွင် "စုဝေးမည့်ခေါင်းစဉ်နှင့် ကြွေးကြော်သံများအတွက် ခွင့်ပြုချက်ရယူရန် ဆက်လက်လိုအပ်သည်။"[27] ပြင်ဆင်ထားသည့် ဥပဒေသည်လည်း "တိုင်းပြည် သို့မဟုတ် ပြည်ထောင်စု၊ လူမျိုး၊ ဘာသာရေး၊ လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားဆိုင်ရာမှုများကို အကျိုးသက်ရောက်စေနိုင်သည့်" ကဲ့သို့သော "ကောလဟာလများနှင့် မမှန်ကန်သော အချက်အလက်များ" သတင်းစကားဖြန့်ဝေခြင်း သို့မဟုတ် "ခွင့်ပြုထားသော ကြွေးကြော်သံများ" ထက်ပိုသော အော်ဟစ်သံများပြုလုပ်ခြင်း စသော အထူးစာရင်းကောက်ယူထားသော တားမြစ်ချက် ၁၀ ချက်အနက်မှ တစ်ခုကိုချိုးဖောက်ပါက စုဝေးပွဲကို ဖြိုခွဲရန် အာဏာပိုင်းများအား လုပ်ပိုင်ခွင့်ပေးထားသည်။[28] နောက်ဆုံးတွင် ပြင်ဆင်ခဲ့သော ဥပဒေသည်လည်း လူ့အခွင့်အရေးဥပဒေ အောက်တွင် ကာကွယ်ထားသော စီမံခန့်ခွဲမှုဆိုင်ရာ ချိုးဖေါက်မှုများနှင့် လှုပ်ရှားမှုများအတွက် ထောက်ဒဏ်အပြစ်ပေးခြင်းများ အပါအဝင် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်များကို ဆက်လက်ထားရှိခဲ့သည်။[29]

မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၏ ဒီမိုကရေစီလိုလားသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီ၏ သမိုင်းဝင်အောင်ပွဲ အပြီးတွင် NLD မှ လွှမ်းမိုးသောလွှတ်တော်သည် ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခြင်းဥပဒေကို ၂၀၁၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ဖျက်သိမ်း အစားထိုးခဲ့သည်။[30] ၂၀၁၆ ခုနှစ် ဥပဒေသည် ၂၀၁၁ ခုနှစ်ဥပဒေ၏ အလုံးစုံပုံစံဗိသုကာကို ထိန်းသိမ်းထားသော်လည်း ဥပဒေသစ်တွင် သိသာသော တိုးတက်မှု ၂ခု ရှိခဲ့သည်။ ပထမတစ်ခုမှာ ဥပဒေအရ အာဏာပိုင်များ၏ ခွင့်ပြုချက်ရယူခြင်းကို ခွင့်ပြုချက်တောင်းခံခြင်းအား ပယ်ဖျက်ခဲ့ပြီး၊ စုဝေးမှုပြုလုပ်ရန် ဆန္ဒရှိသူများအား "အသိပေးစာ"ကို ၄၈ နာရီကြိုတင်၍ တင်ပြရမည့် စနစ်တစ်ခုဖြင့် အစားထိုးခဲ့သည်။[31] ဒုတိယ အချက်မှာ ဥပဒေအရ အာဏာပိုင်များမှ ချိုးဖေါက်သူများကို စွပ်စွဲခံရသည့် ပြစ်မှုကျူးလွန်ပြီး ၁၅ ရက် အတွင်းနှင့် ပြစ်မှုကျူးလွန်သည့် မြို့နယ်တရားရုံးတွင် တရားစွဲရန်ဖြစ်သည်။[32]

27 Id. at Sec. 4(e).

28 ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ၊ အပိုဒ် ၅၊ အပိုင်း ၁၂(င)၊ နှင့် (ဈ)

29 ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၄ ခုနှစ်၊ အပိုင်း ၆ - ၈။

30 ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ နှင့်ပါတ်သက်သော ဥပဒေ (ဤအစီရင်ခံစာတွင် ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေ)

31 Id. at Ch. II, Sec. 4.

32 Id. at Ch. VIII, secs. 23–24.

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေ (၂၀၁၆) ပြဌာန်းချက်များရွေးချယ်ခြင်း

* * *

## အခန်း ၃၊ အသိပေးတင်ပြခြင်း

* * *

၄. ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် မိမိသဘောထားဆန္ဒကို ဖော်ပြရန် အလို့ငှာ အောက်ပါ အချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ ဆောင်ရွက်မည့်နေ့ မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ စာဖြင့်ပေးပို့ တင်ပြရမည် ။ စီတန်းလှည့်လည်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီ ကြိုတင်၍ အသိပေးတင်ပြချက် မိတ္တူကိုပေးပို့ရမည် -

- က. ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊နေ့ရက်၊ အချိန်အပိုင်းအခြား၊ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အဓိကအကြောင်းအရာနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံ များ။
- ခ. ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ ဖြတ်သန်းလိုသည့် မြို့နယ်များ၊ အချိန်အပိုင်းအခြားနှင့်ကြွေးကြော်လိုသည့် ကြွေးကြော်သံ များ။

ဂ. ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့အတွက် အသိပေးတင်ပြသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့်ဟောပြောမည့် ပုဂ္ဂိုလ်တို့၏ အမည်နှင့်ဆက်သွယ်ရမည့် လိပ်စာ အပြည့်အစုံ။

ဃ. ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုလုပ်မည့် အစီအစဉ် နှင့်ခန့်မှန်း လူဦးရေ။

င. ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း နှင့်စပ်လျဉ်း၍ အဖွဲ့အစည်း တစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက် မှတ်တမ်း သို့မဟုတ် အထောက်အထား။

စ. ဤဥပဒေပါစည်းကမ်းချက်များနှင့်တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာ လိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်း သဘောတူ ညီချက်။

ဤပုဒ်မများအားချိုးဖေါက်ပါက အများဆုံး ထောင်ဒဏ် တစ်လအထိ နှင့်/သို့မဟုတ် ဒဏ်ငွေမြန်မာကျပ်ငွေ ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၆.၆၂) အထိ မှ ထောင်ဒဏ် တစ်နှင့် နှင့်/သို့မဟုတ် ဒဏ်ငွေ မြန်မာကျပ်ငွေ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၆.၂၂) အထိချမှတ် နိုင်သည်။[33]

33 ဥပမာအားဖြင့် - ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေ ပုဒ်မ ၂၀ တွင် ပုဒ်မ ၈။ ၉ နှင့် ၁၀ ပါပြဋ္ဌာန်းချက်များကို ချိုးဖေါက်ခြင်းအတွက် ထောင်ဒဏ် ၁ လနှင့် ဒဏ်ငွေ မြန်မာကျပ်ငွေ ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၆.၆၂) အထိ အများဆုံးပြစ်ဒဏ်ချမှတ်နိုင်သည်။ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ကို ချိုးဖေါက်သည်ဟု ထပ်မံ၍ ဒုတိယပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျင် တစ်နှစ်အထိ ထောင်ဒဏ်နှင့်/သို့မဟုတ် ဒဏ်ငွေ မြန်မာကျပ်ငွေ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၆.၂၀) အထိ အများဆုံးပြစ်ဒဏ်ချမှတ်နိုင်သည်။ ငြိမ်းချမ်းစွာ စုဝေးခွင့်ဥပဒေ ပုဒ်မ ၇ ကိုကြည့်ပါ။

ဥပဒေဟောင်းကို တိုးတက်အောင်ပြုလုပ်နေစဉ်၊ ၂၀၁၆ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခြင်း ဥပဒေသည် ၂၀၁၄ ခုနှစ် ဥပဒေနှင့်များစွာ တူညီမှုရှိ နေပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ စံနှုန်းများနှင့် ကိုက်ညီရန် ပျက်ကွက်ခဲ့ပြီး မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖေါ် ပြောဆိုခွင့် နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့ကို တားဆီးရန် ဆက်လက်အသုံးပြုနေဆဲ ဖြစ်သည်။ ဥပမာ-"အသိပေးစာ"တွင်အသုံးပြုမည့်ခေါင်းစဉ်နှင့်ကြွေးကြော်သံများအပါအဝင်စည်းရုံးခေါင်းဆောင်များ၏ အသေးစိတ်အချက်အလက်နှင့် အကြောင်းအရာများကို တင်ပြရန် လိုသည်။[34] လက်တွေ့တွင် အာဏာပိုင်များသည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများတို့၏ စည်းဝေးပွဲများကို ငြင်းပယ်ရန်အတွက် ဤအသိပေးစနစ်ကို မကြာခဏအသုံးပြုကြသည်။[35] စည်းဝေးပွဲကို ကြိုတင်အကြောင်းကြားရန် ပျက်ကွက်မှုသည်လည်း ၃ လအထိ ထောင်ဒဏ်နှင့်/ သို့မဟုတ် မြန်မာကျပ်ငွေ ၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၉.၅၀) အထိ ဒဏ်ခတ်ခြင်းများ ဆက်လက်ရှိနေသည်။[36]

၂၀၁၆ ခုနှစ်ဥပဒေသည် အလွန်ကျယ်ပြန့်သော ပြစ်ဒဏ် ကြိုတင်သတ်မှတ်ချက်များ ကိုလည်းဖေါ်ပြထားသည်။ ဥပမာ - ဆန္ဒပြသူများသည် "ကောလဟာလသတင်းများ၊ မမှန်ကန်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေခြင်း"၊ "ခွင့်ပြုထားသော လက်ကိုင်လော်စပီကာမှလွဲ၍ အခြားအသံချဲ့စက်များအသုံးပြုခြင်း"၊ "ခွင့်ပြုထားသော အခြား ကြွေးကြော်ချက်များ ရွတ်ဆိုခြင်း" သို့မဟုတ် "အနှောက်အယှက်ဖြစ်စေရန် နည်းလမ်းတစ်ခုဖြင့် ပြောဆိုခြင်း သို့မဟုတ် အတားအဆီး၊ စိတ်အနှောက်အယှက်၊ အန္တရာယ်ဖြစ်စေမည့် ပြုမူခြင်းများကို မပြုလုပ်နိုင်ပါ။[37] ဤအခြေအနေများကို ချိုးဖောက်ပါက ပြစ်မှုဆိုင်ရာပြစ်ဒဏ် ထောင်ဒဏ် ၃ လအထိ ကျခံဖွယ်ရာ ရှိသည်။[38]

34 ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေ၊ ပုဒ်မ ၅၊ အပိုင်း ၄(က)-(စ)၊

35 ဦးမြတ်မွန်၏ "ဒီမိုကရေစီ အခွင့်အရေးရရန်၊ ခင်ဗျားဘယ်သူလဲ ဆိုတာအပေါ်မှာမူတည်ပါတယ်" Frontier Myanmar၏ ဧပြီလ ၁၁ ရက်၊ ၂၀၁၉ ထုတ် https:// frontiermyanmar.net/en/the-right-to-demonstrate-it-depends-who-you-are; Human Rights Watch ၏ Dashed Hopes ၏ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖေါ်ခြင်းများအား ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်း၊ ဇန္နဝါရီလ ၃၁ ရက် ၂၀၁၉ ခုနှစ်၊ စာမျက်နှာ ၅၆၊ https://www.hrw.org/report/2019/01/31/dashed-hopes/criminalization-peaceful-expression-myanmar; Human Rights Watch ၏ ဇန္နဝါရီလ ၂၆ ရက် ၂၀၁၅ ခုနှစ်ထုတ် "မြန်မာနိုင်ငံ - ငြိမ်းချမ်းစွာ စုဝေးခွင့်ဥပဒေသည် ဖိနှိပ်မှုကို အဆုံးသတ်ရန် ပျက်ကွက်ခဲ့သည်" https://www.hrw.org/news/2015/01/26/burma-peacefulassembly-law-fails-end-repression.

36 ငြိမ်းချမ်းစွာစုဝေးခြင်း ဥပဒေ၊ ပုဒ်မ ၅၊ အပိုင်း ၁၉၊

37 Id. at Section 10.

38 Id. at Section 20.

၂၀၁၆ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေအရ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ သတင်းစာဆရာများနှင့် ၎င်းတို့၏ အခြေခံအခွင့်အရေးကို ကျင့်သုံးနေသူများသည် မတရားဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်းများကို ဆက်လက်ကြုံတွေ့ နေရသည်။[39]

၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် အထက်လွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော်သည် ၂၀၁၆ ခုနှစ် ဥပဒေအား ထိရောက်စွာ ပြင်ဆင်ချက် ၃ ခုပါသော ဥပဒေကြမ်းကို အတည်ပြုခဲ့သည်။[40] အဆိုပြုထားသော ပြင်ဆင်ချက်တွင် "အသိပေးစာ" နှင့်အတူ တင်ပြရန် လိုအပ်သည့် သတင်းအချက်အလက်များ၏ စာရင်းတစ်ခုပါသည်။ ဥပမာ - အစီအစဉ်၊ ခန့်မှန်းခြေပါဝင်မည့်သူ အရေအတွက်နှင့် "ခန့်မှန်းခြေဘတ်ဂျက်နှင့် ရံပုံငွေအရင်းအမြစ်" တို့ဖြစ်သည်။[41] နောက်ထပ်အဆိုပြုထားသော ပြင်ဆင်ချက်မှာ "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့စည်းမျဉ်းနှင့် ကျင့်ဝတ်များကို ကာကွယ်သော ဥပဒေများနှင့် မဆန့်ကျင်ရန်" ရန်လိုအပ်သည်။[42] နောက်ဆုံး အဆိုပြုထားသော ပြင်ဆင်ချက်သည် "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့စည်းမျဉ်းနှင့် ကျင့်ဝတ်များကို ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ရန်အတွက် အခြားသူများကို ပစ္စည်း သို့မဟုတ် ငွေပေး၍သော်လည်းကောင်း အခြားထောက်ပံ့မှုများပေး၍ သော်လည်းကောင်း လှုံ့ဆော်၊ ဆွဲဆောင်၊ လွှမ်းမိုး၍ အဓမ္မခိုင်းစေခြင်းများ ပြုလုပ်ပါက ထောင်ဒဏ် ၃ နှစ်နှင့်/သို့မဟုတ် ဒဏ်ငွေကျခိုင်ရမည်ဟု ဖေါ်ပြထားသည်။[43]

လွှတ်တော်အမတ် တစ်ဦးဖြစ်သူ ဦးစိုးသိန်းက "အစိုးရတည်ငြိမ်မှုကို ခြိမ်းခြောက်နေတဲ့ လူတွေရှိနေတယ်၊ ပြည်သူ့ငွေကို အလွဲသုံးစား လုပ်နေသူများလည်းရှိနေတယ်။ ဒီလိုမတည်ငြိမ်မှုမျိုးကို ကာကွယ်ဖို့အတွက် ကျွန်တော် ဒီဥပဒေကြမ်းကို ထောက်ခံပါတယ်" ဟု ပြုပြင်ပြောင်းလဲမှုများ အပေါ် သူ၏ထောက်ခံမှုကို မြန်မာတိုင်း(မ်)သတင်းသို့ ပြောခဲ့သည်။[44]

၂၀၁၈ ခုနှစ် မတ်လ ၅ ရက်နေ့တွင် အရပ်ဖက်လူမှုအဖွဲ့အစည်း ၂၅၅ ခုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့ ပြင်ဆင်ရန် အဆိုပြုချက်များကို ရှုတ်ချသည့် ပူးတွဲကြေညာစောင်တစ်ခုကို ထုတ်ပြန်ခဲ့ပြီး ပြင်ဆင်မှုကိုဆန့်ကျင်ရန် ရန်ကုန်သို့ လူ ၅၀၀ ခန့်ချီတက်ခဲ့ကြသည်။[45]

NLD ပါတီ၊ ရခိုင်အမျိုးသားပါတီနှင့် စစ်တပ်မှလွှတ်တော်အမတ်များကလည်း ပြင်ဆင်မှုများကို ဆန့်ကျင်ကြောင်း လွှတ်တော်ဆွေးနွေးမှုများ အတွင်း ထုတ်ဖေါ် ပြောကြား ခဲ့ကြသည်။[46]

39 Human Rights Watch ၏ သူတို့ခင်ဗျားကို အချိန်မရွေးဖမ်းနိုင်တယ်၊ The Criminalization of Peaceful Expression in Burma မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖေါ်ခြင်းများအား ရာဇဝတ်မှုအဖြစ်သတ်မှတ်ခြင်း၊ ဇွန်လ ၂၉ ရက် ၂၀၁၆ ခုနှစ်၊ စာမျက်နှာ ၃ https://www.hrw.org/report/2016/06/29/they-can-arrest-you-any-time/criminalization-peacefulexpression-burma.

40 စန်ရမင်းအောင်၏ မတ်လ ၇ ရက် ၂၀၁၈ ခုနှစ် ဧရာဝတီသတင်းဌာနတွင် ရေးသားခဲ့သော "အထက်လွှတ်တော်သည် အငြင်းပွားဖွယ် ဆန္ဒပြမှုဥပဒေပြင်ဆင်ခြင်းကို အတည်ပြုခဲ့သည်https://www.irrawaddy.com/news/burma/upper-house-approves-controversial-amendments-protest-law.html; ဝင်းကိုကိုလတ်၊ ခင်ခင်အီ၊ နှင့် ထက်အာကာ တို့၏ လွတ်လပ်သောအာရှရေဒီယို တွင် မတ်လ ၁၅ ရက် ၂၀၁၈ ခုနှစ် ထုတ် "အများပြည်သူ လွတ်လပ်စွာ စုရုံးခွင့်ဥပဒေကို ပြင်ဆင်ရန်အတွက် လွှတ်တော်မှဆွေးနွေးရန် ပြင်ဆင်နေသည်" https://www.rfa.org/english/news/myanmar/myanmars-lowerhouse-prepares-to-discuss-changes-to-public-assembly-law-03152018160129.html/; ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ၂၀၁၈ ခုနှစ်။

41 ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အပိုဒ် ၃ ကိုကြည့်ပါ။ U.N. လူ့အခွင့်အရေးကောင်စီ၊ အရပ်ဖက်လူ့အဖွဲ့အစည်းဆိုင်ရာ စာတမ်း U.N. Doc. A/HRC/RES/27/31, October 3, 2014, အပိုဒ် ၁၀ ကိုကြည့်ပါ။ ("လူ့အခွင့်အရေးကောင်စီသည် [. . . .] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့်အညီ အရပ်ဖက်လူ့အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုကို ပြည်တွင်းလိုအပ်ချက်များနှင့်အညီပေးရမည်ဟု ဖေါ်ပြထားသည်။ ထို့အပြင် ၎င်းတို့၏လုပ်ငန်းကိုနောက်ယှက်ရန် သို့ လူထုအခြေပြုအဖွဲ့အစည်းများ၏ လုံခြုံရေးကို အန္တရယ်ဖြစ်စေရန် အရင်းအမြစ်များကို တောင်းခံခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း မပြုရ)။ ဥပမာအားဖြင့် - U.N. လူ့အခွင့်အရေးကောင်စီ၊ ငြိမ်းချမ်းစွာစုရုံးခွင့်နှင့် လွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ Maina Kiai, U.N. Doc. A/HRC/23/39, ဧပြီလ ၂၄ ရက်၊ ၂၀၁၃ ခုနှစ်၊ အပိုဒ် ၃၈ တွင် ("အထူးကိုယ်စားလှယ်က မကြာခဏဆိုသလို၊ များပြားလှသော ဗျူရိုကရေစီ ယန္တရားဆိုင်ရာ အစီရင်ခံမှု လိုအပ်ချက်များသည် အသင်းအဖွဲ့များမှ ပြုလုပ်သော တရားဝင် အလုပ်များကို လွန်ကဲစွာ အဟန့်အတားဖြစ်စေနိုင်သည်။") ကိုလည်း ကြည့်ပါ။

42 Id. at Sec. 3.

43 Id. at Sec. 18. အမျိုးသားလွှတ်တော်မှ အတည်ပြုသည့် နောက်ဆုံးစာသားသည် အများဆုံးထောင်ဒဏ်ကို ၃ နှစ်မှ ၂ နှစ်သို့ပြောင်းလဲ အတည်ပြုခဲ့သည်။ ရဲမွန်၏ "အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာစုရုံးမှုဥပဒေ ပြင်ဆင်မှုကို ဖျက်သိမ်းရန်တောင်းဆိုကြသည်" ဒီမိုကရက်တစ်မြန်မာ့အသံတွင် မတ်လ ၉ ရက်၊ ၂၀၁၈ ခုနှစ်တင်ပြချက်။ http://english.dvb.no/news/csos-contest-peaceful-assembly-amendments/80089

44 "အမျိုးသားလွှတ်တော်အမတ်များက ငြိမ်းချမ်းစွာရုံးမှုဥပဒေကို ပြင်ဆင်ရန်ကန့်ကွက်ကြသည်" မတ်လ ၆ ရက် ၂၀၁၈ ခုနှစ်ထုတ် မြန်မာတိုင်း သတင်း https:// www.mmtimes.com/news/upper-house-lawmakers-object-changes-peaceful-assembly-law.html.

45 သူသူအောင်၏ မတ်လ ၅ ရက် ၂၀၁၈ ခုနှစ် ရိုက်တာသတင်းတွင် ဖေါ်ပြသော "လွှတ်တော်က ဆန္ဒပြမှုများအပေါ် အသစ်သောထိန်းချုပ်ခြင်းများအား အခြေတင်ဆွေးနွေးစဉ် ဆန္ဒပြမှုများဖြစ်ပွားလျက်ရှိ" https://www.reuters.com/article/us-myanmar-protest/protests-as-myanmar-parliament-debates-new-curbson-demonstrations-idUSKBN1GH1Q5; "Hundreds March Against Proposed Changes to Peaceful Assembly Law," The Irrawaddy သတင်း၏ မတ်လ ၆ ရက် ၂၀၁၈ ခုနှစ်တွင် ဖေါ်ပြသော "ငြိမ်းချမ်းစွာစုရုံးခွင့်ဥပဒေ ပြင်ဆင်မှုအား ဆန့်ကျင်သောအားဖြင့် ရာပေါင်းများစွာ ချီတက်ကြသည်" https://www.irrawaddy.com/news/hundreds-march-proposed-changes-peacefulassembly-law.html.

46 The Irrawaddy သတင်း၏ "ငြိမ်းချမ်း စွာစုရုံးခွင့်ဥပဒေ ပြင်ဆင်မှုအား ဆန့်ကျင်သောအားဖြင့် ရာပေါင်းများစွာ ချီတက်ကြသည်" ၊ Voice of America

ဤအစီရင်ခံစာ ရေးနေချိန်တွင် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်တွင် ရှိနေဆဲဖြစ်သည်။[47]

## မန္တလေးရှိ ရတနာပုံတက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒထုတ်ဖော်ပွဲများ

ရတနာပုံတက္ကသိုလ်သည် မန္တလေးမြို့နှင့် ၆ မိုင်ခွဲအကွာတွင် တည်ရှိပြီး ကျောင်းသား ၆၀၀၀ ကျော်၊ အုပ်ချုပ်ရေးနှင့် သင်ကြားရေးဝန်ထမ်း ၁၀၀၀ ကျော် ကိုလက်ခံထားသော မန္တလေးရှိ တက္ကသိုလ် ၂၁ ခုအနက် တစ်ခုဖြစ်သည်။[48] ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်မှ စ၍ ရတနာပုံတက္ကသိုလ် ABFSU တွင်ပါဝင်သော ကျောင်းသားများသည် ၈၅ ကေနီးပါးကျယ်ဝန်းသော တက္ကသိုလ်ကျောင်းဝင်း စီမံခန့်ခွဲမှု တိုးတက်လာစေရန်တောင်းဆိုသော ဆက်တိုက်ဆန္ဒပြမှုများကို စတင်ခဲ့ကြသည်။ အထူးသဖြင့် ဆန္ဒပြသူများသည် ဆိုက်ကယ်များအတွက် လစဉ်အခကြေးငွေဖြင့် ထိုက်တန်သော လုံခြုံရေးပေးရန်၊ တက္ကသိုလ်၏ သန့်စင်ခန်းများပိုမိုသန့်ရှင်းမှု ရှိလာစေရန်နှင့် ကျောင်းသားကျောင်းသူများအား မန္တလေးတွင်ဖြစ်ပွားနေသော ရာဇဝတ်မှုများမှ ကာကွယ်ပေးရန် တောင်းဆိုခဲ့ကြသည်။

## ကျောင်းဝင်းတွင်းရှိ မော်တော်ဆိုက်ကယ်ရပ်နားရန် နေရာအတွက် အခကြေးငွေပေးရခြင်း

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ရတနာပုံတက္ကသိုလ်သည် ကျောင်းဝင်းအတွင်း ဆိုက်ကယ်ရပ်ရန်နေရာများ သတ်မှတ်ရန်နှင့် စီမံခန့်ခွဲရန် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်မည့်အစီအစဉ်ကို အတည်ပြုခဲ့သည်။ ကုမ္ပဏီမှ ကျောင်းသားတိုင်းမော်တော်ဆိုက်ကယ်စီး၍ကျောင်းဝင်းအတွင်းဝင်လာသည့်အခါတိုင်းကုမ္ပဏီမှမြန်မာကျပ်ငွေ ၁၀၀ (အမေရိကန်ဒေါ်လာ ၀.၀၇) ကောက်ယူခဲ့သည်။[49] အဆိုပါ ဆိုက်ကယ်ရပ်ရန်နေရာများသည် ရတနာပုံတက္ကသိုလ်ဝင်းရှိ ဆိုက်ကယ်ခိုးယူခြင်းများကို ဖြေရှင်းရန်အတွက် ရည်ရွယ်သည်။[50] ရတနာပုံတက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခတစ်ဦးဖြစ်သူ ဦးသုသက "မော်တော်ဆိုက်ကယ်ခိုးတာတွေကို တားဆီးရန်တစ်ခုတည်းသော နည်းလမ်းမှာ လုံခြုံသောနေရာတစ်ခု တည်ဆောက်ပြီး ထိမ်းသိမ်းရန် ဖြစ်တယ်" ဟုရှင်းပြခဲ့သည်။[51]

ရတနာပုံတက္ကသိုလ် ABFSU ကျောင်းသားများသည် ကျောင်းဝင်းအတွင်း လုံခြုံမှုရှိသော ဆိုက်ကယ်ရပ်နားရန်နေရာများ လိုအပ်သည်ကို သဘောတူသော်လည်း ၎င်းနေရာများ ပုဂ္ဂလိကပိုင်အား စီမံခန့်ခွဲခွင့်ပေးခြင်းကို ဆန့်ကျင်ခဲ့ကြသည်။ တက္ကသိုလ်၏ အစီအစဉ်ကို ဆန္ဒပြရာတွင် ပါဝင်သော ABFSU အဖွဲ့ဝင်တစ်ဦးက "မော်တော်ဆိုက်ကယ်တွေ ခိုးခံရမှာကို စိုးရိမ်ရတာနဲ့ စာသင်ယူရတာကို ကျွန်ုပ်တို့ အာရုံမစိုက်နိုင်တော့ဘူး။ တက္ကသိုလ်ကနေပြီး မော်တော်ဆိုက်ကယ်လုံခြုံရေးကို တာဝန်ယူပေးသင့်တယ်။" ဟုပြောခဲ့သည်။[52]

News သတင်းမှ Oliver Slow ၏ မတ်လ ၁၅ ရက် ၂၀၁၈ ခုနှစ်တွင် ဖေါ်ပြခဲ့သော "မြန်မာအစိုးရသည် စုစည်းခွင့်ဥပဒေကို ပြုပြင်ရန် တင်ပြခြင်းဖြင့် နောက်ပြန်လှည့်နေသည်ဟု အစွပ်စွဲခံနေရသည်" https://www.voanews.com/a/myanmar-changes-to-assembly-law/4299653.html.

47 ဥပဒေပြုအမတ် ၈၀ သည် ငြိမ်းချမ်းစွာစုရုံးခွင့် ဥပဒေပြင်ဆင်မှုကို ၂၀၁၈ ခုနှစ်တွင် ဆွေးနွေးရန် မှတ်ပုံတင်ခဲ့ကြသော်လည်း ယခုစာရေးသားနေချိန်တွင် NLD သည် ပြည်သူ့လွှတ်တော်၏ ဆွေးနွေးပွဲအစီအစဉ်တွင် ထည့်သွင်းရန် ငြင်းဆိုခဲ့သည်။ ပြည်သူ့လွှတ်တော်မှ မထည့်သွင်းဆွေးနွေးရသည့် အကြောင်းကို မြန်မာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ သဥ္ဇာရွှန်းလဲ့ရည် ကရှင်းပြရာတွင် "မြန်မာနိုင်ငံမှာရှိတဲ့ လူထုအခြေပြုအဖွဲ့အစည်းများ အားလုံးက ကျွန်ုပ်တို့နဲ့အတူ (၂၀၁၈ ခုမှာ ပြင်ဆင်ထားတဲ့အရာများ) လာပြီးကန့်ကွက် ဆန္ဒပြခဲ့ကြတယ်။ (လွှတ်တော်) က ဒီအတိုင်းဆက်ထားရမယ်။ အဲဒီအချိန်ကစပြီး ကျွန်မတို့ဘာမှမကြားရတော့ဘူး။ သူတို့ဒီဥပဒေကို မတို့ချင်တော့ဘူး။ ငြိမ်းချမ်းစွာစုဝေးခွင့် ဥပဒေသည် သူတို့အတွက် အငြင်းပွားဖွယ် ဖြစ်နေတယ်။" Fortify Rights မှ သဥ္ဇာရွှန်းလဲ့ရည်၊ ဒီမိုကရေစီတိုးတက်ရေးလှုပ်ရှားမှု ကော်မတီ၊ ကို အနောက်ရန်ကုန်ခရိုင်တွင် စက်တင်ဘာလ ၁၇ ရက်၊ ၂၀၁၉ ခုနှစ်တွင် တွေ့ဆုံမေးမြန်းခဲ့သည်။ ဝင်းကိုကိုလတ်၊ ခင်ခင်အိ နှင့် ထက်အာကာတို့၏ Raido Free Asia တွင် မတ်လ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်တွင် ဖေါ်ပြခဲ့သော "မြန်မာပြည်သူ့လွှတ်တော်သည် လူထုစုဝေးမှုဥပဒေပြင်ဆင်ရန်ကို ဆွေးနွေးရန် ပြင်ဆင်နေကြသည်။" https://www.rfa.org/english/news/myanmar/myanmars-lowerhouse-prepares-to-discuss-changes-to-public-assembly-law-03152018160129.html; နှင့် Fortify Rights မှ မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ အမျိုးသားဒီမိုကရေစီ အားမတ်လ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

48 အသံနှင့် Fortify Rights တို့မှ မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ ရတနာပုံတက္ကသိုလ် အရာရှိများအား မတ်လ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

49 Fortify Rights မှ ဖုန်းမြင့်ကျော်၊ မြန်မာနိုင်ငံ၊ မန္တလေးခရိုင်အား နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။ အသံနှင့် Fortify Rights မှ သုသအား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

50 ရတနာပုံတက္ကသိုလ်ကျောင်းသားများအရ ၂၀၁၆ မှ ၂၀၁၇ ခုနှစ်အတွင်း ရတနာပုံတက္ကသိုလ်ဝင်းအတွင်း မော်တော်ဆိုက်ကယ် စုစုပေါင်း ၇၀ စီးခန့်အခိုးခံရပြီး ၂၀၁၈ ခုနှစ်တွင် ၁၅ မှ ၂၀ စီးခန့်အခိုးခံခဲ့ရသည်။ အသံနှင့် Fortify Rights မှ ရဲမျိုးဆွေ၊ ကျော်သီဟရဲကျော်၊ ရဲမင်းထွန်း၊ မျိုးချစ်ဇော်၊ ဖုန်းမြင့်ကျော်၊ ရဲလင်းအောင်နှင့် နေဝင်းကျော်တို့အား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။ အသံနှင့် Fortify Rights မှ ကျော်သီဟရဲကျော်နှင့် မန္တလေးမြို့တွင် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

51 အသံနှင့် Fortify Rights မှ သုသအား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

52 အသံနှင့် Fortify Rights မှ ဖုန်းမြင့်ကျော်အား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

တက္ကသိုလ်သည် ရပ်နားရာနေရာများကို စီမံခန့်ခွဲပြီး လစဉ်ကြေးကောက်ယူကာ မော်တော်ဆိုက်ကယ်များအတွက် လုံလောက်သော လုံခြုံရေးပေးသင့်သည်ဟု ABFSU ကျောင်းသားများက စောဒကတက်ခဲ့ကြသည်။[53] ကျောင်းသားများမှလည်း ပုဂ္ဂလိကကုမ္ပဏီသို့ ကန်ထရိုက်ရောင်းချခြင်းမှ ရရှိသော မြန်မာကျပ်ငွေ ၂၅ သန်း (အမေရိကန်ဒေါ်လာ ၂၄၀၀၀) ကျော်အား တက္ကသိုလ်၏စီမံခန့်ခွဲမှုအပေါ် မေးခွန်းထုတ်ခဲ့ကြသည်။[54] ဤအမြင်အားရှင်းပြသည့် ကိုဖုန်းမြင့်ကျော်က "ရောင်းလို့ရတဲ့ပိုက်ဆံတွေကို ကျောင်းသားတွေဆီပြန်လာဖို့ တက္ကသိုလ်မှာ လိုအပ်နေတဲ့ ကုလားထိုင်တွေ၊ သင်ကြားရေးပစ္စည်းတွေ၊ စသဖြင့် အတွက်သုံးဖို့" ဟုပြောခဲ့သည်။[55]

ကျောင်းသားများမှလည်း လက်ရှိအသုံးပြုနေသည့် ဆိုက်ကယ်ရပ်နားရန် နေရာများအပြင် နေရာများထပ်မံချမှတ်ပေးရန် တောင်းဆို ခဲ့ကြသည်။ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် ABFSU မှ နောက်ထပ်ကျောင်းသားတစ်ဦးဖြစ်သူ ကျော်သီဟရဲကျော်မှ ရှင်းပြရာတွင် -

မော်တော်ဆိုက်ကယ်ထားဖို့ နေရာတွေဟာ ဌာနတိုင်းမှာတောင် မရှိဘူး။ ဒါကြောင့် တချို့နေရာတွေမှာ ဆိုက်ကယ် ပျောက်တာ တွေ ဖြစ်ခဲ့တယ်။ ကျောင်းဝင်းကြီးတစ်ခုလုံးမှာ ထားဖို့နေရာ ၂ ခုဘဲရှိတယ်။ ဆိုက်ကယ်အားလုံး ထားဖို့ နေရာ ၂ နေရာက မလောက်ဘူး - နေရာမလောက်ပါ။[56]

အခကြေးငွေနှင့်ပတ်သက်၍ ဆွေးနွေးရန် တက္ကသိုလ်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးသည့်အပြင် ရတနာပုံတက္ကသိုလ် မော်တော်ဆိုက်ကယ် ရပ်နားနေရာများ စီမံခန့်ခွဲရန်နှင့် အမြတ်အစွန်းများရရှိရန် ကုမ္ပဏီအားအတည်ပြုပေးခဲ့သူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် သီးခြားစီတွေ့ဆုံရန်ကို ကျောင်းသားများက သုံးကြိမ် တောင်းဆိုခဲ့ကြသည်။[57] သို့သော် ကျောင်းသားများသည် သူ၏ရုံးသို့သွား၍ တွေ့ဆုံရန်တောင်းဆိုသည့် အခါတိုင်း ဒေါက်တာဇော်မြင့်မောင်၏ ဝန်ထမ်းများက ကျောင်းသားများအား သူမရှိကြောင်းနှင့် တွေ့ဆုံရန် အစီအစဉ်ကို ငြင်းပယ်ခဲ့သည်။[58]

## သန့်ရှင်းဆောင် သန့်ရှင်းမှုမရှိခြင်း

တက္ကသိုလ်အဆောက်အဦများတွင် သင့်တော်သော သန့်စင်ခန်းမရှိခြင်းသည် ABFSU မှ စီစဉ်သော ဆန္ဒပြမှုများအတွက် အခြေခံအကြောင်း ရင်းတစ်ခု ဖြစ်သည်။

ရတနာပုံတက္ကသိုလ် ပါမောက္ခ ဒေါက်တာအေးအေးသန့်မှ တက္ကသိုလ်၏ ဌာန ၂၁ ခုကို အလှည့်ကျဇယားဖြင့် ဝန်ထမ်း ၁၅ ယောက်အပေါ် မှီခိုပုံကို ဖော်ပြခဲ့ခြင်းသည် ညံ့ဖျင်းသော မိလ္လာစနစ်ဖြစ်ပေါ်လာပုံကို ထင်ရှားစေသည်။ သူမက "သန့်ရှင်းရေးဝန်ထမ်း ၁၅ ယောက်ထဲနဲ့ မလုံလောက်ဘူး။ သတ္တဗေဒဌာနအတွက် တနင်္လာနေ့မှာ သန့်ရှင်းရေးပြုလုပ်ပြီး၊ ရူပဗေဒဌာနအတွက် အင်္ဂါနေ့မှာ သန့်ရှင်းရေး လုပ်တယ်…ဒါကြောင့်ဌာနတစ်ခုအတွက် တပါတ်တရက် ဒါမှမဟုတ် ၂ ပါတ်တစ်ရက်ဘဲ လုပ်နိုင်တယ်" ဟုပြောသည်။[59]

ဆန္ဒပြပွဲများတွင် ပါဝင်မှုကြောင့် အဖမ်းခံခဲ့ရသော ကျောင်းသား ၇ ဦးအနက်မှ ရဲမျိုးဆွေက ရတနာပုံတက္ကသိုလ်၏ အညစ်အကြေးစွန့်ပစ်မှု အဆင့်ဆင့်ကို ပြောပြရာတွင် -

ကျောင်းသားများ အိမ်သာတစ်လုံး သုံးချင်တယ်ဆိုရင် သူတို့အဆောင်ကို ပြန်သွားရတယ်။ ဒါဟာ ကျောင်းသားတွေအတွက် စိတ်အနှောက်အယှက်နဲ့ ကျောင်းဝင်းအတွင်း စာသင်မှုဖြစ်စဉ်ကိုလဲ အနှောက်အယှက်ဖြစ်စေပါတယ်။ အခြား တက္ကသိုလ်ကျောင်းသားတွေ ရတနာပုံတက္ကသိုလ်ကို လာလည်တဲ့အခါ

53 Ibid.

54 Fortify Rights မှ စစ်သူထွန်းအား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် ဇန္နဝါရီလ ၂၈ ရက်၊ ၂၀၂၀ ခုနှစ်တွင်ဖုန်းဖြင့်ဆက်သွယ် မေးမြန်းချက်ခဲ့သည်။ စစ်သူထွန်းသည် မော်တော်ဆိုက်ကယ်ရပ်နားရာ နေရာကန်ထရိုက်များ လေလံပြစ်ရာတွင် ကြီးကြပ်တာဝန်ယူခဲ့သည် ကော်မတီတွင်ပါဝင်ခဲ့ပြီး ကိန်းဂဏန်းများကို သူပေးခဲ့သည်။

55 Fortify Rights မှ ဖုန်းမြင့်ကျော်အား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

56 Fortify Rights မှ ကျော်သီဟရဲကျော်အား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

57 အသံနှင့် Fortify Rights မှ ဒေါက်တာအေးအေးသန့်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။ အသံနှင့် Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် ဇန္နဝါရီလ ၂၈ ရက်၊ ၂၀၂၀ ခုနှစ်တွင် မေးမြန်းချက်။

58 အသံနှင့် Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် ဇန္နဝါရီလ ၂၈ ရက်၊ ၂၀၂၀ ခုနှစ်တွင် မေးမြန်းချက်။

59 အသံနှင့် Fortify Rights မှ ဒေါက်တာအေးအေးသန့်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

ကျောင်းရဲ့မကောင်းတဲ့ ပုံရိပ်တစ်ခုကို ပြနေသလိုရှိပါတယ်"[60]

တက္ကသိုလ်က ဒီဇင်ဘာလတွင် သန့်ရှင်းရေးဝန်ထမ်းများကို တိုးမြှင့်ပေးမည်ဟု ပြောဆိုထားသော်လည်း ကျောင်းသားများအတွက် စိုးရိမ်စရာ တစ်ခုဖြစ်နေဆဲ ဖြစ်သည်။[61]

## ကျောင်းဝင်းတွင်းလုံခြုံရေး လုံလောက်မှုမရှိခြင်း

မန္တလေးမြို့တွင် အကြမ်းဖက်ရာဇဝတ်မှုများ မကြာခဏဖြစ်လေ့ရှိ ကြောင်းတွေ့ရှိရသည်။[62] သာဓကအားဖြင့် မြန်မာနိုင်ငံရှိ မြို့ကြီး ၅ မြို့တွင် အာရှဖောင်ဒေးရှင်း (Asia Foundation)၏ စစ်တမ်းကောက်မှုအရ မန္တလေးတွင် စစ်တမ်းဖြေဆိုသူ ၁၅ ရာခိုင်နှုန်းက "သူတို့ ဒါမှမဟုတ် သူတို့ မိသားစုတစ်ယောက်ယောက်ဟာ ပြီးခဲ့တဲ့နှစ်အတွင်းမှာ အကြမ်းဖက်မှုနဲ့ပါတ်သက်သော ရာဇဝတ်မှုတစ်ခုကို ခံခဲ့ရတယ်" ဟုဖေါ်ပြထားသည်။[63]

မန္တလေးရဲတပ်ဖွဲ့သည် ရာဇဝတ်မှုများကို တိုက်ဖျက်ရန် "သိမ်းငှက်စစ်ဆင်ရေး" စီမံချက်ကို ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် စတင်ခဲ့သည်။ ၎င်းစီမံကိန်းဖြင့် မန္တလေတိုင်းဒေသကြီး၏ ရဲတပ်ဖွဲ့ဝင်များ ညစဉ်ကင်းလှည့်ခြင်းများကို အရှိန်အဟုန်တိုးမြှင့်ခဲ့သည်။[64] သို့သော်လည်း အစိုးရမှ မန္တလေးမြို့၏ ရာဇဝတ်မှုလျော့ချရေး စစ်ဆင်ရေးနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို မပေးခဲ့ပါ။[65] အချို့သော ရပ်ရွာ လူထုများက ၎င်းတို့ရပ်ကွက် အတွင်းရှိ ရာဇဝတ်မှုများအား စောင့်ကြည့်ရန်နှင့် လျော့ပါးစေရန် ကင်းလှည့်အဖွဲ့များ ဖွဲ့စည်း ခဲ့ကြသည်။[66]

မန္တလေးမြို့မှဇမိုင်ခွဲအကွာတွင်ရှိသောရတနာပုံတက္ကသိုလ်မှကျောင်းသားများသည်မန္တလေးမြို့နှင့်တိုင်းဒေသကြီးတွင် ဖြစ်ပွားနေသော ရာဇဝတ်မှုများနှင့် ကင်းလွတ်ခွင့် မရကြပါ။ ရတနာပုံ တက္ကသိုလ် ကျောင်းဝင်းအတွင်း ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း မော်တော်ဆိုင်ကယ် အစီး ၇၀ နှင့် ၂၀၁၈ ခုနှစ်တွင် မော်တော်ဆိုက်ကယ် ၁၅ စီးမှ ၂၀ စီးအထိ အခိုးခံရကြောင်း ကျောင်းသားများက တင်ပြခဲ့ကြသည်။[67] အခြားကျောင်းသားများက ကျောင်းဝင်းတွင်းရှိနေစဉ် သူတို့၏ ပိုက်ဆံအိတ်များ ခိုးယူခြင်းခံခဲ့ရသည်။[68] မန္တလေးတိုင်းဒေသကြီး တက္ကသိုလ်သို့တက်ရောက်သည့် ကျောင်းသား ၃ ဦးဖြစ်သည့် ကိုနေမင်းထက် (၁၉ နှစ်)၊ ထက်လင်းသန့် (၁၈ နှစ်)၊ နှင့် စိုးမိုးဟိန်း (၂၀ နှစ်) တို့သည် ၂၀၁၈ ခုနှစ် ဆောင်ဦးပိုင်းတွင် လုယက်ခံရပြီး အသတ်ခံရသည်ဟု သတင်းများက ဖေါ်ပြကြသည်။[69] ကိုနေမင်းထက်အား

60 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေနှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် မေလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်တွင်တယ်လီဖုန်းဖြင့် မေးမြန်းချက်။

61 Fortify Rights မှ ကျော်သီဟရဲကျော်၊ ရဲမျိုးဆွေ၊ မျိုးချစ်ဇော်နှင့် ဖုန်းမြင့်ကျော်အား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းချက်။

62 The Irrawaddy သတင်းမှ ဇာနီမန်း၏ ဧပြီလ ၁၁ ရက်၊ ၂၀၁၇ ခုနှစ်ထုတ် "မန္တလေးမြို့တွင် အကြမ်းဖက်ရာဇဝတ်များ မြင့်တင်လာခြင်း အပေါ်စိုးရိမ်မိ" https://www.irrawaddy.com/news/burma/127945.html The Myanmar Time မှ ကျော်ကိုကို၏ ဇန္နဝါရီလ ၉ ရက်၊ ၂၀၁၈ ခုနှစ်ထုတ် "မန္တလေးခရိုင်သည် ရာဇဝတ်မှုနှုန်းအမြင့်ဆုံး" https://www.mmtimes.com/news/mandalay-district-tops-crime-rate.html.

63 အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံ မြို့ပြချမ်းသာခြင်းများကို ထိုးထွင်းသိမြင်ခြင်း၊ ၂၀၁၈ ခုနှစ် မြို့ပြလူနေမှုစစ်တမ်း၊ ဖေဖေါ်ဝါရီလ ၂၂ ရက်နေ့ ၂၀၁၉ ခုနှစ် ၊ စာမျက်နှာ ၅၀၊ https://asiafoundation.org/wp-content/uploads/2019/02/City-Life-Survey-2018_Myanmar.pdf.

64 ကျော်ကိုကို၏ မြန်မာတိုင်းသတင်းတွင် ဇွန်လ ၇ ရက် ၂၀၁၈ ခုနှစ်တွင် ရေးသားခဲ့သော "ရာဇဝတ်မှုလှိုင်းက မန္တလေး ဥပဒေအရာရှိများအား စိန်ခေါ်နေခြင်း Crime Wave Challenges Mandalay Law Officers," https://www. mmtimes.com/news/crime-wave-challenges-mandalay-law-officers.html; အောင်ကိုဦး၊ စိုးသူအောင် တို့၏ စက်တင်ဘာ ၁၅ ရက် ၂၀၁၈ ခုနှစ် မဇ္ဈိမသတင်းတွင် ဖေါ်ပြခဲ့သော Aung Ko Oo, Soe Thu Aung, "ကြီးထွားလာသော ရာဇဝတ်မှုလှိုင်းကို ကိုင်တွင်ရန် မန္တလေးတွင် 'သိမ်းငှက်စစ်ဆေးရေး' ကိုအသုံးပြုခြင်း Mandalay Uses 'Operation Hawk' to Tackle Growing Crime Wave," http://www.mizzima.com/ news/mandalay-uses-operation-hawk-tackle-growing-crime-wave.

65 အောင်ကိုဦး၊ စိုးသူအောင် တို့၏ စက်တင်ဘာ ၁၅ ရက်၊ ၂၀၁၈ ခုနှစ် မဇ္ဈိမသတင်းတွင် ဖေါ်ပြခဲ့သော Aung Ko Oo, Soe Thu Aung, "ကြီးထွားလာသော ရာဇဝတ်မှုလှိုင်းကို ကိုင်တွင်ရန် မန္တလေးတွင် 'သိမ်းငှက်စစ်ဆေးရေး' ကိုအသုံးပြုခြင်း Mandalay Uses 'Operation Hawk' to Tackle Growing Crime Wave," http://www.mizzima.com/ news/mandalay-uses-operation-hawk-tackle-growing-crime-wave (၎င်းသတင်းတွင် ဝန်ကြီးချုပ်က "သိမ်းငှက်စစ်ဆင်ရေးသည် ရာဇဝတ်မှုနှုန်းကို မည်မျှလျော့ချနိုင်သည့် အောင်မြင်မှုမည်မျှရှိကြောင်းကို မပြောကြားခဲ့ပါ"

66 ဖြိုးဝေကျော်၏ စက်တင်ဘာလ ၁၉ ရက် ၂၀၁၈ ခုနှစ်၊ မြန်မာတိုင်းတွင် ရေးသားခဲ့သော "မန္တလေးတွင် ပြန့်ပွားလျက်ရှိသော ရာဇဝတ်မှုများကို တိုက်ဖျက်ရန် ရပ်ရွာများမှ အသင်းများစတင်ဖွဲ့စည်းခြင်း" https://www.mmtimes.com/news/communities-set-teams-fight-crime-spree-mandalay.html.

67 ရတနာပုံတက္ကသိုလ်မှ ABFSU ကျောင်းသားများသည် ကျောင်းဝင်းမှ ခိုးယူခံရသော ဆိုက်ကယ်များစာရင်းကို ထိမ်းသိမ်းထားကြောင်း သိရှိရသည်။ အသံနှင့် Fortify Rights တို့မှ ရဲမျိုးဆွေ၊ ကျော်သီဟရဲကျော်၊ ရဲမင်းထွန်း၊ မျိုးချစ်ဇော်၊ ဖုန်းမြင့်ကျော်၊ ရဲလင်းအောင်နှင့် နေဝင်းကျော်တို့အား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။ အသံနှင့် Fortify Rights မှ ကျော်သီဟရဲကျော်နှင့် မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

68 Ibid.

69 ကျောက်ဆည် အစိုးရစက်မှုလက်မှုသိပ္ပံ၏ စက်မှု (ပါဝါ) ဘာသာရပ်အား သင်ယူနေသော ကျောင်းသားတစ်ဦးဖြစ်သူ ကိုနေမင်းထက်သည် ဩဂုတ်လ ၈ ရက်နေ့ မန္တလေးဒေသကြီးရှိ လက်နက်ကိုင်လုယက်မှုတစ်ခုတွင် အသတ်ခံခဲ့ရသည်။ ထိုညတွင်ပင် သီးခြားဖြစ်ရပ်တစ်ခုတွင် လူတစ်ယောက်၏ လည်ကိုလှီးကာ ဆိုက်ကယ်လုယူမှုတစ်ခု မန္တလေးတွင်ဖြစ်ခဲ့သည်။ နိုဝင်ဘာလ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်ထုတ် The Irrawaddy သတင်းတွင် ဇာနီမန်းက " ၁၉ နှစ်ကျောင်းသားကို သတ်မှုနှင့်ပါတ်သက်၍ လူတစ်ယောက်ကို သေဒဏ်ချမှတ်ခဲ့ခြင်း"https://www.irrawaddy.com/news/burma/mansentenced-

သတ်သူ ၃ ဦးကို အာဏာပိုင်များက ဖမ်းဆီးအပြစ်ပေးနိုင်ခဲ့သော်လည်း အခြားလူသတ်မှုများကိုမူ မဖြေရှင်းနိုင်သေးပေ။[70]

၂၀၁၈ ခုနှစ်တွင် ရတနာပုံ တက္ကသိုလ်မှ အရာရှိများသည် လုံခြုံရေးနှင့် သန့်ရှင်းရေးဝန်ထမ်း ၄၀ ကို ခန့်အပ်ခဲ့သည်။ တက္ကသိုလ်၏ လိုအပ်ချက်များကို ဖြည့်စည်းရန် မလုံလောက်ကြောင်း အကြီးတန်းတက္ကသိုလ်အရာရှိများက ဝန်ခံခဲ့သည်။[71] ကျောင်းသားများနှင့် ပါမောက္ခများက ရတနာပုံ တက္ကသိုလ်သည် ၂၀၁၈ ခုနှစ်တွင် လုံခြုံရေးအစောင့် ၁ ဦးမှ ၂ ဦးသာ ခန့်ခဲ့သည်ဟု ဖော်ပြခဲ့သည်။[72] ဥပမာ - ပါမောက္ခ ဒေါ်အေးအေးသန့်က "(မတ်လ ၂၀၁၉ မတိုင်မီ) တစ်ယောက်မှ မရှိခဲ့ဘူး၊ (တက္ကသိုလ်) ရဲ့ အလယ်တံခါးဝမှာ လုံခြုံရေးဝန်ထမ်း ၂ ဦးသာရှိတယ် " ဟုရှင်းပြသည်။[73]

ရတနာပုံတက္ကသိုလ်ပါမောက္ခ အခြားတစ်ဦးက တက္ကသိုလ်မှ စီစဉ်သော လုံခြုံရေးအစီအမံများကို ပြောပြရာတွင် -

ကျောင်းမှာ လုံခြုံရေးအစောင့် အနဲငယ်သာရှိပြီး မလုံလောက်ပါ။ လုံခြုံရေး (အစောင့်)၏ အဓိကလုပ်ပိုင်ခွင့်မှာ ကျောင်းသားများကို ကာကွယ်ရန်မဟုတ်ဘဲ ထိုင်ခုံ၊ စားပွဲများစသော ပစ္စည်းကရိယာများကို ထိမ်းသိမ်းရန်ဖြစ်တယ်။ သီးသန့်ပစ္စည်းတွေကို ကာကွယ်ဖို့ဖြစ်ပြီး ကျောင်းသားတွေအား ချိန်းခြောက်မှုများကို တားဆီးရန် မဟုတ်ပါ။[74]

death-penalty-murder-19-year-old-student.html ကိုရေးသားခဲ့သည်။ အသံနှင့် Fortify Rights မှ ရဲမျိုးဆွေနှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်၊ မေလ ၂၂ ရက် ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။ ပြင်ဦးလွင် ရတနာပုံနည်းပညာတက္ကသိုလ်တွင် သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာအင်ဂျင်နီယာ ဘာသာရပ်အား ဒုတိယနှစ် တွင် တက်ရောက်နေသူ ထက်လင်းသန့်သည်လည်း ဒီဇင်ဘာလ ၆ ရက်နေ့တွင် သုံးတောင်ရွာရှိ လက်နက်ကိုင်လုယက်မှုတစ်ခုတွင် အသတ်ခံခဲ့ရသည်။ ဘိုဘို၏ ဒီဇင်ဘာလ ၁၈ ရက် ၂၀၁၈ ခုနှစ် မဇ္ဈိမ သတင်းတွင် ဖော်ပြခဲ့သော "ရတနာပုံဆိုက်ဘာစီတီကျောင်းသားများ သမဂ္ဂသည် လူသတ်မှုအတွက် ဒေသကြီးအစိုးရနှင့်တွေ့ဆုံကြသည်" http://mizzima.com/article/ yadanabon-cyber-city-students-union-meets-region-government-over-murder ။ အလားတူပင် စိုးမိုးလှိုင်သည်လည်း လက်နက်ကိုင်လုယက်မှုတစ်ခုတွင် အသတ်ခံခဲ့ရသည်။ Fortify Rights ၏ ဖေဖော်ဝါရီလ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် ဖော်ပြခဲ့သော "မြန်မာ၊ မန္တလေးရှိ ကျောင်းသား ၇ ယောက်ကိုလွှတ်ပေးပါ" https://www.fortifyrights.org/publication-20190215.html ။ အသံနှင့် Fortify Rights မှ ရဲမျိုးဆွေနှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်၊ မေလ ၂၂ ရက် ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။ ရတနာပုံတက္ကသိုလ်တွင် စက်မှုဓါတုဗေဒ ဘာသာရပ် ကျောင်းသား စိုးမိုးဟိန်းသည် ဒီဇင်ဘာလ ၂၅ ရက်နေ့ ၂၀၁၈ ခုနှစ် မျက်နှာဖုံးဝတ်ဆင်ထားသူ ၄ ဦး၏ လုယက်မှုတစ်ခုတွင် အသတ်ခံခဲ့ရသည်။ အသံနှင့် Fortify Rights မှ ရဲမျိုးဆွေနှင့် မြန်မာနိုင်ငံ၊ လမ်းမတော် မြို့နယ်၊ မေလ ၂၂ ရက် ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

70 မြန်မာအာဏာပိုင်များမှ လူတစ်ဦး - အောင်သူဟိန်း - ကိုသေဒဏ်ချမှတ်ခဲ့သည်။ ဤအစီရင်ခံစာ ရေးချိန်တွင် သူသည်ထောင်ထဲတွင် ရှိနေသည်။ အခြားသူ ၂ ဦးဖြစ်သည့် မင်းခန့်ကျော်နှင့် မင်းချစ်အောင် တို့ ထောင်ဒဏ် ၂၁ နှစ်နှင့် ၂၀ နှစ် အသီးသီး ကျခံခဲ့သည်။ The Irrawaddy သတင်းမှ "၁၉ နှစ်ကျောင်းသားအား သတ်မှုဖြင့် လူအတစ်ဦးသည် သေဒဏ်ချမှတ်ခဲ့သည်။"

71 ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် သီးခြားလုံခြုံရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေနှင့် တက္ကသိုလ် အနေဖြင့် နောက်ထပ်လုံခြုံရေး ဝန်ထမ်း ၂၅ ဦးကို ငှားရမ်းခဲ့သော်လည်း ဤအသစ်ငှားရမ်းမှုများသည် ၂၀၁၉ ခုနှစ် မတ်လအထိ စတင်အလုပ်ဝင်ခြင်းမရှိခဲ့ပါ။ အသံနှင့် Fortify Rights မှ ရတနာပုံတက္ကသိုလ် အရာရှိများနှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၅ ရက် ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။ အသံနှင့် Fortify Rights မှ ဒေါက်တာအေးအေးသန့်၊ ရဲမျိုးဆွေ၊ ကျော်သီဟရဲကျော်၊ ရဲမင်းထွန်း မျိုးချစ်ဇော် နှင့် ဖုန်းမြင့်ကျော်၊ ရဲလင်းအောင်နှင့် နေဝင်းကျော်တို့နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

72 အသံနှင့် Fortify Rights မှ ကျော်သီဟရဲကျော်၊ ရဲမင်းထွန်း မျိုးချစ်ဇော် နှင့် ဖုန်းမြင့်ကျော်၊ ရဲလင်းအောင်နှင့် နေဝင်းကျော်တို့နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

73 ABFSU တွင်ပါဝင်သော ကျောင်းသားများက ရတနာပုံတက္ကသိုလ်တွင် လုံခြုံရေးအစောင့် ၁ ဦးနှင့် သန့်ရှင်းဝန်ထမ်း ၁၅ ဦးခန့်သည်ဟု အကြံပြုခဲ့သည်။

74 အသံနှင့် Fortify Rights မှ သူသနှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အဖွဲ့ချုပ်၏သမိုင်း

ရတနာပုံတက္ကသိုလ် ဆန္ဒပြပွဲများကို စီစဉ်သူကျောင်းသားများ အားလုံးသည် ABFSU မှ အဖွဲ့ဝင်များဖြစ်ပြီး ဗမာစာဖြင့် ဗကသ ဟုခေါ်သော ABFSU သည် မြန်မာနိုင်ငံ၏ အကြီးဆုံးကျောင်းသားသမဂ္ဂဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် ဗြိတိသျှမလိုလားသော ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂမှ အခြားရွေးချယ်စရာရှာဖွေရန် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ABSU ကိုဖွဲ့စည်းခဲ့သည်။ ABSU သည် နိုင်ငံရေး ပါဝင်ပါတ်သက်သည့် ကျောင်းသားများအတွက် ကွန်ယက်တစ်ခုအဖြစ် ရပ်တည်ခဲ့သည်။[75] ABSU စတင်တည်ထောင်သူများတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင် နှင့် လက်ရှိ

75 သာညွန့်ဦးနှင့် အင်ကြင်းနိုင်တို့၏ "A Brief History of Students' Movement in Burma/Myanmar," မောက္ခ စာပိုဒ် ၆၊

မြန်မာနိုင်ငံတော်အကြံပေးအရာရှိ ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၊ ၁၉၆၀ ခုမှ ၁၉၆၂ ခုနှစ်အထိ ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဦးနု နှင့် ၁၉၄၈ မှ ၁၉၄၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူ ဝန်ကြီးချုပ်ဦးကျော်ငြိမ်းတို့ ပါဝင်ခဲ့သည်။[76] ၁၉၅၁ ခုနှစ်တွင် ABSU သည် မြန်မာပြည်ရှိ ကျောင်းသားသမဂ္ဂအားလုံးကို ကိုယ်စားပြုရန် အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် (ABFSU) ဟုအမည်ပြောင်းခဲ့သည်။[77]

၁၉၆၂ ခုနှစ် မတ်လတွင် ဗိုလ်ချုပ်ကြီးနေဝင်းမှ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသော အစိုးရအား အာဏာသိမ်းပြီးနောက်တွင် ABFSU သည်တစ်နိုင်ငံလုံးကျောင်းသား ဆန္ဒပြပွဲများကို စီစဉ်ခဲ့သည်။ စစ်တပ်မှ ဆန္ဒပြကျောင်းသားများအား သတ်ဖြတ်ခြင်း၊ ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးခြင်းနှင့် ABFSU ၏ ဌာနချုပ်ကို ဗုံးခွဲခြင်း စသော အကြမ်းဖက်မှုများဖြင့် တုန့်ပြန်ခဲ့သည်။[78] ထိုတိုက်ခိုက်မှုအပြီးတွင် ABFSU သည် မြေအောက် အခြေအနေသို့ ရောက်ရှိခဲ့သည်။[79]

ABFSU သည် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ပြန်လည် အသက်ဝင်လာပြီး ကျောင်းသားအများစုက ဦးဆောင်သည့် တစ်နိုင်ငံလုံး ဒီမိုကရေစီဆန္ဒပြပွဲများတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်။[80] စစ်တပ်သည် အကြမ်းဖက်မှုဖြင့် ထပ်မံတုန့်ပြန်ခဲ့သည်။ ဆန္ဒပြသူ ၃၀၀၀ ကျော်အား သတ်ဖြတ်ကာ ရက်သတ္တပါတ် ၆ ပါတ်အတွင်း လူထောင်ပေါင်းများစွာကို ဖမ်းဆီးခဲ့သည်။[81]

"၈၈၈၈ အရေးအခင်း" ပြီးနောက် စစ်တပ်သည် မြန်မာနိုင်ငံ၏ တက္ကသိုလ်များကို ၃ နှစ်ပိတ်ခဲ့ပြီး ABFSU ၏ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များကို ဖမ်းဆီးခဲ့ကာ မြေအောက်ပြန်ရန် အတင်းအကျပ်ဖိအားပေးခဲ့သည်။[82] သို့သော် ABFSU သည် လူ့ဘောင်သစ်နိုင်ငံရေးပါတီ ကိုဖွဲ့စည်းပြီး မြန်မာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF လက်နက်ကိုင်အုပ်စုနှင့် ညှိနှိုင်းပေါင်းဖွဲ့ကာ မြန်မာ့တပ်မတော် အာဏာရှင်များအား ဆက်လက်ဆန့်ကျင်ခဲ့သည်။[83]

၂၀၀၇ ခုနှစ် ဩဂုတ်လ ရွှေဝါရောင်တော်လှန်ရေးကာလအတွင်း စစ်တပ်အုပ်ချုပ်မှုကို အဆုံးသတ်ရန်တောင်းဆိုသည့် ထောင်ပေါင်းများစွာသော သံဃာတော်များ လမ်းများပေါ်သို့ ချီတက်လာသောအခါ ABFSU အဖွဲ့များသည် သူတို့နှင့်ပူးပေါင်းခဲ့သည်[84]။ ရွှေဝါရောင်တော်လှန်ရေး သီတင်းပါတ်များအတွင်း စစ်တပ်မှအကြမ်းဖက် ဖြိုခွဲမှုကြောင့် အဖမ်းခံရသူများထဲတွင် ABFSU ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များလည်း ပါဝင်ခဲ့သည်။[85] ABFSU ကျောင်းသားခေါင်းဆောင်အချို့သည်

76 Id. ၏ အပိုဒ် ၅၊

77 *Ibid.*

78 အာဏာပိုင်များမှ ကျောင်းသား ၁၆ ဦးအား သတ်ခဲ့သည်ဟု အစိုးရက ခန့်မှန်းခဲ့သည်။ သို့သော်လည်း အခြားသတင်းများအရ ဦးရေ ၁၀၀ ကျော်သည်ဟုဆိုသည်။ Steinberg ၏ Burma's Road Toward Development စာမျက်နှာ ၁၁၁ နှင့် အင်ကြင်းနိုင်တို့၏ "A Brief History of Students' Movement in Burma/Myanmar," မောကွန် စာပိုဒ် ၁၇၊

79 သာညွန့်ဦးနှင့် အင်ကြင်းနိုင်တို့၏ "A Brief History of Students' Movement in Burma/Myanmar," မောကွန် စာပိုဒ် ၁၆၊

80 See, Id. ၏အပိုဒ် ၂၃၊ Fink, Living Silence in Burma ၏ စာမျက်နှာ ၅၆၊ Steinberg ၏ Burma's Road Toward Development စာမျက်နှာ ၂၊ Fogarty ၏ BBC သတင်း "Was Burma's 1988 Uprising Worth It?"၊ ဩဂုတ်လ ၁၉ ရက် ၂၀၁၅ ခုနှစ် BBC သတင်း၏ "Myanmar Profile – Timeline," http://www.bbc.com/ news/world-asia-pacific-12992883.

81 သာညွန့်ဦးနှင့် အင်ကြင်းနိုင်တို့၏ "A Brief History of Students' Movement in Burma/Myanmar," မောကွန် စာပိုဒ် ၂၃၊ Fink ၏ Living Silence in Burma, စာမျက်နှာ ၅၆၊ David Steinberg ၏ Burma: The State of Myanmar (Washington D.C.: Georgetown University Press, November 30, 2001), စာမျက်နှာ ၂၊ Fogarty ၏ BBC သတင်း "Was Burma's 1988 Uprising Worth It?," တို့အားကြည့်ပါ။

82 Dan Chan Koon-Hong ၏ Legacy of the Fighting Peacock: မြန်မာဒီမိုကရေစီလှုပ်ရှားမှု၏ ကျောင်းသားများ အခန်းဂဏ္ဍကို သုံးသပ်ခြင်း Analyzing the Role of Student Activism in Burmese Democratic Movements, University of Hong Kong, 2014, စာမျက်နှာ ၈၂

83 Donald Seekins ၏ ၂၀၁၄ ခုနှစ် "ဗမာ (မြန်မာ) သမိုင်းကြောင်း အဘိဓါန် Historical Dictionary of Burma (Myanmar): All Burma Federation of Student Unions," website မှ http://hist_burma.enacademic.com/20/All_Burma_Federation_of_Student_Unions.

84 ငြိမ်းငြိမ်း၏ ဖေဖော်ဝါရီလ ၈ ရက် ၂၀၁၂ ခုနှစ်၊ The Irrawaddy "တော်လှန်ရေးကလေးတစ်ဦး" သတင်းစာမျက်နှာ ၂၊ https://www2.irrawaddy. com/article.php?art_id=22995&page=2.

85 Koon-Hong ၏ Legacy of the Fighting Peacock, စာမျက်နှာ ၈၄

ထောင်ပေါင်းများစွာသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသည့် ၂၀၁၂ ခုနှစ်အချိန်ထိ ဗိုလ်ချုပ်ကြီးသိန်းစိန်၏ စစ်အစိုးရလက်အောက်တွင် မတရားအဖမ်းခံခဲ့ရသည်။[86]

မြန်မာနိုင်ငံသည် အရပ်ဘက်အုပ်ချုပ်ရေးသို့ တစ်စိတ်တစ်ပိုင်း အကူးအပြောင်းပြီး မြန်မာနိုင်ငံရှိ လူ့အဖွဲ့အစည်းများ လွတ်လပ်စွာ ချိတ်ဆက်ခွင့် တိုးမြင့်ခြင်းခံရပြီးနောက် ABFSU သည် ၂၀၁၂ ခုနှစ်တွင် တက္ကသိုလ်ကျောင်းများတွင် ပြန်လည်တည်ထောင်ခဲ့သည်။[87]

86 Id. ၏ စာမျက်နှာ ၈၅

87 *Ibid.*

# ၁။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နှိပ်စက်မှုများ

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၃ရက်နှင့် ၂၀၁၉ ခုနှစ် ဇန္နဝါရီလ ၂ရက်အတွင်း၊ ရတနာပုံ တက္ကသိုလ်၏ စီမံခန့်ခွဲမှုနှင့် လုံခြုံရေး တိုးတက်မှုများ ရှိရန် တောင်းဆိုသည့် ABFSUမှ စီစဉ်သော ဆက်တိုက်ဆန္ဒပြမှု ၅ ကြိမ်တွင် ကျောင်းသား များ ပါဝင်ခဲ့ကြသည်။ ဆန္ဒပြမှုများသည် ၁၅ မိနစ်မှ ၃၀ မိနစ်အကြား ကြာမြင့်ခဲ့ပြီး ဆန္ဒပြသူ ၃ဦးမှ ၆၀၀ ဦးအထိ ပါဝင်ခဲ့သည်။[88] တက္ကသိုလ် တာဝန်ရှိသူများသည် ဆန္ဒပြမှုများကို တက္ကသိုလ်တံခါးများ ပိတ်ထားခြင်း သို့မဟုတ် ပါမောက္ခများမှ ဂိတ်များကို စောင့်ကြပ်ခြင်းဖြင့် ဝင်ရောက်စွက်ဖက်ခဲ့သည်။ ဤနည်းဖြင့် ကျောင်းသားများအား ကျောင်းဝင်းအတွင်း ဆန္ဒပြခြင်းများမှ တားဆီးခဲ့ကြသည်။[89] ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့နှင့် ၂၀၁၉ ခုနှစ် ဇန္နဝါရီလ ၂ ရက်နေ့တွင် အစိုးရအာဏာပိုင်များက ဆန္ဒပြပွဲ စီစဉ်သူ ၇ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မြန်မာ ရာဇဝတ်မှုပုဒ်မ ၄၃၅ နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် ဥပဒေပုဒ်မ ၁၉ ကို ချိုးဖောက်မှုဖြင့် ထောင်ဒဏ် ၃ လချမှတ်ခဲ့သည်။ ကျောင်းသားများသည် အချုပ်ခန်းတွင် ရက်ပေါင်း ၉၀ ကြာထိန်းသိမ်း ခံခဲ့ရသည်။ ကျောင်းသားများ အချုပ်ခန်းထဲတွင် ရက် ၉၀ နီးပါး နေခဲ့ရသည်။ အချုပ်ခန်းတွင် ဆန္ဒပြကျောင်းသားများထဲမှ ၄ ဦးသည် ထောင်အရာရှိများ၏ ရိုက်နှက်ခြင်းကို ခံခဲ့ကြရသည်။[90]

အသံနှင့် ဖော်တီဖိုင်းရိုက် Fortify Rights တို့သည် ရတနာပုံတက္ကသိုလ်နှင့် မြန်မာအာဏာပိုင်တို့၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို ကန့်သတ်ချက်များ အပါအဝင် မတရား ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းများဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့သည်။

## လွတ်လပ်စွာဆန္ဒထုတ်ဖေါ်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများအား တင်းကျပ်ခြင်းများ

ရတနာပုံ တက္ကသိုလ်ရှိ ABFSU အဖွဲ့ဝင်များကျောင်းသား ၃ ဦး ဖြစ်သည့် ရဲမိုးဆွေ (၂၃) နှစ်၊ ကျော်သီဟရဲကျော်

88 ရဲမျိုးဆွေ၏ ပြောပြချက်အရ နိုဝင်ဘာ ၁၃ ရက် ဆန္ဒပြပွဲသည် လူထုထောက်ခံမှု အနဲငယ်ရခဲ့သော်လည်း ဒီဇင်ဘာလ ၇ ရက်နေ့ ဒုတိယဆန္ဒပြပွဲနှင့် ဒီဇင်ဘာလ ၁၃ ရက် တတိယနေ့ဆန္ဒပြပွဲတွင် လူပေါင်း ၆၀၀ ကျော်ပါဝင်ခဲ့သည်။

89 အသံနှင့် Fortify Rights မှ ကိုလင်းကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

90 Fortify Rights မှ ကျော်သီဟရဲကျော်၊ ရဲမျိုးဆွေ၊ မျိုးချစ်ဇော် နှင့် ဖုန်းမြင့်ကျော်တို့နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။ အသံနှင့် Fortify Rights မှ ရဲမျိုးဆွေတို့နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် မေလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့်မေးမြန်းခဲ့သည်။

(၂၃) နှစ် နှင့် မျိုးချစ်ဇော် (၁၈) နှစ် တို့သည် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပထမဆုံးအကြိမ် ဆန္ဒပြပွဲကို ပြုလုပ်ခဲ့ကြသည်။ ဆန္ဒပြပွဲသည် ၁၅ မိနစ်သာကြာပြီး ဆွဲဆောင်မှုနည်းခဲ့သည်။[91] ဆန္ဒပြမှုသည် ရတနာပုံတက္ကသိုလ် ပင်မ ဂိတ်တံခါးရှေ့တွင် ဖြစ်ပွားခဲ့သည်။ ထိုနေရာတွင် ကျောင်းသားများက တက္ကသိုလ်အား လုံခြုံရေးတိုးမြှင့်ပေးရန်၊ အိမ်သာများကို ထိန်းသိမ်းရန်နှင့် ကျောင်းကိုပိုမိုကောင်းမွန်စေရန် အတွက် မော်တော်ဆိုက်ကယ် ရပ်နားရာ နေရာများမှ ရရှိသည့် ဘဏ်ဂျက်ကို အသုံးပြုခွင့်ပေးရန် တောင်းဆိုခဲ့ကြသည်။[92]

ပထမဆန္ဒပြပွဲအပြီးတွင် ABFSU မှအဖွဲ့ဝင် ၄ ဦးနှင့်အတူ ထပ်မံ၍ ကျောင်းသား ၃ ဦးဖြစ်သည့် ဇော်မိုးနိုင် (၂၃) နှစ်၊ ဘုန်းမြင့်ကျော်(၂၁)နှစ်နှင့်တက်ထူးအောင်(၂၁)နှစ်တို့သည်ဒီဇင်ဘာလ ၇ ရက်နေ့တွင်အလာတူးကိစ္စရပ်များအတွက် ဒုတိအကြိမ်းဆန္ဒပြရန် စီစဉ်ခဲ့ ကြသည်။[93] သို့သော်လည်း ရဲမျိုးဆွေကရှင်းပြရာတွင် ဆန္ဒမပြမီ တက္ကသိုလ်အရာရှိများက ကြားဝင်ဖြေရှင်းခဲ့သည် -

> "ကျွန်တော်တို့ စတင်(ဆန္ဒ)မပြခင် ကျွန်တော်သွားမှာကို အာဏာပိုင်တွေသိသွားတယ်။ သူတို့ကျွန်တော်တို့ကို မြင်တော့ တက္ကသိုလ်ဂိတ်တွေကို ပိတ်လိုက်ပြီး ဆရာတွေကို ဂိတ်တံခါးဝတွေမှာ နေခိုင်းလိုက်တယ်။ ကျွန်တော်တို့ရဲ့စည်းရုံးလှုံ့ဆော်ရေးကို တက္ကသိုလ်အနောက်ဖက် ဝင်ပေါက်တံခါးဝ ရှေ့မှာလုပ်ခဲ့ပါတယ်"[94]

ကထိကတွေက ဂိတ်တွေကိုစောင့်နေချိန်တွင် ကျောင်းသားများက တက္ကသိုလ်အနောက်ဂိတ် အပြင်ဖက်တွင် ဆန္ဒပြခဲ့ကြသည်။ ထို့အပြင် သူတို့၏ အဓိကပူပင် စိုးရိမ်းပူပန်မှုများဖြင့် ကျောင်းသားများက ဂိတ်စောင့်ရန်အတွက် ကထိကများကို အသုံးပြုခြင်းကိုပါ ကန့်ကွက် ခဲ့ကြသည်။ ရဲမျိုးဆွေက ရှင်းပြရာတွင် - "ဒုတိယဆန္ဒပြပွဲမှာ ဆရာတွေကို(အစောင့်အနေဖြင့်) အသုံးမပြုဖို့ တောင်းဆိုခဲ့ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပါမောက္ခချုပ်က တက္ကသိုလ်အုပ်ချုပ်ရေး အပေါ် သူ့အာဏာကို လွန်စွာအသုံးပြုနေလို့ပဲ"[95]

ဒုတိယအကြိမ်ဆန္ဒပြမှုသည် မိနစ် ၂၀ ကြာခဲ့ပြီး ပထမအကြိမ်းထက် ဆွဲဆောင်မှုပိုရှိကာ မန္တလေးတွင် အသတ်ခံရသည့် ကျောင်းသားမိဘများ အပါအဝင် လူဦးရေ ၁၀၀ ခန့်ကို ဆွဲဆောင်ခဲ့သည်။[96]

ထက်လင်းသန့် ၁၉ နှစ်အသတ်ခံရပြီး ၄လ အတွင်း ဒီဇင်ဘာလ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီးမှ ဒုတိယကျောင်းသားဖြစ်သူ အသတ်ခံရသည်။ ABFSU မှ တတိယအကြိမ် ဆန္ဒပြပွဲကို ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်ကာ တက္ကသိုလ်ကျောင်းသားများ၏ လုံခြုံရေးတိုးမြှင့်ပေးရန်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။[97] ABFSU ၏ အဖွဲ့ဝင် ၂၅ ဦး ပါဝင်ခဲ့သည့် အဆိုပါဆန္ဒပြပွဲသည် မိနစ် ၃၀ ခန့်ကြာခဲ့ပြီး ကျောင်းသားရေးရာ ဌာနအနီး ကျောင်းသားသစ်များ မှတ်ပုံတင်သည့် နေရာတွင် ပြုလုပ်ခဲ့သည်။[98] ဆန္ဒပြသူများသည် ဆိုင်းဘုတ်များကိုင်ဆောင်၍ လက်ကမ်းစာစောင်များဖြန့်ဝေကာ ဒေါက်တာဇော်မြင့်မောင်နှင့် တက္ကသိုလ်အာဏာပိုင်များအား တွေ့ဆုံနိုင်ရန် မေတ္တာရပ်ခံ ခဲ့ကြသည်။[99] သို့သော်လည်း

91 *Ibid.*

92 သံနှင့် Fortify Rights မှ ရဲမျိုးဆွေတို့နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

93 *Ibid.* အသံနှင့် Fortify Rights မှ ကျော်သီဟရဲကျော်၊ ရဲမျိုးဆွေ၊ မျိုးချစ်ဇော် နှင့် ဖုန်းမြင့်ကျော်တို့နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

94 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေတို့နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့တွင် စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့်မေးမြန်းခဲ့သည်။

95 *Ibid.*

96 *Ibid.*

97 *Ibid.* . ထက်လင်းသန့်သည် ပြင်ဦးလွင် ရတနာပုံနည်းပညာ ကျောင်းတွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာအင်ဂျင်နီယာ အထူးပြု ဒုတိယနှစ်ကျောင်းသား ဖြစ်သည်။ ဒီဇင်ဘာလ ၆ ရက်နေ့ သုံးတောင်ကျေးရွာမှ သူငယ်ချင်းတစ်ဦးနှင့် ညစာစား၍ ပြန်လာချိန်တွင် က်နက်ကိုင်ဆောင်လုယက်မှုကြောင့် ၎င်းမှ အသတ်ခံခဲ့ရသည်။ ဘိုဘို၏ "Yadanabon Cyber City Students Union Meets Region Government Over Murder," Mizzima, December 12, 2018, http://mizzima.com/ article/yadanabon-cyber-city-students-union-meets-region-government-over-murder - ဘိုဘိုမှ "ရတနာပုံ ဆိုက်ဘာ စီးတီးကျောင်းသားများ သမဂ္ဂနှင့် တိုင်းဒေသအစိုးရဖြင့် အဆိုပါသေဆုံးမှုကြောင့် တွေ့ဆုံခြင်း". The organizers of this protest included: Phone Myint Kyaw, Ye Lin Aung, Nay Win Kyaw, Aye Min Htun, Myo Chit Zaw, Naing Lin Aung, Ye Myo Swe, Kyaw Thiha Ye Kyaw, Zaw Toe Aung, and Minn Htike Soe. Athan and Fortify Rights telephone interview with Ye Myo Swe, Lanmadaw District, Myanmar, May 22, 2019. ဤဆန္ဒထုတ်ဖော်မှုကို ဦးဆောင်မှုပြုခဲ့သူများမှာ ဖုန်းမြင့်ကျော်၊ ရဲလင်းအောင်၊နေဝင်းကျော်၊ အေးမင်းထွန်း၊ မျိုးချစ်ဇော်၊ နိုင်လင်းအောင်၊ ရဲမျိုးဆွေ၊ ကျော်သီဟရဲကျော်၊ ဇော်တိုးအောင်နှင့် မင်း ထိုက်စိုးတို့ဖြစ်သည်။ အသံနှင့် Fortify Rights တို့မှ ဖုန်းဖြင့် ရဲမျိုးဆွေအား မေးမြန်းခဲ့သည်၊ လမ်းမတော်၊ မြန်မာနိုင်ငံ၊ မေလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်။

98 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေတို့နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့်မေးမြန်းခဲ့သည်။

99 *Ibid.*

အရာရှိများမှ ကျောင်းသားများ၏ မေတ္တာရပ်ခံချက်ကို တုန့်ပြန်ခြင်း မရှိခဲ့ပါ။[100]

အခြားတက္ကသိုလ် ကျောင်းသားတစ်ဦးဖြစ်သူ စိုးမိုးဟိန်း အသက် ၂၀ သည် ဒီဇင်ဘာလ ၂၅ ရက်နေ့ မန္တလေးမြို့တွင် အသတ်ခံရသောအခါ ABFSU အဖွဲ့ဝင်များသည် တရုပ်နိုင်ငံသို့ တာဝန်ဖြင့်ခရီးထွက်နေသည့် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်အား ဖုန်းခေါ်ဆိုခဲ့သည်။[101] ထိုအခြေအနေအား ပြန်လည်တုန့်ပြန်ရာတွင် တက္ကသိုလ်မှ ပါမောက္ခချုပ်မှ ကျောင်းသားသည် ကျောင်းချိန်တွင် သေဆုံးခဲ့ခြင်းမဟုတ်။ ထို့ကြောင့် တက္ကသိုလ် သို့မဟုတ် တက္ကသိုလ်ကောင်စီ၏တာဝန်မဟုတ် ဟုပြောကြားခဲ့သည်။[102] သူကဆက်လက်၍ "ကျွန်တော်တို့အားလုံးဟာ လူသားတွေဖြစ်တယ်။ လူသားတွေ သေကြရမှာဖြစ်တယ်" ဟုပြောခဲ့ပါသည်။[103]

ပါမောက္ခ၏ပြောကြားချက်အား တုံ့ပြန်သည့်အနေနှင့် ကျောင်းသားများ၏ လုံခြုံရေးအတွက် အကောက်အထည်ဖော်မှု မရှိသည့်အတွက် ABFSU အဖွဲ့ဝင် ကျောင်းသားများမှ ဦးဆောင်၍ သရုပ်ပြ အသုဘတစ်ခုကို ပါမောက္ခချုပ်၊ တက္ကသိုလ်နှင့်အခြား တာဝန်ရှိသူများအတွက် ပြုလုပ်ခဲ့သည်။[104] ရတနာပုံတက္ကသိုလ် ABFSU ဖေ့စ်ဘွတ်ပေါ်တွင် အားလုံးအတွက်ဖွင့်ထားသော ဖိတ်စာတစ်ခုကို ပြုလုပ်ကာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ လျှပ်စစ်နှင့် သယ်ယူပို့ဆောင်ရေးဌာနဝန်ကြီး ဇာနီအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဌာန ဝန်ကြီးဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်တို့၏ "အသုဘအခမ်းအနား" ကို အောက်ပါနေ့ဖြစ်သော ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြုလုပ်မည်ဟု ဖေါ်ပြခဲ့သည်။[105]

ဆန္ဒပြပွဲအား စီစဉ်သူများမှ သရုပ်ပြအသုဘအစီအစဉ်ကို ရတနာပုံတက္ကသိုလ် ကျောင်းသားရေးရာဌာအနီးတွင် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်ရန် စီစဉ်ခဲ့သည်။[106] ကျောင်းသားများမှ ကျောင်းသားစင်တာတွင် ဆန္ဒပြချီတက်ပွဲစတင်ရန် ပြင်ဆင်သည့်အချိန်တွင် ရတနာပုံတက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ်များဖြစ်သည့် ဒေါ်တင်မိုးသူဇာနှင့် ဒေါ်စီစီခင်တို့သည် ကျောင်းသားများအား ချည်းကပ်ကာ "တက္ကသိုလ်ဝင်းထဲမှာ ဆန္ဒမပြပါနဲ့၊ ကျောင်းဝင်းအတွင်းကထွက်သွားပါ။ ဒါမှမဟုတ်ဒုက္ခရောက်သွားလိမ့်မယ်" ဟုပြောခဲ့သည်။[107] ထိုအရာကိုတုန့်ပြန်သည့်အနေဖြင့် ကျောင်းသာများသည် ဆန္ဒပြပွဲကို တက္ကသိုလ်၏ အပြင်ဖက် အဓိကဂိတ်တံခါးရှေ့ပထဦးဆုံးဆန္ဒပြပွဲ ပြုလုပ်ခဲ့သည့် နေရာသို့ပြောင်းရွှေ့ပေးခဲ့သည်။[108]

နေ့လည် ၁၂း၄၀ မိနစ်အချိန်တွင် ABFSU အဖွဲ့ဝင် ၆ ဦးဖြစ်သည့် ရတနာပုံတက္ကသိုလ် ကျောင်းသားများဥက္ကဌ ကျော်သီဟရဲကျော်၊ဒုတိယဥက္ကဌရဲမင်းထွန်းနှင့်အဖွဲ့ဝင်များဖြစ်သည့်ရဲမျိုးဆွေ၊မျိုးချစ်ဇော်၊ဖုန်းမြင့်ကျော်၊ရဲလင်းအောင်၊ နှင့် နေဝင်းကျော် ABFSU အစည်းအဝေးခန်းမှ ရတနာပုံတက္ကသိုလ်တခါးမဆီသို့ စီတန်းလှည့်လည်ခဲ့သည်။[109] တက္ကသိုလ်တံခါးမကြီးသို့ အရောက်တွင် ဆန္ဒပြသူများသည် ဖေ့စ်ဘွတ်ရှိ အခန်းအနားဖိတ်စာတွင် ပါရှိသောနာမည်ပါအတိုင်း ဓါတ်ပုံများကို မြေပေါ်ရှိ ကတ်ထူဖြင့်ပြုလုပ်ထားသော သရုပ်ပြခေါင်းတလားပေါ်တွင် တင်လိုက်ကြသည်။[110]

ကျောင်းသားများ၊ ကထိကများ၊ တက္ကသိုလ်အရာရှိများနှင့် လမ်းသွားလမ်းများပါသော လူဦးရေ ၁၀၀ ကျော်မရှိမီ

100 *Ibid.*

101 အသံနှင့် Fortify Rights မှ ကိုလင်းကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

102 *Ibid.*

103 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေနှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် မေလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့်မေးမြန်းခဲ့သည်။

104 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေနှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် မေလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့်မေးမြန်းခဲ့သည်။

105 https://www.facebook.com/yadanabonstudentusnion. ဦးကျော်ဝင်းထွဋ် နှင့် ကျော်သီဟရဲကျော်၊ ရဲမင်းထွန်း၊ ရဲမျိုးဆွေ၊ မျိုးချစ်ဇော်၊ ဖုန်းမြင့်ကျော်၊ ရဲလင်းနောင်၊ နေဝင်းကျော်၊ အမရပူရ မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုအမှတ် - ၆၅၊ တရားစီရင်ချက်၊ ဖေဖေါ်ဝါရီလ ၁၃ ရက် ၂၀၁၉ ခုနှစ်၊ စာ-၃။ ABFSU ၏ ဖော် ပြထားသော ဖေ့ဘွတ်စ် စာမျက်နှာတွင်လည်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

106 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေနှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် မေလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့်မေးမြန်းခဲ့သည်။

107 အသံနှင့် Fortify Rights မှ ကျော်သီဟရဲကျော်၊ ရဲမျိုးဆွေ၊ မျိုးချစ်ဇော် နှင့် ဖုန်းမြင့်ကျော်တို့နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

108 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေတို့နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

109 ထွဋ် နှင့် ကျောင်းသားများ၊ အမရပူရ မြို့နယ်တရားရုံး၊ အမှုအမှတ် - ၆၅၊ စာ ၂။ အသံနှင့် Fortify Rights တို့မှ ဖုန်းဖြင့် ရဲမျိုးဆွေအား မေးမြန်းခြင်း၊ လမ်းမတော်၊ မြန်မာနိုင်ငံ၊ မေလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်။

110 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

ကျော်သီဟရဲကျော်မှ အသံချဲ့စက်တစ်လုံးဖြင့် လှောင်ပြောင်သရော်သည့် စကားတစ်ခုပြောဆိုခဲ့သည်။[111] သူက "ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင် ဒီဘဂကနေ ထွက်သွားပါပြီ၊ ဒေါက်တာမောင်မောင်နိုင် သွားလိုရာသို့ သွားနိုင်ပါပြီ၊ သင်သည် ရတနာပုံတက္ကသိုလ်နဲ့ ဘာမှမဆိုင်တော့ပါဘူး" ဟု၍ပြေခဲ့သည်။[112]

နောက်ထပ်ဆန္ဒပြ ကျောင်းသားတစ်ဦးက သရုပ်ပြခေါင်းတလားပေါ်သို့ ဓါတ်ဆီလောင်းကာ ဓါတ်ပုံများနှင့် အခေါင်းကို မီးရှို့လိုက်သည်။[113] မည်သို့ဆက်ဖြစ်သည်ကို ရဲမျိုးဆွေက ပြောပြရာတွင် -

> တချိန်တည်းမှာဘဲ ရတနာပုံတက္ကသိုလ်၏ ပါမောက္ခတစ်ဦးဖြစ်သူ ဦးသိန်းထွန်းက တူလေးတစ်လက်နဲ့ရောက်လာတယ်။ ဒေါ်ကြီးမောကြီးနဲ့ ကျောင်းသားများဖက်သို့ တူကိုချိန်တယ်။ ကျောင်းသားတစ်ချို့နဲ့ တာဝန်ရှိသူတစ်ချို့ကသူ့ကို ဆွဲပြီးတားလိုက်ရတယ်။ ဆရာတွေက မကောင်းတာတွေ အော်ပြောကြတယ်။ ဆရာမ တစ်ယောက်က "သူတို့ကို ရိုက်လိုက်၊ ရိုက်လိုက်"လို့အော်ခဲ့ကြောင်း ပြောပြပါသည်။[114]

တက္ကသိုလ်လုံခြုံရေးအစောင့် ၆ ဦးမှ မီးလောင်နေသော သရုပ်ပြအခါင်းပေါ် ရေလောင်းပြီး ကွဲသွားအောင်ကန်ထုတ်ခြင်းဖြင့် မီးငြိမ်းအောင် ကြိုးစားခဲ့ကြသည်။[115] ပြီးနောက် ခန့်မှန်းခြေ အရပ်ဝတ်ရဲအရာရှိ ၂၀ ဦးက ဆန္ဒပြကျောင်းသား ၃ ဦးဖြစ်သည့် ရဲမျိုးဆွေ၊ ကျော်သီဟရဲကျော်နှင့် ရဲမင်းထွန်း တို့ကို ဖမ်းဆီးခဲ့သည်။

ရဲမျိုးဆွေက ဖမ်းဆီးခြင်းနှင့်ပါတ်သက်၍ "ပြီးနောက် အရပ်ဝတ်ရဲအရာရှိတွေ ရောက်လာတယ်။ ကျွန်တော်ကသူတို့ကို မေးတယ်။ 'မင်းတို့ကရဲတွေလား၊ မင်းတို့ငါတို့ကို ဖမ်းမှာလား' သူတို့က 'ဟုတ်တယ်'။ ဒါကြောင့်သတင်းသမားနဲ့ အင်တာဗြူးအပြီးမှာ ကျွန်တော်တို့ သူတို့ကားထဲဝင်လိုက်တယ်။ သူတို့ကားတွေက ရဲကားအမှတ်အသားတွေလဲ မပါဘူး" ဟုရှင်းပြသည်။[116]

ရဲအရာရှိများသည် ကျောင်းသားများကို တစ်ညတာ ထိမ်းသိမ်းခဲ့သည့် အမရပူရမြို့ ရဲစခန်းသို့ ခေါ် ဆောင်သွားသည်။[117] ထိုနေ့နောက်ပိုင်းတွင် လက်ထောက်ရဲမှူး ဦးခင်မောင်စိုးမှ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် ကျောင်းသား (၇) ဦးအား မြန်မာရာဇသတ်ကြီး ပုဒ်မ ၁၁၈ အားချိုးဖောက်မှုအပါအဝင် ပြစ်မှုများစွာကျူးလွန်ခဲ့သည်ဟုဆိုကာ တရားစွဲဆိုခဲ့သည်။[118]

- ပုဒ်မ၅၀၅(ခ)–"မည်သူမဆို၊ဖေါ်ပြချက်ကိုဖြစ်စေ၊ကောလဟာလကိုဖြစ်စေ၊သတင်းကိုဖြစ်စေ၊သို့တည်းမဟုတ် ထုတ်ပြန်ကြောရာတွင် သို့မဟုတ် ဖြန့်ချီရာတွင် အများပြည်သူများအား ကြောက်ခြင်း သို့မဟုတ် ထိတ်လန့်ခြင်း တစ်ခုခုဖြစ်ရန် သို့မဟုတ် ဖြစ်စေတန်သည့် အကြံရှိလျှင် .... မည်သူမဆို အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့် ပြစ်မှုကို" ကျူးလွန်ပါက ၂ နှစ်အထိ ထောင်ဒဏ်နှင့်/သို့မဟုတ် ဒဏ်ငွေကျခံနိုင်သည်။
- ပုဒ်မ ၃၅၃ - တာဝန်ထမ်းဆောင်နေသည့် ပြည့်သူဝန်ထမ်းကို ရာဇဝတ်မကင်းသော အင်အားအသုံးပြု၍ ဟန့်တားရန် ကျူးလွန်ခြင်းကို တားမြစ်ထားပြီး ကျူးလွန်ပါက ၂ နှစ်အထိ ထောင်ဒဏ်နှင့်/သို့မဟုတ် ဒဏ်ငွေကျခံ နိုင်သည်။
- ပုဒ်မ ၄၃၅ - ရူပီးငွေ ၁၀၀ နှင့်အထက်ရှိ တန်ဖိုးရှိသော မည်သည့်ပစ္စည်းကိုမဆို မီးဖြင့်ဖျက်ဆီးမှုကို တားမြစ်

111 Fortify Rights မှ ကောင်းဇော်ဟိန်းနှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။ ထွင့်နှင့်ကျောင်းသားများ၊ အမရပူရမြို့နယ်တရားရုံး၊ အမှုအမှတ် - ၆၅၊ စာ ၃။

112 အသံနှင့် Fortify Rights တို့မှ ကောင်းဇော်ဟိန်းနှင့် နိုင်လင်းဦးတို့အား မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

113 Fortify Rights မှ ကျော်သီဟရဲကျော်၊ ရဲမျိုးဆွေ၊ မျိုးချစ်ဇော် နှင့် ဖုန်းမြင့်ကျော်တို့နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

114 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေတို့နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။ ထွင့် နှင့် ကျောင်းသားများ၊ အမရပူရ မြို့နယ်တရားရုံး၊ အမှုအမှတ် - ၆၅၊ စာ ၂။ အသံနှင့် Fortify Rights တို့မှ ဖုန်းဖြင့် ရဲမျိုးဆွေအား မေးမြန်းခြင်း၊ လမ်းမတော်၊ မြန်မာနိုင်ငံ၊ မေလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်။

115 Ibid.

116 Ibid.

117 Fortify Rights မှ မျိုးချစ်ဇော် နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာလ ၇ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

118 ထွင့်နှင့်ကျောင်းသားများ၊ အမရပူရမြို့နယ်တရားရုံး၊ အမှုအမှတ် - ၆၅၊ စာ ၄။ မြန်မာနိုင်ငံပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ၊ ဇန်နဝါရီလ ၅ ရက်၊ ၁၈၆၁ ခုနှစ် (ဇူလိုင် ၁ ရက် ၂၀၁၆ ခုနှစ်တွင်ပြင်ဆင်ခဲ့) ပုဒ်မ ၅၀၅ (ခ)။ ကိုလိုနီခေတ် မြန်မာနိုင်ငံသုံးငွေ ရူပီအား ကျပ်ငွေဖြင့် ၁၉၄၃ တွင် အစားထိုးခဲ့သည်။

ထားပြီး ကျူးလွန်ပါက ၇ နှစ်အထိ ထောင်ဒဏ်နှင့် ဒဏ်ငွေကျခံ နိုင်သည်။

- ပုဒ်မ ၁၄၁ - ရာဇဝတ်မှု မမြောက်ရန် တားမြစ်ထားသည်။

ရဲသည်ကျောင်းသားများအားငြိမ်းချမ်းစွာစုဝေးခြင်းဥပဒေပုဒ်မ၄ကိုချိုးဖောက်သည်ဟုစွပ်စွဲခဲ့သည်။ဆန္ဒပြသူများသည် အဆိုပြုထားသော စုဝေးမှု သို့မဟုတ် လှည့်လည်မှု မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ ဒေသခံအာဏာပိုင်များထံ အကြောင်းကြားစာကို တင်ပြရန်လိုသည်။ ပုဒ်မ ၄ ကိုချိုးဖောက်မှုများ အားလုံးသည် ၃ လထောင်ဒဏ်နှင့်/ သို့မဟုတ် မြန်မာကျပ်ငွေ ၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၉.၅၀) အထိ ပြစ်ဒဏ်ချမှတ်ခြင်း ခံရနိုင်သည်။[119]

ရတနာပုံတက္ကသိုလ်၏ ABFSU ၏ ဒုတိယဥက္ကဋ္ဌဟောင်းဖြစ်သူ နိုင်ရဲဝေသည် ဆန္ဒပြပွဲတွင် မပါဝင်ခဲ့သော်လည်း ရဲက ၄င်းပြစ်မှုများဖြင့် တရားစွဲခဲ့သည်။[120]

နောက်တစ်ရက်တွင် အမရပူရမြို့နယ်တရားရုံးက ကျောင်းသားများကို အမခံမပေးဘဲ မန္တလေးရှိ အိုးဘို အကျဉ်းထောင်တွင် ထိန်းသိမ်းထားရန် အမိန့်ချခဲ့သည်။[121]

သရုပ်ပြ အသုဘအခမ်းအနားကို စီစဉ်သူ ၃ ဦးအား ဖမ်းဆီးပြီးနောက်၊ ABFSU ၏ အခြားအဖွဲ့ဝင် ၄ ဦးဖြစ်သည့် ရဲလင်းအောင် (၂၀)နှစ်၊ နေဝင်းကျော် (၂၂) နှစ်၊ ဖုန်းမြင့်ကျော် (၂၀)နှစ်၊ နှင့် မျိုးချစ်ဇော် (၁၈)နှစ် တို့သည် ဆန္ဒပြပွဲတစ်ခုကို ဇန္နဝါရီလ ၂ ရက်တွင်ပြုလုပ်ကာ ထိန်းသိမ်းခံထားရသည့် ကျောင်းသားများလွတ်မြောက်ရန် တောင်းဆိုခဲ့ကြသည်။[122] ၄င်းကျောင်းသားများသည် ဒီဇင်ဘာလ ၂၈ ရက်နေ့ ပါဝင်ခဲ့ကြသော်လည်း ကျောင်းသားများ ခေါင်းတလားအား မီးစရှို့ချိန်တွင် ဆန္ဒပြပွဲမှ ထွက်ခွါခဲ့သည်။[123] မျိုးချစ်ဇော်ကရှင်းပြရာတွင် -

> "မစခင် ဘယ်သူတွေဘာလုပ်မလဲ၊ ဘယ်သူစကားပြောမလဲ၊ ဘယ်သူတွေ အခေါင်းမီးရှို့မလဲ၊ စသည်ဖြင့် ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ ရဲက ကျွန်တော်တို့ကို ဖမ်းမယ်ဆိုတာ သိထားပါတယ်။ ဒါကြောင့် ရဲတွေကို ဆွဲဆောင်အောင် သူတို့နဲ့ နီးတဲ့နေရာမှာ ၃ ယောက်ကိုရွေးပြီး ထားပါတယ်။ ဒါကြောင့် နောက်ပိုင်း ဆန္ဒပြပွဲမှာ ကျောင်းသား ၄ ယောက်ပိုရှိအောင်ပေါ့။ ကျွန်တော်တို့ အဖော်တွေအဖမ်းခံရတဲ့နောက် ကျွန်တော်တို့ ထွက်ပြေးခဲ့တယ်။ နောက်ဆန္ဒပွဲအတွက်ပေါ့။"[124]

ကျောင်းသား ၄ ယောက်မှာ ရတနာပုံတက္ကသိုလ် ပင်မဂိတ်သို့ ဇန္နဝါရီလ (၂) ရက်နေ့တွင်ပြန်လာပြီး ဂိတ်တံခါးရှေ့ မြေပေါ်တွင်ထိုင်ကာ "အဖမ်းခံရတဲ့ ကျောင်းသားတွေ လွှတ်ပေး" ဟု ကြွေးကြော်ခဲ့ကြသည်။[125] မိနစ် ၃၀ အကြာတွင် အရပ်ဝတ်ဖြင့် ရဲအရာရှိ ၁၅ ဦးက ၄င်းတို့ကို ဖမ်းပြီး တံဆိပ်မပါသော သာမန်ကားဖြင့် အမရပူရမြို့နယ်ရဲစခန်းသို့ ခေါ်ဆောင်သွားသည်။[126]

ကျောင်းသား ၄ ဦးကို ရဲက မန္တလေးရှိ ပြည်ကြီးတံခွန်မြို့နယ် ရဲစခန်းသို့ခေါ်ဆောင်သွားသည်။ ၄င်းနေ့တွင်ပင် ကျောင်းသားများကို အာမခံမပေးဘဲ အိုးဘိုထောင်တွင် ချုပ်ထားရန် အမရပူရတရားရုံးက အမိန့်ချမှတ်လိုက်သည်။[127]

---

119 မြန်မာနိုင်ငံပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၀၅ (ခ)၊ ၁၅၁၊ ၄၃၅ နှင့် ၁၁၄။ ထွင့်နှင့်ကျောင်းသားများ၊ အမရပူရမြို့နယ်တရားရုံး၊ အမှုအမှတ် - ၆၅၊ စာ ၄ ။ Fortify Rights မှ ကောင်းဇော်ဟိန်းအား မေးမြန်းခြင်း၊ မန္တလေး၊ မြန်မာနိုင်ငံ၊ မတ်လ၁၄ ရက်၊ ၂၀၁၉ ခုနှစ်။ Fortify Rights မှ "မြန်မာနိုင်ငံ - မန္တလေးမှ တက္ကသိုလ်ကျောင်း သား ၇ ဦးလွှတ်ခြင်း"။

120 တရားရုံးမှ "ABFSU ဥက္ကဋ္ဌဟောင်း နိုင်ရဲဝေအား စီတန်းလှည့်လည်ခြင်းကြောင့်သော်လည်း ကောင်း" အခြား ABFSU ကျောင်းသားများအားလည်း စီရင်ချက်ရေးသားခဲ့သည်။ သို့သော်လည်း ABFSU ကျောင်းသားများမှ ထိုအရေးယူမှုအား ယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ရဲဝေမှ စီတန်းလှည့်လည်ခြင်းတွင် ပါဝင်ခဲ့ခြင်းမရှိဘဲ လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် အေးဆေး ထိုင်နေသူဖြစ်ကြောင်း ရဲမျိုးဆွေမှ Fortify Rights သို့ပြောပြခဲ့သည်။ နိုင်ရဲဝေမှ မတ်လ ၂၀၁၉ ခုနှစ်တွင် ရဲများလိုက်လံဖမ်းဆီးခြင်းကို ရက်အနည်းငယ် ကြာသည့်တိုင် ၄င်းမှ ရှောင်ရှားခဲ့ကြောင်းကို ရဲမျိုးဆွေမှ ပြောခဲ့သည်။ အသံနှင့် Fortify Rights တို့မှ ဖုန်းဖြင့် ရဲမျိုးဆွေအား မေးမြန်းခဲ့သည်၊ လမ်းမတော်၊ မြန်မာနိုင်ငံ၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်။ ထွင့်နှင့်ကျောင်းသားများ၊ အမရပူရမြို့နယ်တရားရုံး၊ အမှု အမှတ် ၆၅၊ စာ ၂။

121 Fortify Rights မှ ကျော်သီဟရဲကျော်၊ ရဲမျိုးဆွေ၊ မျိုးချစ်ဇော် နှင့် ဖုန်းမြင့်ကျော်တို့နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် နိုဝင်ဘာလ ၅ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

122 အသံနှင့် Fortify Rights မှ ကိုလင်းကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

123 အသံနှင့် Fortify Rights မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

124 *Ibid.*

125 *Ibid.*

126 *Ibid.* Fortify Rights မှ ကောင်းဇော်ဟိန်းနှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်တွင် မတ်လ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

127 အသံနှင့် Fortify Rights မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာလ ၁၇ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အမရပူရမြို့နယ်တရားရုံးမှ အမှု ၅ မှုဖြင့် ကျောင်းသား ၇ ဦးကို တရားဆွဲရန်ဆုံးဖြတ်ခဲ့သည်။[128] ထိုနေ့မှာပင် မန္တလေးတွင် ABFSU အဖွဲ့ဝင်များသည် အသတ်ခံခဲ့ရသည့် ကျောင်းသားမိဘများနှင့်အတူ မန္တလေးမြို့ရှိ အစိုးရရုံးချုပ် အဆောက်အဦရှေ့တွင် ဆန္ဒပြပြီး ကျောင်းသားများအပေါ် စွဲချက်တင်ခြင်းကို ရုပ်သိမ်းပေးရန် တောင်းဆိုကြသည်။[129]

ဆန္ဒပြကျောင်းသားတစ်ဦးဖြစ်သူ မင်းထက်မြတ်က ဆန္ဒပြသူများအား ရဲကမည်ကဲ့သို့ ချိန်းခြောက်ခဲ့သည်ကို ဖေါ်ပြရာတွင် -

> ကျွန်တော်တို့အစိုးရရုံးအဆောင်အဦရှေ့မှာစုရုံးခဲ့တယ်။အစိုးရကကျွန်တော်တို့ကိုလမ်းသွားလမ်းလာပိတ်ဆို့မှုနဲ့ တရားစွဲမယ်လို့ ချိန်းခြောက်တယ်။ ရဲတွေရောက်လာပီး ကျွန်တော်တို့ ဖမ်းမတတ်ဖြစ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေကအများကြီး။ ဝန်ကြီးချုပ်နဲ့တွေ့ဖို့ကျောင်းသားတွေ အများကြီးလာတယ်။ အဲဒီမှာ မိဘများနဲ့ ကျောင်းသားများအပါအဝင် ၅၀ ယောက်ရှိတယ်။ (လူတွေ) ကို အစိုးရအဆောက်အဦရှေ့မှာ စုရုံးဖို့ အခွင့်အရေး မပေးခဲ့ဘူး။

နောက်ဆုံးတွင် ဒေသဆိုင်ရာအစိုးရနှင့် တက္ကသိုလ်များမှ ဆန္ဒပြစီစဉ်သူများနှင့် တွေ့ရန် သဘောတူခဲ့သည်။ ဆွေးနွေးပွဲသည် ဇန်နဝါရီလ ၂၄ ရက် မနက် ၉ နာရီအချိန်တွင် ပြုလုပ်ခဲ့သည်။ ၎င်းအစည်းအဝေးတွင် ABFSU အဖွဲ့ဝင် ၆ ဦးဖြစ်သည့် သက်မောင်မောင် (၂၁)နှစ်၊ ပြည့်စုံ (၂၆)နှစ်၊ အောင်သူရိန် (၂၀)နှစ်၊ နောင်ထက်အောင် (၂၀)နှစ်၊ သက်ဦးပိုင် (၂၀)နှစ်၊ နှင့် မင်းထက်မြတ် (၂၄)နှစ်တို့ အပြင် ရှမ်းပြည်နယ် ကျောင်းသားသမဂ္ဂမှ စိုင်းကျော်ဇော်ဟန် (၂၃)နှစ် တို့ပါဝင်ခဲ့သည်။[130] အစိုးရနှင့် တက္ကသိုလ်များကိုယ်စားလှယ် အဖြစ် မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဦးကျော်ကျော်မင်း၊ မန္တလေးတိုင်းဒေသကြီး ရှေ့နေချုပ်ဦးအောင်ဝင်း၊ မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးဦးစိန်လွင်နှင့် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ် ၄ဦး၊ အစိုးရနည်းပညာတက္ကသိုလ်မှ ဦးစိုးလှနိုင်၊ စစ်ကိုင်းပညာရေးကောလိပ်မှ ဦးသူဝေလွင်၊ မိတ္ထီလာတက္ကသိုလ်မှ ဦးမင်းထက်မြတ်နှင့် ပခုက္ကူတက္ကသိုလ်မှ ဦးမောင်မောင် တို့ပါဝင်သည်။[131]

မင်းထက်မြတ်က အစည်းအဝေးအကြောင်း ပြောရာတွင် -

> ဆန္ဒပြမှုတွေက လာမဲ့ရွေးကောက်ပွဲတွေကို အနှောက်အယှက်ပေးမှာ သူစိုးရိမ်ကြောင်း ကျွန်တော်တို့ကို ဝန်ကြီးချုပ်ပြောပါတယ်။ မန္တလေးရဲ့ တည်ငြိမ်မှုကို သူကာကွယ်လိုကြောင်းနဲ့ တရားရင်ဆိုင်ရချိန်တွင်း နောက်ထပ် ဆန္ဒပြမှုတွေ မလုပ်ဖို့ ကျွန်တော်တို့ကို ပြောပါတယ်။ အကြောင်းအရာတွေရှိရင် သူ့ဆီလာဖို့ "ခင်ဗျားတို့ လိုတာတစ်ခုခုရှိရင် ကျွန်တော်ကိုအရင်ပြောပါ။ ကျွန်တော့်ဆီလာပါ။ ဆန္ဒအရင်မပြပါနဲ့။ ခင်ဗျားတို့တစ်ခုခုလိုရင် ဖြစ်နိုင်ရင် ကျွန်တော်တို့ဖြည့်စည်းပေးပါ့မယ်။ ပထမဆုံးတော့ ဆန္ဒမပြပါနဲ့" လို့ ကျွန်တော်တို့ကို ပြောပါတယ်။[132] အဖမ်းခံထားရသော ကျောင်းသား ၇ ဦး တရားရင်ဆိုင်ချိန်အတွင်း ဆန္ဒမပြရန် ကျောင်းသားများက သဘောတူခဲ့ပြီး အလဲအလှယ်အနေဖြင့် ကျောင်းသားများက ရာဇသတ်ကြီးဖြင့် စွဲချက်တင်ထားခြင်းကို ပြန်လည်ရုပ်သိမ်းရန်နှင့် ဆက်လက်ပြီးအမှုစွဲချက် မတင်ရန် အစိုးရကို ပြောခဲ့သည်။[133]

မူရင်းဆန္ဒပြပွဲများ၏ အခြေခံအကြောင်းအရင်းများ ဆက်လက်တည်ရှိဆဲ ဖြစ်သော်လည်း မင်းထက်မြတ်က ရှင်းပြရာတွင် သူတို့အဓိက ထားသည့် အချက်မှာ "ဒီအစည်းအဝေးမှာ လုံခြုံရေးနဲ့သန့်ရှင်းရေးကို သူတို့အဓိကထားတာ မဟုတ်ဘူး။ သူတို့အဓိကထား အာရုံစိုက်တာက ကျွန်တော်တို့ အဖော်ကျောင်းသားတွေ အပေါ်စွဲချက်တင်တာနဲ့ ကျောင်းသားတွေအပေါ် တရားစွဲတာတွေကို အဆုံးသတ်ဖို့ဘဲ"။[134]

ကျောင်းသားများရင်ဆိုင်ရသည့် အမှု ၅ ခုမှ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ ၁၁၄၊ နှင့် ၃၃၅ အပါအဝင် အမှု ၃ မှုကို

128 ဒီလိုင်ဝင်းမှ "တက္ကသိုလ်ကျောင်းသား ၇ ဦးမှ လူရုပ်ပုံစံမီးရှို့မှုဖြင့် ထောင်ဒဏ်ချမှတ်ခံရခြင်း" - ဧရာဝတီ၊ ဖေဖေါ် ဝါရီလ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်။ *https://www.irrawaddy.com/news/seven-university-students-jailed-connection-effigy-burnings.html.*

129 အသံနှင့် Fortify Rights မှ မင်းထက်မြတ်နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာလ ၁၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

130 *Ibid.*

131 *Ibid.*

132 *Ibid.*

133 *Ibid.*

134 *Ibid.*

ရုပ်သိမ်းရန် အာဏာပိုင်များက သဘောတူခဲ့သည်။[135] မင်းထက်မြတ်က အမှုအားလုံးကို ရုပ်သိမ်း၍ မရခြင်း၏ အကြောင်းရင်းကို ရှင်းပြရာတွင် -

> အစိုးရကပြောတာတော့ ၃ မှုကတော့ အစိုးရစွဲတာဖြစ်ပြီး ၂ မှုကတော့ ရဲကစွဲတာ ဖြစ်တယ်။ ရဲကစွဲတဲ့အမှု ၂ ခုက ပုဒ်မ ၄၂၅ မီးရှို့မှုနဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းဥပဒေနဲ့ စွဲတဲ့ အမှုတွေဖြစ်တယ်။ ကျွန်တော်တို့စည်းဝေးတုံးက အစိုးရက သူတို့စွဲတဲ့အမှုတွေ ပြန်ရုပ်သိမ်းမယ်။ ဒါပေမဲ့ ရဲကတော့ ဆက်စွဲမယ်။ အစိုးရကရဲကို ဘာလုပ်ရမလဲဆိုတာ ပြောလို့မရဘူး။[136]

ဤညှိနှိုင်းဆွေးနွေးမှုများနှင့်အညီ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အမရပူရမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က ကျောင်းသားများအား စွဲဆိုထားသည့် အမှု ၃ ခုကို ရုပ်သိမ်းခဲ့သည်။ သို့သော်လည်း ရာဇသတ်ကြီးပုဒ်မ ၄၅၄ နှင့် ငြိမ်းချမ်းစွာစုဝေးခြင်း ဥပဒေ ပုဒ်မ ၁၉ များအား ချိုးဖောက်မှုဖြင့် စွဲချက်များ ကျန်ရှိခဲ့သည်။

## အမှုရင်ဆိုင်သည့်အချိန်တွင် ထောင်တွင်း ညှင်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာ ဆက်ဆံခြင်းများ

ဇန္နဝါရီလ ၂ ရက်တွင် ရဲမှ ဖမ်းဆီးခဲ့သည် ကျောင်းသား ၄ ဦးဖြစ်သည့် ရဲလင်းအောင်၊နေဝင်းကျော်၊ ဖုန်းမြင့်ကျော်၊ နှင့် မျိုးချစ်ဇော် အိုးဘိုးထောင်တွင် ရှိနေချိန်အတွင်း ထောင်အာဏာပိုင်များ၏ ရိုက်နှက်ခြင်း ခံခဲ့ရသည်။

မတ်လ ၂၄ ရက်နေ့ ည ၉ နာရီခန့်တွင် မိမိနှင့် အဖော်များ မည်သို့ ထောင်အာဏာပိုင်များ၏ အခြိမ်းခြောက်ခံရပြီး ရိုက်နှက်ခြင်းခံရသည်ကို အသံနှင့် ဖော်တီဖိုင်းရိုက် Fortify Rights တို့ကို မျိုးချစ်ဇော်က ပြောပြပါသည်။ သူကပြောရာတွင် -

> ၄င်းည ထောင်သားများ အိပ်ရာဝင်ရမည့်အချိန်တွင် ကျွန်တော်တို့ ကျားကွက် ကစားနေပြီး သီချင်းဆိုနေပါတယ်။ … အရက်မူးနေတဲ့ ထောင်စောင့်တစ်ယောက် ကျွန်တော်တို့ဆီလားပြီး ကျွန်တော်တို့ကို သီချင်းမဆိုဖို့နဲ့ ကျားကွက်မကစားဖို့ပြောပါတယ်။ ကျွန်တော်တို့က ငြင်းလိုက်တာနဲ့ အစောင့်ကထွက်သွားပြီး ခဏကြာတဲ့အခါ ထောင်ရဲ့လက်ထောက်ဖြစ်သူနဲ့ပြန်လာပါတယ်၊ … ကျော်ဆွေ…ကျော်ဆွေ ဆိုပြီး ကျွန်တော်တို့ကို အော်ပါတယ်။ "မင်းတို့ ကိုယ့်ကိုကိုယ် ဘာထင်လို့လဲ" လို့ သူကပြောပါတယ်။ "အခုရပ်လိုက်(ကျားကွက်ရွှေ့ကစားတာကို)၊ ဒါမှ မဟုတ်ရင် မင်းတို့ကိုငါလေးခွန့်ပြစ်မယ်" လို့ပြောတယ်။ ကျွန်တော်တို့က ရပ်ဖို့ငြင်းတယ်။ ကျွန်တော်တို့က ထောင်မှူးကိုခေါ်ပေးဖို့ သူတို့ကို ပြောလိုက်တယ်။ ကျွန်တော်တို့ ငြင်းခုံနေကြတော့ သူတို့ရဲ့ အထက်အရာရှိကို ခေါ်ခိုင်းလိုက်တယ်။[137]

ကျော်ဆွေနဲ့ ကျောင်းသားများအကြား ၁၅ မိနစ်လောက်ငြင်းခုံမှု ဖြစ်ပွားပြီးနောက် ကျော်ဆွေပြန်ထွက်သွားတယ်။ နောက်တော့ အခြားအစောင့် ၂၀ မှ ၃၀ ယောက် တုပ်၊ သေနပ်များကိုယ်ဆောင်ကာ ပြန်လာတယ်။[138] ဖုန်းမြင့်ကျော်က ဘာဆက်ဖြစ်သည်ကို ရှင်းပြရာတွင် -

> ငြင်းခုံမှုများ ပြီးခါနီးအချိန်တွင် အစောင့်များက ကျားကွက်ကစားခုံနှင့် အချုပ်ခန်းထဲရှိ ပန်ကန်ပြားများ၊ စာပွဲတစ်လုံးနှင့် ခွက်များကို ခြေထောက်ဖြင့် ကန်သည်။ ကျွန်တော်တို့က "ခင်ဗျားတို့ဒီလိုမလုပ်သင့်ဘူး၊ ကျွန်တော်တို့ ပစ္စည်းတွေကို လဲမကန်သင့်ဘူး" ပြောတယ်။ ဒါဟာ လောင်နေတဲ့မီးထဲကို လောင်စာထပ်ထည့် လိုက်သလို ဖြစ်သွားတယ်လို့ သဘောပေါက်လာခဲ့တယ်။[139]

မည်သို့ဆက်ဖြစ်သည်ကို မျိုးချစ်ဇော်က ရှင်းပြရာတွင် -

> (အစောင့်တစ်ဦး)က၊ "ထောင်မှူးကမင်းကို တွေ့ချင်တယ် (ဖုန်းမြင့်ကျော်အား လက်ညှိုးထိုး၍) ပြောတယ်။ ဒါနဲ့ ကျွန်တော်က "ကျွန်တော်တို့က သူတို့ဒီကိုလာစေချင်ပါတယ်" လို့ပြောလိုက်တယ်။ နောက်တော့ (အစောင့်

135 Ibid.

136 Ibid.

137 Fortify Rights မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်ခရိုင်၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

138 Ibid. အသံနှင့် Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် ရဲမျိုးဆွေတို့နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်ခရိုင် ဧပြီလ ၂ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

139 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

> များ) အပြင်ထွက်သွားကြပြီး တံခါးပိတ် လိုက်တယ်။ သူတို့ပြန်လာပြီးတော့ ပြောတာက "ဖုန်းမြင့်ကျော်၊ မင်းက အသံအကျယ်ဆုံး။ မင်းတစ်ယောက်ထဲ လာခဲ့"။ ကျွန်တော်တို့က "ခင်ဗျားတို့နောက် သူလိုက်မှာမဟုတ်ဘူး။ သူ ခင်ဗျားတို့ နောက်မလိုက်သင့်ဘူး။"

တစ်ယောက်ထဲ ထောင်မှူးနဲ့သွားတွေ့ဖို့ သူတို့ဆန့်ကျင်ရခြင်း အကြောင်းရင်းကို မျိုးချစ်ဇော်က အသံနှင့် ဇော်တီဖိုင်းရိုက် ကို ပြောပြရာတွင် -

> ဘာဖြစ်လို့ ကျွန်တော်တို့ မသွားရဘူးလို့ ပြောတာက သူတို့ထောင်သားတွေကို တစ်ယောက်ပြီးတစ်ယောက် ခေါ်တယ်ဆိုရင် သူတို့ရိုက်နှက်လေ့ရှိတယ်။ ဒါကြောင့်ကျွန်တော်တို့က "ခင်ဗျားတို့ကျွန်တော်တို့ကို အခန်းထဲက ခေါ်မယ်ဆိုရင် ငါတို့အားလုံးကို ခေါ်ထုတ် သွားပါ" ဟုပြောလိုက်တယ်။ ဒီအချိန်မှာ အစောင့်တွေနဲ့ အရာရှိဟာ ဖုန်းမြင့်ကျော်ကို အချုပ်ခန်းထဲက ဆွဲခေါ်ထုတ်ဖို့ကြိုးစားတာကို ကျွန်တော်တို့က တားတော့ ရုန်းကန်မှုတွေ ဖြစ်သွားတယ်။[140]

အစောင့်များ ဖုန်းမြင့်ကျော်အား မခေါ်သွားနိုင်ရန် ကာကွယ်ကြခဲ့သောကြောင့် စုရုံးလာသော ထောင်အစောင့်များနှင့် အရာရှိက ကျောင်းသားများကို စတင်ရိုက်နှက်ကြသည်။ ရိုက်နှက်မှုများကို မျိုးချစ်ဇော်က ရှင်းပြရာတွင် -

> ထောင်စောင့် ၄ - ၅ ယောက်က ကျောင်းသားတစ်ယောက်ခြင်း ကိုရိုက်တယ်။ နေဝင်းကျော်ရဲ့ မျက်နှာကို (သူတို့) စစ်ဖိနပ်တွေနဲ့ကန်တယ်။ အခြားအစောင့်တစ်ယောက်က ကျွန်တော့လက်တွေကို အနောက်ကနေ ဆွဲထားတဲ့အတွက် ကျွန်တော်မလှုပ်နိုင်တော့ အခြားအစောင့် တစ်ယောက်က ကျွန်တော့မျက်နှာကိုရိုက်ပြီး ဗိုက်ကိုခြေထောက်နဲ့ကန်တယ်။ အစောင့် ၂ ယောက်က ကျွန်တော်ကိုဆွဲထားတဲ့ အချိန်မှာ အခြား ၂ ယောက်က ကျွန်တော့ကို ကန်တယ်၊ ရိုက်နှက်ခဲ့ကြတယ်။ အစောင့်တွေက ကျွန်တော့နောက်ကျောကို လက်ကိုင်တုတ် တစ်ချောင်းနဲ့ ရိုက်တယ်။ သူတို့ကျွန်တော့ လက်နဲ့ခြေထောက်တွေကို လဲရိုက်တယ်။ သူတို့ ကျွန်တော်တို့ကို အနဲဆုံး ၁၅ မိနစ်လောက် ရိုက်တယ်။ အစောင့်တွေက ကျွန်တော်တို့ကို လက်ကိုင်တုတ်တွေ၊ သာမာန်တုတ်တွေနဲ့ရိုက်ပြီး ထောင်တွေထဲမှာဘဲသုံးတဲ့ အထူးတုတ် တစ်မျိုးပေါ့။[141]

ဖုန်းမြင့်ကျော်ကလည်း အလားတူရိုက်နှက်မှုများကို ဖေါ်ပြရာတွင် - "ကျွန်တော် အစောင့် ၇ ယောက်ရိုက်တာကို ခံခဲ့ရတယ်။ တုတ်တွေနဲ့ အရိုက်ခံခဲ့ရတယ်။ သူတို့ဆီမှာ ဂါယာကြီးတစ်ခုနဲ့ ပါတ်ထားတဲ့ အထူးတုတ်တစ်ခုရှိတယ်။ အဲဒါနဲ့ကျွန်တော့ကို ရိုက်တယ်။ ကျွန်တော့ခေါင်းကို ထိုးတယ်။ ကျွန်တော်အကာနခံခဲ့ရတယ်။[142] သူကပြောပြရာတွင် ရိုက်နှက်မှုများ ဖြစ်ပွားပြီးနောက် "ကျောနဲ့မအိပ်နိုင် တော့ဘူး။ ကျွန်တော်တို့ စောင်းပီးဘေးနဲ့ အိပ်ရတယ်။ ဒါက တော်တော်ဆိုးတယ်။ တော်တော်နာကျင်တယ်။"[143]

ရဲလင်းအောင်က သူ့ကိုယ်သူမည်ကဲ့သို့ ကြိုးစားကာကွယ် ခဲ့ကြောင်းကို အောက်ပါအတိုင်းရှင်းပြသည် -

> ကျွန်တော့ခေါင်းကို လက်တွေနဲ့ကြိုးစား ကာတယ်။ ဒါကြောင့် (အစောင့်တွေ) ကျွန်တော့လက်နဲ့ လည်ပင်းကို ရိုက်ကြတယ်။ နာကျင်မှုကို ကျွန်တော်လဲကြာကြာ သည်းမခံနိုင်တော့ ကျွန်တော်မရှောင်တော့ဘဲ ပြန်တိုက်ခိုက်လိုက်တယ်။ ကျွန်တော်ဟာ အစောင့် ၃ ယောက်ရဲ့ ဂိုင်းခြင်းကို ခံခဲ့ရတယ်။ သူတို့ ကျွန်တော့ကို ရိုက်တဲ့အချိန်မှာ ကျွန်တော့ခေါင်းကိုတော့ ကြိုးစားကာကွယ်တယ်။ ဒါပေမဲ့ သူတို့ ကျွန်တော့ကို ဆွဲထုတ်တယ်။ သူတို့ ကျွန်တော့လက်တွေနဲ့ တရွတ်တိုက်ဆွဲတယ်။ အဲဒါ ဖြစ်ပြီးတဲ့နောက် ကျွန်တော် တစ်ပါတ်လောက် မရွေ့နိုင် တော့ဘူး။[144]

နေဝင်းကျော်ကလည်း အိုးဘိုအကျဉ်းထောင်စောင့်များ၏ ရိုက်နှက်ခြင်းခံရမှုကို ပြောပြရာတွင် -

> (အစောင့်များ) ကျွန်တော်ကိုကန်တဲ့အတွက် ကျွန်တော်လဲသွားတယ်။ ဒါနဲ့သူတို့က ကျွန်တော့ကို ခြေထောက် ကနေဆွဲပြီး ရိုက်ကြတယ်။ ကျွန်တော်တို့ တစ်ယောက်စီကို သူတို့ ၄ - ၅ ယောက်က ဂိုင်းကြတယ်။ ကျွန်တော့ ပါးရောင်သွားပြီး မေ့မြောမတတ် ပြင်းထန်စွာအရိုက်ခံခဲ့ ရတယ်။ ကျွန်တော်ကောင်းကောင်း မမြင်ရတော့ဘူး။ ကျွန်တော်သတိရတာကတော့ "ကျွန်တော်တို့ကျောင်းသား တွေ အရိုက်ခံနေရတယ်" လို့ ကျွန်တော်တို့အားလုံး

140 Fortify Rights မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

141 အသံနှင့်Fortify Rights တို့မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်ခရိုင်၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

142 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။

143 *Ibid.*

144 Fortify Rights မှ ရဲလင်းအောင်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ ဇန္နဝါရီလ ၂၇ ရက်၊ ၂၀၂၀ ခုနှစ်တွင် မေးမြန်းခဲ့သည်။

> အော်ဟစ်ကြတယ်။ သူတို့ကျွန်တော်တို့ကို ရိုက်နေတုံး အချုပ်ခန်းအပြင်ဖက်ကို တရွတ်တွဲ ဆွဲခေါ်သွားတယ်။ ကျွန်တော်တို့ အပြင်ဖက်ရောက်တော့ ထောင်မှူးရောက်လာပြီး "ရပ်လိုက်တော့"ဟုပြောတယ်။[145]

အစောင့်များသည် ကျောင်းသား ၄ ယောက်ကို ထောင်အရာရှိချုပ်ဝင်းထွန်း၏ ရုံးခန်းသို့ တရွတ်တွဲခေါ်သွားသည်။ ကျောင်းသားများအနက် နေဝင်းကျော်သည် ရုံးခန်းသို့ခေါ်ဆောင်ခြင်း ခံရသူတစ်ဦးဖြစ်သူ ဖြစ်သည်။ သူကပြောပြရာတွင်-

> ကျွန်တော်တို့ ထောင်ရုံးခန်းရှေ့ရောက်သွားတော့ ဖုန်းမြင့်ကျော်နဲ့ ကျွန်တော်ကို ထောင်မှူးနဲ့ တစ်ဦးခြင်း သီးသန့်တွေ့ရန် ခေါ်ခြင်းခံရတယ်။ သူက ဘာဖြစ်တာလဲဆိုတာ ပြောဖို့ ကျွန်တော်တို့ကို တစ်ဦးခြင်းစီ မေးတယ်။ ကျွန်တော်တို့ ပုံမှန်အတိုင်း လုပ်နေကြတာ။ ပြီးတော့ အချုပ်ခန်းထဲမှာ အခြားထောင်သားတွေကို မနှောက်ယှက်ပါဘူး လို့ သူ့ကိုပြောတယ်။ ပြဿနာက ထောင်အရာရှိတွေ ကောင်းကောင်း မွန်မွန် မပြောလို့စတာ။ သူ့ဝန်ထမ်းတွေ အရက်မူးနေတယ်လို့ ကျွန်တော်သူ့ကို ပြောတယ်။ သူက "ဒီနေရာဟာ ထောင်၊ အိမ်မဟုတ်ဘူး။ မင်းတို့ ထောင်စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာရမယ်" လို့ပြောတယ်။ ကျွန်တော်တို့ကိုလည်း "မအေလိုးတွေ ငါ့ကိုပြဿနာတွေ အပေးဆုံး" လို့ဆဲတယ်။ စကားပိုင်းမှာ သူ့ရဲ့ဝန်ထမ်းတွေကို သူ အများဆုံး ခုခံကာကွယ်ခဲ့တယ်။[146]

ထောင်အရာရှိ ချိုဝင်းထွန်းနဲ့ တွေ့စဉ် သူဘယ်လိုပြောခဲ့ကြောင်းကို မျိုးချစ်ဇော်ကပြောရာတွင် -

> ကျွန်တော် အရိုက်ခံရတယ်။ မျက်နှာကိုလဲ အရိုက်ခံရတယ်။ ကျွန်တော်က သူ့ကိုမေးတယ် "သူတို့(အရာရှိတွေ) ကျွန်တော့ကိုလုပ်ခဲ့တဲ့ အပေါ်မှာ တာဝန်ယူမှာလား"လို့။ ထောင်မှူးကပြောတာက "မင်းမျက်နှာကိုရိုက်တာ ဘယ်သူလဲမှတ်မိလား" မှတ်မိရင်အခု လက်ညှိုးထိုးပြီး ငါတို့ကို သက်သေပြပါ"။ "မင်းမမှတ်မိလို့ သက်သေမပြနိုင်ဘူး ဆိုရင်တော့ ထားလိုက်တော့။" "မဟုတ်ဘူး၊ ကျွန်တော်သူတို့မျက်နှာတွေ မမှတ်မိတော့ဘူးလို့" ပြောလိုက်တယ်။ ဒါနဲ့သူက "မင်းမမှတ်မိရင်တော့ ဘာမှမဖြစ်ခဲ့ဘူး။"[147]

ကျောင်းသားများ သူတို့အားရိုက်နက်ခဲ့သူများကို မမှတ်သော အကြောင်းရင်းကို မျိုးချစ်ဇော်က ရှင်းပြရာတွင် - "ထောင်စောင့်တွေက ကျွန်တော့ကို ရိုက်နက်တဲ့အချိန်မှာ ကျွန်တော့မျက်နှာကို ပိတ်ထားတယ်။ ဒါကြောင့် ကောင်းကောင်းမမြင်ရဘူး။ အချိန်က ည ၉ နာရီကနေ ၁၀ နာရီ လောက်ရှိပြီ။ အခန်းထဲမှာလဲ မှောင်နေတယ်။ သူတို့ တစ်ယောက်ခြင်း ဘယ်လိုပုံလဲ ဆိုတာ ကျွန်တော်မမှတ် မိဘူး။"[148]

အရိုက်ခံရပြီးနောက် သူခံစားခဲ့ရသည့်နာကျင်မှုကို မျိုးချစ်ဇော်က ဖော်ပြခဲ့ရာတွင် -

> ကျွန်တော်တို့ အရိုက်ခံရပြီးတဲ့နောက် ၃ ရက်လုံး နာကျင်စွာခံစားရတယ်။ ကျွန်တော်တို့ မထနိုင်၊ မရပ်နိုင်ဘူး။ အဲဒီနောက် ကျွန်တော်တို့ရဲ့ အသားရည်တွေက အမဲရောင်၊ အဝါရောင်၊ အနီရောင်တွေ ဖြစ်ခဲ့တယ်။ ကျွန်တော်မျက်နှာ နာလို့ ၂ ရက်လောက် အစာကောင်းကောင်းမစား နိုင်ဘူး။ တော်တော် နာလို့ ကျောခနဲ့လှဲလို့မရဘူး။ အချုပ်ခန်းတွေထဲမှာ ကျမ်းပြင်ပေါ်မှာဘဲ အိပ်ခဲ့ရတယ်။ (အရိုက်အနက် မခံရခင်ရကထဲက) ကျွန်တော်ရဲ့ကျောကနာထားပြီးသားပါ။ ဒါကြောင့်အနာက ပိုဆိုးခဲ့တယ်။ ကျွန်တော် ရေအများကြီးသောက်ခဲ့ပေမဲ့လဲ ထမင်းလို အစာအမာ တွေ မဝါးနိုင်ခဲ့ဘူး။ ကျွန်တော်တို့လွတ်လာပြီး တပါတ်အကြာထိ တအားနာသေးတယ်။ ကျွန်တော်ပြန်ကောင်းလာတဲ့အထိ အိမ်အဟောင်းမှာ အနားယူခဲ့ရပါတယ်။[149]

နောက်တစ်ရက်တွင် ကျောင်းသားများသည် ထောင်ဆရာဝန်နှင့်တွေ့ရန် ကြိုးစားခဲ့ကြသည်။ ဖုန်းမြင့်ကျော်က ရှင်းပြရာတွင် - "ကျွန်တော်တို့ ထောင်ရဲ့ဆရာဝန်နဲ့ တွေ့ဖို့ကြိုးစားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အနာတွေကြောင့်ပါ။ ကျွန်တော်တို့ထောင်ဆရာဝန်နဲ့တွေ့ပေမဲ့လဲ သူကျွန်တော်တို့ကိုမကုပါဘူး။ သူကကျွန်တော်တို့ကို

145 Fortify Rights မှ နေဝင်းကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ ဇန္နဝါရီလ ၂၇ ရက်၊ ၂၀၂၀ ခုနှစ်တွင် မေးမြန်းခဲ့သည်။

146 *Ibid.*

147 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် မေးမြန်းခဲ့သည်။ အသံနှင့်Fortify Rights တို့မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။ အသံနှင့်Fortify Rights တို့မှ ဖုန်းမြင့်ကျော်နှင့် ရဲမိုးဆွေတို့နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်၊ ၊ ဧပြီလ ၂ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

148 အသံနှင့်Fortify Rights တို့မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

149 *Ibid.* အသံနှင့်Fortify Rights တို့မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ လမ်းမတော်မြို့နယ်၊ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

လုံးဝလျစ်လျူရှုခဲ့တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဘာကုသမှုမှ မရခဲ့ဘူး။[150]

ကျောင်းသားများအဆိုအရ အရိုက်နှက်ခံရပြီး ၃ ရက်အကြာတွင် သူတို့မမှတ်မိသော လူ ၅ ဦး ရောက်လာပြီး သူတို့အားရိုက်နှက်မှုနှင့် ပတ်သက်ပြီး စကားပြောခဲ့သည်။[151] ဖုန်းမြင့်ကျော်က ရှင်းပြရာတွင် -

> ကျွန်တော်တို့ကို တစ်ယောက်ပြီး တစ်ယောက် အခန်းကျဉ်းတစ်ခုထဲကို ခေါ်ခဲ့တယ်။ ပြီးတော့ စုံစမ်းစစ်ဆေးသူတွေက သူတို့ကိုယ် သူတို့ ဒီလိုမိတ်ဆက်တယ် "ကျွန်တော်တို့က စုံစမ်းစစ်ဆေးရေးကော်မတီ ကပါ။ ခင်ဗျားတို့ ထောင်တဲ့မှာ အရိုက်နှက်ခံရတဲ့ အကြောင်းနဲ့ ပါတ်သက်ပြီး ဒီကိုလာပြီး စုံစမ်းစစ်ဆေးတာပါ။ အရိုက်နှက်ခံရတာနဲ့ ပါတ်သက်လို့ မေးခွန်းတချို့မေးလို့ရမလား"။ သူတို့ ရှေ့နေတွေလို၊ တရားသူကြီးတွေလို အနက်ရောင်အဝတ်အစားတွေ ဝတ်ထားကြတယ်။ နောက်ပြီး ရဲအရာရှိတစ်ယောက်ကတော့ ရဲဝတ်စုံနဲ့၊ အခြားသူတစ်ချို့ ကတော့ သာမန်အဝတ်တွေ ဝတ်ထားကြတယ်။ ကျွန်တော်တို့ကို သူတို့နာမည်တွေပြောပြတယ်။ ဒါပေမဲ့ ကျွန်တော်မမှတ် မိတော့ဘူး။ (စုံစမ်းစစ်ဆေးသူတွေ) ရိုက်တဲ့အ ကြောင်းတွေပြောတယ်။ (ပြီးတော့) ကျွန်တော်တို့ပါတ်ပါတ်လည်က အခြားသူတွေ(ထောင်သားတွေ) ကို ကျွန်တော်တို့ အရိုက်ခံရခြင်း ရှိမရှိမေးတယ်။ ပြီးတော့ အဲဒီညမှာ ဘယ်ထောင်စောင့်တွေ တာဝန်ကျလဲလို့ စစ်တယ်။ ကျွန်တော်တို့ကို ရိုက်ဖို့ အမိန့်ပေးတဲ့ အရာရှိကိုလဲ သူတို့စကားပြောခဲ့တယ်။ ဘာဖြစ်လဲဆိုတော့ စုံစမ်းစစ်ဆေးသူ တွေနဲ့အင်တာဗျူးလုပ်ဖို့ ကျွန်တော်တို့အနောက်မှာ သူတန်းစီနေတာ ကျွန်တော်တွေ့ခဲ့ရတယ်"။[152]

မျိုးချစ်ဇော်မှလည်း အလားတူ စုံစမ်းစစ်ဆေးမှုတစ်ခုအကြောင်းကို ပြောခဲ့သည်။ သူက အသံနှင့် ဖော်တီဖိုင်းရိုက် Fortify Rights ကိုပြောရာတွင် -

> အရိုက်ခံရပြီး ရက်အနဲငယ်အကြာမှာ စုံစမ်း စစ်ဆေးသူတချို့ ရောက်လာပြီး ကျွန်တော်တို့နဲ့ တစ်ယောက်ချင်းဆီတွေ့တယ်။ သူတို့ ကျွန်တော်ကို အင်တာဗျူးလုပ်ပြီး အရိုက်ခံရတဲ့ အကြောင်းတွေမေးခဲ့တယ်။ ကျွန်တော့ကို မေးခွန်းတွေမေးတဲ့ သူပေါင်း ၅ ယောက် လောက် ရှိခဲ့တယ်။[153]

အစိုးရက စုံစမ်းစစ်ဆေးမှုရဲ့ ရလဒ်များကို ကျောင်းသားများအား မပြောပြခဲ့ပါ။[154] မန္တလေးတိုင်းဒေသကြီးအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန်နေဂျာဦးစန်းစောင့်မှ အသံနှင့် ဖော်တီဖိုင်းရိုက် Fortify Rights ကို ပြောရာတွင် "ကျောင်းသားတွေကို ရိုက်နှက်မှု အတွက် စုံစမ်းစစ်ဆေးမှုတစ်ခု ရှိခဲ့တယ်။ ကျွန်တော့ အထက်အရာရှိက ကော်မတီမှာပါခဲ့တယ်။ ဒါပေမဲ့ စုံစမ်းစစ်ဆေးမှုရလဒ်တွေကို လျှို့ဟုက်စွာထားရလို့ ကျွန်တော်ဒီထက် ထပ်မပြောနိုင်ပါဘူး" ဟုပြောခဲ့သည်။[155]

စုံစမ်းစစ်ဆေးမှု၏လျှို့ဟုက်ချက်ရှိနေသော်လည်း ဖုန်းမြင့်ကျော်က ဖော်တီဖိုင်းရိုက် Fortify Rights ကိုပြောပြရာတွင် ထောင်ကနေ လွတ်လာပြီးနောက် စုံစမ်းစစ်ဆေးမှု ရလဒ်ကိုသိဖို့ သူနှင့်အခြားကျောင်းသားများ ထောင်ထဲပြန်သွားခဲ့သည်။ "ကျွန်တော်တို့ ထောင်ထဲပြန်သွားပြီး စုံစမ်းစစ်ဆေးမှုအကြောင်း မေးခဲ့တယ်။ (ထောင်အရာရှိချိုဝင်းထွန်း) ပြောတာကတော့ သူရာထူးတိုးခြင်း ကနေပြီး ဆိုင်းငံ့ခြင်းခံရတယ်လို့"။[156]

သို့သော်လည်း မြန်မာအကျဉ်းထောင်ဌာန၏ ၂၀၂၀ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်တွင် ဖေ့စ်ဘွတ် ပေါ်တွင်တင်ထားသော အကြောင်းအရာအရ ဦးချိုဝင်းထွန်း အား ညွှန်ကြားရေးမှူး ရာထူးသို့တိုးမြင့် လိုက်ကြောင်း ဖေါ်ပြထားသည်။[157]

150 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

151 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

152 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ နှင့် ဇန္နဝါရီလ ၂၇ ရက် ၂၀၂၀ ခုနှစ်တွင် မေးမြန်းခဲ့သည်။ အသံနှင့် Fortify Rights တို့မှ ဖုန်းမြင့်ကျော်နှင့် ဖေဖေါ်ဝါရီလ ၃ ရက်နှင့် ၁၃ ရက်တို့တွင အီလက်ထရောနစ် ဆက်သွယ်ရေးဖြင့် မေးမြန်းခဲ့သည်။

153 Fortify Rights မှ မျိုးချစ်ဇော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင့် မေးမြန်းခဲ့သည်။

154 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်တွင် တယ်လီဖုန်းဖြင့် မေးမြန်းခဲ့သည်။

155 Fortify Rights မှ စန်စောင့်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ ဇန္နဝါရီလ ၁၈ ရက်၊ ၂၀၂၀ ခုနှစ်တွင် မေးမြန်းခဲ့သည်။

156 Fortify Rights မှ ဖုန်းမြင့်ကျော်နှင့် မြန်မာနိုင်ငံ၊ မန္တလေးခရိုင်၊ ဇန္နဝါရီလ ၂၇ ရက်၊ ၂၀၂၀ ခုနှစ်တွင် မေးမြန်းခဲ့သည်။

157 မြန်မာအကျဉ်းထောင်များဌာန၏ ဇန္နဝါရီလ ၁၄ ရက် ၂၀၂၀ ခုနှစ် Facebook တွင် https://www.facebook.com/ myanmarprisonsdepartment/posts/2984445581566700 ဓါတ်ပုံခေါင်းစဉ်တွက် ဤကဲ့သို့ ရသည် "ရဲအရာရှိ ၄ ဦးအား ဒုတိယညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးရာထူးသို့တိုးမြင့်ခြင်း နှင့်အတူ ပိုက်လိုင်းဖွင့်ပွဲအခမ်းအနားကို ၁၄/၁/၂၀၂၀ နံနက် ၁၀း၀၀ နာရီအချိန်တွင် ခန်းမကြီးအမှတ် ၁၊ အကျဉ်း ထောင်များဌာန၊ ရုံးအမှတ်(၄၉)၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ကျင်းပခဲ့သည်။" (Fortify Rights တွင် ဘာသာပြန်နှင့် မူရင်းဖိုင်တို့ရှိသည်။)

# ၂။ ဥပဒေရေးရာမူဘောင်နှင့် ခွဲခြမ်းစိတ်ဖြာခြင်း

*အသံ* နှင့် Fortify Rights တို့၏ စုံစမ်းစစ်ဆေးမှုအရ မြန်မာအာဏာပိုင်များနှင့် တက္ကသိုလ်မှတာဝန်ရှိသူတို့သည် ကျောင်းသားများ၏ အခွင့်အရေးဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များကို ဝင်ရောက်စွက်ဖက်ခဲ့ပြီး ကျောင်းသားများအား မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ထောင်ကျနေချိန်တွင် လူမဆန်စွာ ဆက်ဆံခြင်းများ ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့သော ကျောင်းသား များသည် နိုင်ငံတကာဥပဒေအရ ထိရောက်သော ကုစားခွင့်ကို ခံစားခွင့်ရှိသည်။

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ မြန်မာနိုင်ငံသည် နိုင်ငံတကာဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေအရသော်လည်းကောင်း၊ လူ့အခွင့်အရေးနှင့်သက်ဆိုင်၍ စာချုပ်ချုပ်ဆိုထားသော နိုင်ငံတစ်နိုင်ငံအဖြစ်သော်လည်းကောင်း၊ လူ့အခွင့်အရေးကို ထိန်းသိမ်းလိုက်နာရန် တာဝန်ရှိပါသည်။[158] ၎င်းအပြင် မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးဆိုင်ရာ လူ့ အခွင့်အရေးကြေငြာစာတမ်း (UDHR) ၌ လက်မှတ်ရေးထိုး ထားပြီး UDHRနှင့် လိုက်လျောညီထွေမှုရှိသော စာတမ်း ဖြစ်သည့် အာဆီယံလူ့အခွင့်အရေး ဆိုင်ရာ ကြေငြာစာတမ်း၌ ၂၀၁၃ ခုနှစ်တွင် လိုက်နာရန် အခိုင်အမာ ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည်။[159] မြန်မာနိုင်ငံသည် နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေး ပဋိညာဉ်စာချုပ် (ICCPR)တွင် အတည်ပြုလက်မှတ် ရေးထိုးထားခြင်း မရှိသော်လည်း နိုင်ငံတကာဓလေ့ ထုံးတမ်းများဆိုင်ရာ ဥပဒေအရ UDHR မှ ပြဋ္ဌာန်းချက်များနှင့် ICCPR မှ ပြဋ္ဌာန်းချက်အချို့ တို့သည် နိုင်ငံများအားလုံးအပေါ်တွင် စည်းနှောင်မှု ရှိကြောင်း ယေဘုယျအားဖြင့် လက်ခံအသိအမှတ်ပြုထားသည်။[160]

နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ နှင့် နိုင်ငံတကာဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေအားလိုက်နာရန် ကတိကဝတ်ပြုထားချက်များ နှင့်အညီ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်အပေါ် မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာပြုမူဆက်ဆံခြင်းတို့မှ ကာကွယ်မှုပေးရန် မြန်မာနိုင်ငံ၌

158 နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ပဋိညာဉ် (ICESCR) အား ဒီဇင်ဘာလ ၁၆၊ ၁၉၆၆ တွင် ပြဋ္ဌာန်းခဲ့သည်။ G.A. Res. 2200A (XXI), U.N. Doc. A/6316, ratified by Myanmar on October 6, 2017. မြန်မာပြည်၌ အောက်တိုဘာလ ၆ ရက်၊ ၂၀၁၇ တွင် အတည်ပြုခဲ့သည်။ Convention on the Rights of Persons with Disabilities (CRPD) မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ စာချုပ် (CPRD) ဒီဇင်ဘာလ ၁၃ ရက်နေ့ ၂၀၀၆ တွင် ပြဋ္ဌာန်းခဲ့သည်, adopted December 13, 2006, G.A. Res. A/RES/61/106, U.N. Doc. A/61/49, acceded by Myanmar December 7, 2011; မြန်မာပြည်၌ ဒီဇင်ဘာလ ၇ ရက်၊ ၂၀၁၁ တွင် လက်ခံခဲ့သည်။ Convention on the Rights of the Child (CRC), ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စာချုပ်အား နိုင်ဝင်ဘာလ ၂၀ရက် ၁၉၈၉ တွင် ပြဋ္ဌာန်းခဲ့သည် (CRC), adopted November 20, 1989, G.A. Res. 44/25, U.N. Doc. A/44/49, ratified by Myanmar July 15, 1991 မြန်မာနိုင်ငံ၌ ဇူလိုင် ၁၅ ရက် ၁၉၉၁ တွင် အတည်ပြုခဲ့သည်; Convention on the Elimination of All Forms of Discrimination against Women (CEDAW), adopted December 18, 1979, G.A. Res. အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဆန့်ကျင်ရေးပဋိညာဉ်စာချုပ် (CEDAW) အား ဒီဇင်ဘာ လ ၁၈ ရက် ၁၉၇၉ တွင် ပြဋ္ဌာန်းခဲ့သည်။ 34/180, U.N. Doc. A/34/46, ratified by Myanmar July 22, 1997. မြန်မာပြည်၌ ဇူလိုင် ၂၂ ရက် ၁၉၉၇ တွင် အတည်ပြုခဲ့သည်။

159 Universal Declaration of Human Rights (UDHR), adopted December 10, 1948, G.A. *အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (UDHR) အား ဒီဇင်ဘာလ ၁၀ ရက် ၁၉၄၈ တွင် ပြဋ္ဌာန်းခဲ့သည်။* Res. 217A(III), U.N. Doc. A/810; *အရှေ့တောင်အာရှနိုင်ငံများအသင်းဆိုင်ရာ (ASEAN) လူ့အခွင့်အရေးကြေငြာစာတမ်း အားဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။* https://www.asean.org/storage/images/ASEAN_RTK_2014/6_AHRD_Booklet.pdf.

160 နိုင်ငံတကာဓလေ့ထုံးတမ်းဆိုင်ရာဥပဒေနှင့် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာအထူးကိုးကားချက်များကို Gillian Triggs ၏ နိုင်ငံတကာဥပဒေ: *အခြေခံမူများနှင့် လိုက်နာချက်များ* တွင်ကြည့်ပါ, *see*Gillian Triggs, *International Law: Contemporary Principles and Practices* (Sydney: LexisNexis Butterworths, Second Edition ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ခြင်း, 2006).

တာဝန်ရှိသည်။

# လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ဆိုင်သော အခွင့်အရေးများ

လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့သည် နိုင်ငံတကာ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ၊ UDHR နှင့် ICCPR အပါအဝင် နိုင်ငံတကာ ဥပဒေအောက်တွင် အကာအကွယ်ပေးထားပြီးဖြစ်သည့် အခွင့်အရေးများ ဖြစ်ပါသည်။[161] မည့်သည့်အခွင့်အရေးမှ ပြီးပြည့်စုံသည်ဟုလည်း မသတ်မှတ်နိုင်ပေ။

ဆိုလိုသည့်အဓိပ္ပါယ်မှာ အချို့သောအခြေအနေများနှင့် ကြုံတွေ့လာရသောအခါမျိုးတွင် အခွင့်အရေးအသုံး ချမှုကို တင်းကျပ်ကန့်သတ်မှု များ ပြုလုပ်ပြဌာန်းနိုင်ပါသည်။[162] "နိုင်ငံလုံခြုံမှုနှင့် တစ်မျိုးသားလုံးဘေးကင်းစေရန် စသည့် နိုင်ငံ့အကျိုးဆိုင်ရာ အခြေအနေ၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်သက်ဆိုင်သောအမိန့်၊ ပြည်သူ့ကျန်းမာရေးနှင့် ကိုယ်ကျင့်သိက္ခာ/စာရိတ္တပိုင်း ဆိုင်ရာ ကာကွယ်ရန်၊ အခြားသူများ၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကို ကာကွယ်ရန်အတွက်" အစရှိသော အခြေအနေ မျိုးတွင် နိုင်ငံတကာ ဥပဒေမှ အဆိုပါအခွင့်အရေးများအပေါ် တင်းကျပ်ကန့်သတ်မှုများ ပြုလုပ်ရန် ခွင့်ပြုထားသည်။[163] စာရင်းကောက် ထားသောအချက်များတွင် အခြေခံ၍ တင်းကျပ်ကန့်သတ်ထားမှုပြုနိုင်သော အခြေအနေတစ်ရပ်အား (၁) ဥပဒေ၌ ပြဌာန်း ထားရမည်၊ "ထိုသို့ဆိုရာတွင် ပြဌာန်းချက်သည် နားလည်ရန် လွယ်ကူရှင်းလင်းမှုရှိရမည်ဖြစ်ပြီး စေ့စပ်သေချာစွာ စနစ်တကျ စုစည်းထားသော ပြဌာန်းချက်များ ဖြစ်ရမည်။" (၂) ပြဌာန်းချက်အား ကျင့်သုံးသည့်အခါတွင်/ အသုံးပြုသည့် အပြုအမူတစ်ရပ်သည် မူလခံစားခွင့်ရှိနေသည့် အခွင့်အရေး အပေါ် နှောင့်ယှက်ဟန့်တားမှုမရှိစေရ။ (၃) ပြဌာန်းချက် အခြေခံ အားဖြင့် တစ်ခုပြီးမှ တစ်ခုကျင့်သုံးခြင်း၊ (၄) ကျင့်သုံးရန် တရားဝင် ရည်ရွယ်ချက် ရှိရန်လိုအပ်ခြင်းနှင့် (၅) အပြန်အလှန်ခံစားခွင့်ရှိသည့် အကျိုးခံစားမှုအပေါ် ကာကွယ်မှုပြုပေးရမည်။[164]

နိုင်ငံတကာဥပဒေအရ သတ်မှတ်ထားသော အခြေအနေများနှင့် ကိုက်ညီမှ တင်းကျပ်ကန့်သတ်မှုအား ခွင့်ပြုမည် ဖြစ်သည်။ သို့သော်လည်း လွတ်လပ်စွာငြိမ်းချမ်းစုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကိုယ်စား လှယ်ဟောင်း Maina Kiai မှ၄င်း၏ အထူးဖော်ပြထားသော အစီရင်ခံစာတွင် "လွတ်လပ်ခွင့်ကို စည်းမျဉ်းစည်းကမ်းအဖြစ် မှတ်ယူရမည်၊ ၄င်း အပေါ် တင်းကျပ်ကန့်သတ်မှုသည် ခြွင်းချက်ဖြစ်သည်။"[165] ဟု သတ်မှတ်ဖော်ပြခဲ့သည်။ ကုလသမဂ္ဂလူ့အခွင့် အရေးကောင်စီမှ "အခွင့်အရေး အပေါ်တင်းကျပ်ကန့် သတ်မှုများ ပြုရန်အတွက် ဥပဒေတွင် အတည်ပြုသတ်မှတ်ပြဌာန်းခြင်း နှင့်အတူ တိုင်းနိုင်ငံများမှ အခြေခံမူဘောင် များဖြင့် တင်းကျပ်မှုများအပေါ် အစဉ်အမြဲ လမ်းညွှန်မှုပြုသင့်သည့်အပြင် ၄င်းသည် ခံစားခွင့်ရှိနေသည့် အခွင့်အရေးများအပေါ် အနှောင့်အယှက်မရှိစေရ...ဟု ထပ်မံဖော်ပြထားသည်။ အခွင့်အရေးနှင့် တင်းကျပ်မှု အကြား ဆက်စပ်မှု၊ စံသတ်မှတ်ချက်နှင့် ခြွင်းချက်များ အကြား

161 UDHR, Art. 19 (right to freedom of opinion and expression၊ လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့် အခွင့်အရေး), 20(1) (right to freedom of peaceful assembly and association၊ လွတ်လပ်စွာ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းဖွဲ့စည်းခွင့်); International Covenant on Civil and Political Rights (ICCPR), adopted December 16, 1966, နိုင်ငံတကာ နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံသားဆိုင်ရာအခွင့်အရေးအား ဒီဇင်ဘာလ ၁၆ ရက် ၁၉၆၆ တွင် ပြဌာန်းခဲ့သည်။ G.A. Res. 2200A (XXI), U.N. Doc. A/6316, Art. 19(2) (right to freedom of expression လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်) and Art. 21 (right of peaceful assembly ငြိမ်းချမ်းစွာ စုဝေးခွင့်).

162 ICCPR, Art. 4(1), (2).

163 လွတ်လပ်စွာ ငြိမ်းချမ်းစွာစုဝေးခွင့်အပေါ် ခွင့်ပြုနိုင်သောကန့်သတ်ချက်နှင့် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်အပေါ် ခွင့်ပြုနိုင်သောကန့်သတ်ချက်တို့သည် ICCPR ၏ အပိုဒ် ၁၉(၃)အရ အနည်းငယ်ကွဲပြားမှုရှိသည်၊ "ဥပဒေအရ လုပ်ဆောင်ရန် လိုအပ်သည်ဟု သတ်မှတ်ထားသော" အရာများမှာ (က) အခြားသူများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကိုလေးစားရန်၊ (ခ) အများပြည်သူနှင့် နိုင်ငံလုံခြုံရေး သို့မဟုတ် ပြည်သူ့ကျန်းမာရေးနှင့် ဂုဏ်သိက္ခာ ကာကွယ်ရန်။

164 လူ့အခွင့်အရေးကောင်စီ၊ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၏ လွတ်လပ်စွာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းဖွဲ့စည်းခွင့်နှင့်ဆိုင်သော အစီရင်ခံစာ မေလ ၂၁ ရက်၊ ၂၀၁၂ ခုနှစ်၊ အပိုဒ် ၁၆; U.N လူ့အခွင့်အရေးကော်မတီ၊ တိုင်းနိုင်ငံများအပေါ် အထွေထွေဥပဒေတာဝန်ဝတ္တရားများဆိုင်ရာ သဘောသဘာဝစာချုပ်၊ အထွေထွေကောက်နှုတ်ချက်များ အမှတ် ၃၁၊ မေလ ၂၆ ရက်၊ ၂၀၀၄ ခုနှစ်၊ အပိုဒ် ၆; U.N. လူ့အခွင့်အရေးကော်မတီ၊ အထွေထွေကောက်နှုတ်ချက်အမှတ် ၃၄၊ အချက် ၁၉-လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်၊ စက်တင်ဘာ ၁၂၊ ၂၀၁၁ခုနှစ်၊ အပိုဒ် ၃၅; U.N. Human Rights Committee, *Toregozhina v. Kazakhstan,* Case No. CCPR/C/112/D/2137/2012, para. 7.4 (holding limitations must be proportionate); Manfred Nowak, *U.N. Covenant on Civil and Political Rights: CCPR Commentary*, (Kehl am Rhein: N.P. Engel, 1993), p. 387; ICCPR, arts. 19(3) and 21. - U.N. လူ့အခွင့်အရေးကော်မတီ၊ *Toregozhina v. Kazakhstan တို့၏အမှု၊ အပိုဒ် ၇.၄ (အချိုးကျသော ကန့်သတ်ချက်ဖြစ်ရမည်)၊ U.N နိုင်ငံသားဖြစ်မှုနှင့်* နိုင်ငံသားဆိုင်ရာအခွင့်အရေး CCPR၊ အချက် ၁၉(၃) နှင့် ၂၁။

165 U.N လူ့အခွင့်အရေးကောင်စီ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်၏ လွတ်လပ်စွာ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းဖွဲ့စည်းခွင့်ဆိုင်ရာ အစီရင်ခံစာ အပိုဒ် ၁၆။

ဆက်စပ်မှုတို့သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်မှုမဖြစ်စေရ"။[166]

မြန်မာနိုင်ငံ၏ပြည်တွင်းဥပဒေသည်လည်း လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့အပေါ် ကာကွယ်မှု ပြုပေးပါသည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၄ (ခ)တွင် "နိုင်ငံသားများ၏ ခိုင်မာသော ထင်မြင်ယူဆချက်များနှင့် ခံယူချက်များကို လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ အခွင့်အရေး" နှင့် "လက်နက်များ ကိုင်ဆောင်ခြင်း မပြုဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့အတွက် အခွင့်အရေးများ" ကို ပြဌာန်းဖော်ပြထားပါသည်။[167] ICCPR တွင် တင်းကျပ်ကန့်သတ်ရန် ခွင့်ပြုထားသော ပြဌာန်းချက်များကဲ့သို့ မြန်မာနိုင်ငံ ဖွဲ့စည်းပုံဥပဒေတွင်လည်း လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးအားပြဌာန်းထားပြီး၊ ဖွဲ့စည်းပုံဥပဒေတွင် "ပြည်ထောင်စုလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လူထုစည်းမျဉ်းစည်းကမ်းများ" နှင့်သက်ဆိုင်သော ကိစ္စရပ်များ၌သာ တင်းကျပ်ကန့်သတ်ထားကြောင်း ပြဌာန်းပါရှိ သည်။[168]

## လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာ အခွင့်အရေး

မြန်မာအာဏာပိုင်များသည် ဆန္ဒထုတ်ဖော်ခဲ့ကြသောကျောင်းသားများ၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခြင်း ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်၍ ကျောင်းသားများ၏ ဆန္ဒပြခြင်းကို လျင်မြန်စွာအဆုံးသတ်စေကာ ၄င်းတို့အား ဖမ်းဆီးခဲ့သည်။ UDHR ၏ ပုဒ်မ ၁၉ တွင်ဖော်ပြပါရှိချက်အရ "လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ရှိ သည့်အပြင် ၄င်းထင်မြင် ယူဆချက်များကို ဝင်ရောက်စွက်ဖက်ခံရခြင်းမရှိဘဲ လွတ်လပ်စွာ ရှာဖွေနိုင်ခြင်း၊ မည်သည့် မီဒီယာမှမဆို အကြံအဉာဏ်များနှင့် သတင်းအချက်အလက်များကို လက်ခံရရှိနိုင်ပြီး ပြန်လည်ဝေငှနိုင်ခြင်း" စသည့် ရပိုင်ခွင့် အခွင့်အရေး များ ပါဝင်သည်။[169]

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကော်မတီမှလည်း လွတ်လပ်စွာဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာအခွင့်အရေးနှင့် ပတ်သက်၍ "လွတ်လပ်စွာစုဝေးပိုင်ခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ဆိုင်ရာအခွင့်အရေးများကို ပြဌာန်းထားသည့်အတိုင်း ပြည့်ဝစွာခံစား နိုင်ရန် အဓိက ဖြစ်ကြောင်း" အနက်အဓိပ္ပါယ်ဖွင့်ဆိုထားသည်။[170] အခွင့်အရေးဆိုသည်မှာ "မည့်သည့်လူ့အဖွဲ့အစည်း အတွက်မဆို မရှိမဖြစ်လိုအပ်သော အရာတစ်ခု" ဖြစ်သည်သာမက "လွတ်လပ်သောမည့်သည့်ဒီမိုကရေစီအဖွဲ့အစည်းအတွက်မဆိုအခြေခံကျသောအရင်းအမြစ်"အဖြစ်ထည့်သွင်းစဉ်းစားရမည်။[171] ၄င်းလွတ်လပ်ခွင့်သည် "အခြားသူများထံသို့ ပျံ့နှံ့နိုင်စွမ်းရှိပြီး စိတ်ကူးနှင့် ထင်မြင်ယူဆချက်ပုံစံအမျိုးမျိုးဖြင့် ဆက်သွယ်မှုပြုခြင်းများ" အပြင် "နိုင်ငံရေးဟောပြောချက်များ၊ ကိုယ်ပိုင်နှင့် ပြည်သူ့ရေးရာ ဝေဖန်ချက်များ အပါအဝင် စည်းရုံးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခြင်း၊ စာနယ်ဇင်း၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ထုတ်ဖော်ပြသခွင့်၊ သင်ကြားပို့ချခြင်းနှင့် ဘာသာရေးဆိုင်ရာဟောပြောချက်" များအပေါ်၌ အကျုံးဝင်သည်။[172] ဆန္ဒထုတ်ဖော်ခြင်းပုံစံအားလုံးနှင့် ၄င်းတို့၏ ထုတ်ဖော်မှုများအား နှုတ်ဖြင့် ဖော်ပြခြင်းနှင့် နှုတ်ဖြင့် မဟုတ်သောနည်းလမ်းဖြင့် ဖော်ပြခြင်းအပါအဝင် အနုပညာဆန်သော ရုပ်ပုံများနှင့် အရာဝတ္ထုများကိုသော် လည်းကောင်း ပိုစတာ များနှင့် အလံများဖြင့် ရေးသားထားသော ဆန္ဒထုတ်ဖော်ခြင်းပုံစံများကိုသော်လည်းကောင်း ကာကွယ်မှုပေးထားပြီး ဖြစ်သည်။[173]

လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်အချို့ကို အကန့်အသတ်ဖြင့်သာ ကန့်သတ်နိုင်သည်၊ အဘယ့်ကြောင့်ဆိုသော် ထိုဖော်ပြချက်တွင် ပါဝင်သော အကြောင်းအရာသည် ကန့်ကွက်နိုင်သော သို့မဟုတ် လှုံ့ဆော်ပေးသောကြောင့်

166 U.N လူ့အခွင့်အရေးကောင်စီ အထွေထွေကောက်နုတ်ချက် ၂၇မှ အချက် ၁၂ (လွတ်လပ်စွာ လှုပ်ရှားမှု) နိုင်ဝင်ဘာလ ၂ ရက် ၁၉၉၉ ခုနှစ် အပိုဒ် ၁၃။

167 ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အချက် ၃၄၅ (က) နှင့် (ခ)။

168 *Id.*

169 ICCPR တွင် ပါဝင်သော တူညီသော အခွင့်အရေးကို ထောက်ပံ့ပေးသော တူညီသောဘာသာစကား၌ "(၁) လူတိုင်း၌ လွတ်လပ်စွာ ထင်မြင်ယူဆိုင်ပိုင်ခွင့်ရှိရမည်၊ (၂) လူတိုင်း၌ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ရှိရမည်၊ ဤအခွင့်အရေးတွင် အရေးကြီးသော သတင်းအချက်အလက်နှင့် ရှုထောင့်ပေါင်းစုံမှ အကြံဉာဏ်များကို နှုတ် အားဖြင့်သော်လည်းကောင်း၊ ရေးသားထားသော စာအားဖြင့် သော်လည်းကောင်း၊ အနုပညာဆန်စွာဖြင့် သော်လည်းကောင်း သို့မဟုတ် မီဒီယာမှသော်လည်းကောင်း ၄င်း၏ရွေးချယ်မှုအပေါ် လွတ်လပ်စွာ ရှာဖွေပိုင် ခွင့်၊ လက်ခံပိုင်ခွင့်ရှိရမည်။" အချက် ၁၉။

170 လူ့အခွင့်အရေးကော်မတီ CCPR အချက် ၁၉ တွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်၊ အထွေထွေကောက်နုတ်ချက် အမှတ် ၃၄ အပိုဒ် ၄။

171 Id. at para. 2

172 Id. at para. 11

173 Id. at para.12

ထုတ်ဖော်ခြင်း ကို ကန့်သတ်မထားနိုင်ပါ။ အကယ်စင်စစ် အခွင့်အရေးဆိုသည်မှာ" ဆန္ဒထုတ်ဖော်ခြင်းနှင့်ပတ်သက်၍ အလွန်အမင်း စိတ်အနှောင့်အယှက်ဖြစ်စေသော အခြေအနေနှင့်ပတ်သက်သော်လည်း အကျုံးဝင်သည်။"[174]

နိုင်ငံတကာဥပဒေအရ သရုပ်ပြခေါင်းတလားနှင့်ဓာတ်ပုံများကို မီးရှို့ခြင်းသည် ကာကွယ်သည့် ဆန္ဒထုတ်ဖော်မှု ပုံစံတစ်ခုအဖြစ် သတ်မှတ် သည်။[175] အလားတူကိစ္စရပ်၌ ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံးမှ စပိန်ဘုရင်နှင့် မိဖုရားတို့၏ သက်ဦးစံပိုင်ဘုရင်စနစ်ကို ကန့်ကွက်ရန်အတွက် ဓါတ်ပုံများကို မီးရှို့ဆန္ဒပြသော စပိန်အမျိုးသားနှစ်ဦး၏ ခိုင်မာသော ခံယူချက်နှင့် ပတ်သက်၍ "၎င်းတို့ ၂ဦး၏ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်နှင့်အတူ အတိုင်းအတာတစ်ခုအထိ ဝင်ရောက်စွက်ဖက်နိုင်မှု" ကိုတွေ့ရသည်။[176] တရားရုံးက ဓါတ်ပုံများမီးရှို့ခြင်း လုပ်ရပ်ကို "မကျေနပ်မှုနှင့် ဆန္ဒပြမှု၏ သင်္ကေတဖော်ပြချက်" ဟူ၍လည်းကောင်း၊ "လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့် သတင်းအချက်အလက်နှင့် အတွေးအခေါ် များဖြင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို တိုးချဲ့ခြင်း၊ အံ့အားသင့်စေရန် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေရန်" ပြုလုပ်သည်ဟူ၍ လည်းကောင်း တွေ့ရှိခဲ့သည်။[177] အခြားတရားစီရင်မှုများတွင်လည်း အလားတူ အပြုအမူများအား ဆန္ဒထုတ်ဖော်မှု" အဖြစ်တွေ့ရှိနိုင်ပါသည်။[178]

ကျောင်းသားများ၏ ဆန္ဒပြမှုများမှ တစ်ခုဖြစ်သော အစိုးရနှင့် တက္ကသိုလ်မှတာဝန်ရှိသူများ၏ ဓါတ်ပုံများ ထည့်ထားသော သရုပ်ပြခေါင်းတလားအား မီးရှို့ခြင်းသည် နိုင်ငံတကာဥပဒေအရ ဆန္ဒထုတ်ဖော်ခွင့်ရှိသော ပုံစံဖြစ်သည်။ ကျောင်းသားများ၏ဆန္ဒထုတ်ဖော်မှုများသည် ပြည်သူ့တစ်ရပ်လုံးနှင့် သက်ဆိုင်သောကိစ္စရပ်ဖြစ်သည့်အပြင် လုံခြုံရေး၊ ကျောင်းနယ်မြေသန့်ရှင်းရေးနှင့် တက္ကသိုလ်စီမံခန့်ခွဲခြင်း ရုံပုံငွေများနှင့် ပတ်သက်သောကိစ္စရပ်များ ဖြစ်ပါသည်။ ထို့အပြင် ကျောင်းသားများမှ ၎င်းတို့၏ထင်မြင်ချက်များကို နှုတ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်မဟုတ်သော ဆက်သွယ်ရေး နည်းလမ်း ပုံစံများနှင့် သင်္ကေတများပါဝင်သော ခေါင်းတလား မီးရှို့ခြင်း၊ ဇာတ်ညွှန်းများဖတ်ခြင်း အစရှိသောနည်းလမ်းများဖြင့် ၎င်းတို့၏ ဆန္ဒများကို ထုတ်ဖော်ခဲ့ကြပါသည်။ အချို့သူများအနေဖြင့် ကျောင်းသားများသည် ဓါတ်ပုံများကို သရုပ်ပြအသုဘ အခမ်းအနားဖြင့် မီးရှို့သည့်ရွေးချယ်မှုကို မြင်တွေ့ရမည်ဖြစ်သော်လည်း အဆိုပါ ဆန္ဒပြမှုပုံစံကို လူ့အခွင့်အရေးဆိုင်ရာဥပဒေမှ ကာကွယ်မှုပေးထားသည်။ ထို့မျှသာမက ကျောင်းသားများ၏ ဆန္ဒပြမှုအပေါ် တင်းကျပ်မှုသည် လွတ်လပ်စွာဆန္ဒထုတ်ဖော် ပြောကြားခွင့် အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။

ကျောင်းသားများသည် မြန်မာပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၀၅ (ခ) အား ချိုးဖောက်သည်ဟု စွဲချက်တင်ခံရကာ ထောင်ဒဏ် ၂ နှစ် ရင်ဆိုင်ခဲ့ရပြီး ထိုသို့ ရာဇဝတ်မှုဆိုင်ရာပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် ကိုက်ညီမှုမရှိပေ။ ပုဒ်မ ၅၀၅ (ခ) သည် တားမြစ်ထားသည်ကို ပြုလုပ်ခြင်း၊ ပုံနှိပ်ခြင်းထုတ်ဝေခြင်း သို့မဟုတ် မည်သည့် ကြေငြာချက်ကိုမဆို ဖြန့်ဝေခြင်း၊ကောလဟာလ သို့မဟုတ် အစီရင်ခံစာ၊ "ဖြစ်စေရန်

174 Id. at para.11

175 အမေရိကန်ပြည်ထောင်စု ကိုလိုနီခေတ်တွင် ဓါတ်ပုံများအားမီးရှို့ခြင်းနှင့် ချိတ်ဆွဲခြင်းဖြင့် ဆန္ဒထတ်ဖော်ခြင်း၊ ဆန့်ကျင်ခြင်းနှင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့် ဆက်လက်တိုးမြှင့်ရန်နှင့် ၎င်းနှင့်သက်ဆိုင်သည့် အခန်းကဏ္ဍမူဝါဒများ ဆွေးနွေးငြင်းခုံခြင်း။ ("အခြားဆန္ဒထုတ်ဖော်ခြင်းနှင့်မျိုးနှင့်မတူဘဲ စကားလုံးများ၊ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ သစ်ပင်တွင်ဖြစ်စေ သင်္ကေတဖြင့်ဖြစ်စေ အသံမဲ့သတင်းစကားပြောခြင်းဖြစ်ပြီး သဘောထားကွဲလွဲမှုများအတွက် ဆက်သွယ်ရေး... သူတို့၏ အခွန်ကောက်ခံမှုကိုဆန့်ကျင်သည့်ပုံစံမှာ လုံးဝ ကွဲပြားခြားနားသော သင်္ကေတအသုံးပြု ဖော်ပြမှုဖြစ်ပြီး နောက်ဆုံးတွင် အင်္ဂလိပ်လူမျိုးများ၏ အခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ဆွေးနွေးသည့် ကဏ္ဍဖြစ်ခဲ့ သည်။") Eugene Volokh ၏ "သင်္ကေတဖြင့် ဆန္ဒထုတ်ဖော်ခြင်းနှင့် ပထမအကြိမ်ပြင်ဆင်ဖြည့်စွက်သော မူလအဓိပ္ပာယ်ဖွင့်ဆိုချက်" *Georgetown ဥပဒေ ဂျာနယ် အတွဲ ၉၇,၂၀၀၉၊ စာ-၁၀၅၇-၅၉။* မီးရှို့ခြင်းနှင့် ပုံများကို ချိတ်ဆွဲခြင်းတို့သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဆက်လက်ကျင့်သုံးလျှက်ရှိသည်။ *See, for example,* Melissa Turpin, "Hanging Trump Effigy Protected By First Amendment,"*WishTV*, January 31, 2017, https://www.wishtv.com/news/local-news/hanging-trump-effigy-protected-byfirst-amendment/ 1064107848 - Melissa Turpin ၏ ရုပ်တုချိတ်ဆွဲခြင်း...ပထမအကြိမ်ပြင်ဆင်ဖြည့်စွက်မှု တွင်ကြည့်ပါ၊ ဇန်နဝါရီလ ၃၁ ရက် ၂၀၁၇ ခုနှစ်။"; *University Express*, October 16, 2016, https://www.universityex.com/community/opinion-community/ prime-ministers-effigy-burnt-in-jnu-is-freedom-of-expression-being-misused/. *Reportors Without Borders*, February 26, 2015, https://rsf.org/en/news/journalistseffigy-burned-publicly-during-carnival. "Modis ၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခြင်းသည် မှားယွင်းမှုတစ်ခုလား?" အောက်တိုဘာလ ၁၆ ရက် ၂၀၁၆ခုနှစ်တွင် တက္ကသိုလ်မှ ထုတ်သည်။ "Croatian Journalist ၏ ပွဲတော်အတွင်းလူသိရှင်ကြားမီးရှို့မှု" နယ်စည်းမထား သတင်းထောက် များအဖွဲ့၊ ဖေဖော်ဝါရီလ ၂၆ ရက် ၂၀၁၅ခုနှစ်။

176 "*New York Times*, May 13, 2018, https://www.nytimes.com/2018/03/13/world/europe/echr-spain-free-speech.html. ဥရောပလူ့အခွင့်ရေးဆိုင်ရာတရားရုံး (ECtHR) လျှောက်ထားချက် အမှတ် ၅၁၁၆၈/၁၅၊ တရားစီရင်ချက် မတ်လ ၁၃ ရက် ၂၀၁၉ခုနှစ်။ Raphel Minder ၏ဘုရင့်ပုံမီးရှို့ခြင်းသည် လွတ်လွပ်စွာပြောဆိုခြင်းတစ်ခု ဖြစ်သည်။

177 Id. *at p. 2*, *quoting* Handyside v. the United Kingdom, ECtHR, Application no. 5493/72, Judgment (Appeal), December 7, 1976, para. 49.

178 http://www.oas.org/en/iachr/expression/docs/publications/inter-american%20legal%20framework%20of%20the%20right%20to %20 freedom%20of%20expression%20final%20portada.pdf. နယူးဇီလန် လူ့အခွင့်အရေးကော်မရှင် အခန်း ၉ မှလွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်ကို ကြည့်ပါ။ လွတ်လပ်စွာထုတ်ဖော်ခွင့်ဆိုင်ရာအထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့် ဥပဒေပိုင်းဆိုင်ရာမူဘောင် ဇွန်လ ၁၀ ရက် ၂၀၀၉ ခုနှစ်၊ စာ - ၉။

သို့မဟုတ် ဖြစ်ပေါ်စေ ဖွယ်ရှိသော ရည်ရွယ် ချက်နှင့်အတူ၊ အများပြည်သူကို ကြောက်ရွံ့စေခြင်း သို့မဟုတ် ကြောက်ရွံ့စေရန် လှုံ့ဆော်ခြင်း၊ သို့မဟုတ် မည်သည့် လူပုဂ္ဂိုလ်မဆို အများပြည်သူအား နိုင်ငံတော်အားပုန်ကန်စေရန် သို့မဟုတ် အများပြည်သူ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်မှုပြုရန် လှုံ့ဆော်သွေးဆောင်မှုပြုခြင်း" တို့ကို တားမြစ်သည်။[179] NLD ဦးဆောင်သော အစိုးရနှင့် ယခင်စစ်အစိုးရတို့သည် "အများပြည်သူ တည်ငြိမ်အေးချမ်းမှု" ကို ကာကွယ်ရန် အသွင်သဏ္ဌာန်အရ အစိုးရနှင့် စစ်တပ်၏ ဝေဖန်ပြောဆိုမှုများကို အပြစ်ပေးရန် ဤပြဋ္ဌာန်းချက်ကို အသုံးပြုခဲ့သည်။[180] ထိုရည်မှန်းချက်သည် ICCPR ၏ အပိုဒ် ၁၉ (၃) အရ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ကို တင်းကျပ်ကန့်သတ်ရန် ခွင့်ပြုထားသော ရည်ရွယ်ချက်များအနက်မှ တစ်ခုနှင့်ကိုက်ညီသည် မှန်သော်လည်း ပုဒ်မ ၅၀၅ (ခ) တွင် ရေးဆွဲထားသော အချက်သည် ICCPR နှင့် သဟဇာတ/ကိုက်ညီမှုရှိရန်မှာ တိကျသေချာမှုမရှိဘဲ များစွာ ကျယ်ပြန့်လျက်ရှိသည်။ အမှန်စင်စစ် "အများပြည်သူ တည်ငြိမ်အေးချမ်းမှု" ဆိုသည်မှာ ပင်ကိုအားဖြင့် ပုဂ္ဂလဓိဋ္ဌာန်ကျကာ အလွန် ကျယ်ပြန့်သောကြောင့် ရာဇဝတ်ပုဒ်မဖြင့် အဓိပ္ပါယ်မသတ်မှတ်နိုင်ပါ။ ဤပြဋ္ဌာန်းချက်သည် ၎င်းအားချိုးဖောက်သည့် မည်သည့် ဆန့်ကျင်မှုကို မဆို ဆုံးဖြတ်မှုပြုနိုင်ရန် အစိုးရအား လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ကို ပေးထားသည်။

အကယ်၍ တရားရုံးမှ ကျောင်းသားများကို ပုဒ်မ ၅၀၅ (ခ) အားချိုးဖောက်သည်ဟု ပြစ်တင်စွပ်စွဲခဲ့ပါက ကျောင်းသားများသည် ထောင်ဒဏ် ၂ နှစ်ကျခံရန်၊ သတ်မှတ်ထားခြင်းမရှိသေးသည့် ငွေဒဏ် သို့မဟုတ် ၂ မျိုးလုံး ကျခံရမည် ဖြစ်သည်။[181] သို့သော်လည်း ဖေဖော်ဝါရီလ ၄ ရက်နေ့၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်း သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ABFSU ကျောင်းသားများမှ ရုံးတင်စစ်ဆေးမှုပြုနေစဉ်အတွင်း ဆန္ဒထုတ် ဖော်မှုကိုရပ်တန့်ရန် သဘောတူပြီးနောက် ကျောင်းသားများအပေါ် တရားစွဲဆိုထားမှုကို ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။[182] လူ့အခွင့်အရေးဆိုင်ရာဥပဒေသည် အစိုးရများအား ညှိနှိုင်းမှုလျှောက်ထားခြင်း၊ စီရင်ချက်ချခြင်းနှင့် စွဲဆိုမှု များပြုရန်ခွင့်ပြုသော်လည်း တတိယပုဂ္ဂိုလ်အား ခွင့်ပြုသည့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ပြောကြားခွင့် အခွင့်အရေးအား ကန့်သတ်ခြင်းကို ခွင့်မပြုပေ။[183] ထို့ကြောင့်တရားခွင်အတွင်း ကျောင်းသားများ ဆန္ဒထုတ်ဖော်မှုကို ရပ်တန့်ရန် အစိုးရ၏ တောင်းဆိုချက်သည် နိုင်ငံတကာ ဥပဒေအရ လွတ်လပ်စွာဆန္ဒထုတ် ဖော်ပြောကြားခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်။

## လွတ်လပ်စွာဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ အခွင့်အရေး

ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ အခွင့်အရေးအား UDHR အပိုဒ် ၂၀ (က) နှင့် ICCPR အပိုဒ် ၂၁ တို့တွင် ဖော်ပြထားသည်။[184] စုဝေးခြင်းဆိုသည့်အဓိပ္ပါယ်မှာ ရည်ရွယ်တစ်ခုရှိကာထိုအရာအတွက်သီးသန့်သို့မဟုတ် အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် တိကျသောရည်ရွယ်ချက်အတွက် ယာယီစုဝေးခြင်းကို ဆိုလိုခြင်း ဖြစ်သည်။[185] စုဝေးခြင်းတစ်ခုကို ပုံစံများစွာဖြင့် ပြုလုပ်နိုင်သည်။ "ဆန္ဒပြခြင်း၊ တင်ဆက်မှုများပြုလုပ်နေခြင်း၊ သပိတ်မှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်းများ၊ လှုံ့ဆော်စည်းရုံးမှုပြုခြင်း သို့မဟုတ် အခန်း၊ အဆောက်အအုံ စသည်တို့ရှေ့တွင် ဆန္ဒပြသည့်အနေဖြင့် ဝင်ရောက်ခြင်း"များ ဖြစ်သည်။[186] ငြိမ်းချမ်းစွာဖြင့်စုဝေးနေသော မည်သည့် စုဝေးခြင်း ပုံစံမျိုးကိုမဆို ကွဲပြားခြားနားမှု မရှိစေဘဲလူ့အခွင့်အရေးဆိုင် ရာဥပဒေမှ ကာကွယ်ပေးထားသည်။[187]

ရတနာပုံတက္ကသိုလ်နှင့် မြန်မာအာဏာပိုင်များမှ ကျောင်းသားများ ကျောင်းဝင်းအတွင်းဆန္ဒပြမှုကို ၂ ကြိမ်

179 မြန်မာနိုင်ငံပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ် ၅၀၅ (ခ)

180 *Dashed Hopes*, pp. 47–52. လူ့အခွင့်အရေးစောင့်ကြည့်ခြင်း စာ ၄၇ - ၅၂ တွင်ကြည့်ပါ။

181 မြန်မာနိုင်ငံပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ် ၅၀၅ (ခ)

182 ထွန်းနှင့်ကျောင်းသားများ၊ အမရပူရမြို့နယ်တရားရုံး၊ အမှုအမှတ် ၆၅၊ စာ-၄။

183 လူ့အခွင့်အရေးကော်မတီမှ ကန့်သတ်ခြင်းဆိုသည်မှာ (လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်အခွင့်အရေး)၎င်းအား အပိုဒ် ၃တွင်ဖော်ပြထားသော အခြေအနေမဟုတ်က ခွင့်မပြုနိုင်ပေ။ ထိုကဲ့သို့သော အချက် များသည် ပဋိညာဉ်တွင် ကန့်သတ်ချက်များမှ ကာကွယ်ထားရမည့် အခွင့်အရေးများဖြစ်သည်။ တင်းကျပ်ကန့်သတ်မှုသည် တိကျတဲ့လိုအပ်ချက်ကိုအခြေခံသည့်အနေအထားအား ရည်ရွယ်ပါက အသုံးပြုနိုင်ကြောင်း ဖော်ပြထားပါသည်။" UN လူ့အခွင့်အရေးကော်မတီ အထွေထွေ ကောက်နုတ်ချက် အမှတ် ၃၄၊ အချက် ၁၉ မှ လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်၊ အပိုဒ် ၂၂။ အချက် ၁၉ (၃) တွင် ဖော်ပြထားသောအမျိုးအစားနှင့်ကိုက်ညီခြင်းမရှိဘဲ လူပုဂ္ဂိုလ်တစ်ဦး၏အခွင့်အရေးဖြစ်သောလွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်အပေါ် အသုံးပြုနိုင်သည့် တင်းကျပ်ကန့်သတ်မှု အခွင့် အရေးကို ကျော်လွန်ကာအသုံးပြုခြင်းမရှိစေရ။

184 ICCPR, Art. ၂၁ နှင့် UDHR အချက် ၂၀ (၁) တွင်. – ICCPR တွင် "(၁) လူတိုင်း၌ လွတ်လပ်စွာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ခွင့်ရှိရမည်၊ (၂) မည်သူ့ကိုမျှ အဖွဲ့ဝင်ဖြစ်လာရန် အတင်းအကြပ်မပြုသင့်။

185 U.N လူ့အခွင့်အရေးကောင်စီ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ ငြိမ်းချမ်းစွာလွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းဖွဲ့ခွင့်ဆိုင်ရာအစီရင်ခံစာ အပိုဒ် ၂၄ ။

186 *Ibid.*

187 U.N လူ့အခွင့်အရေးကောင်စီ၊ အထူးကိုယ်စားလှယ်၏ ပူးတွဲအစီရင်ခံစာ အမှတ် A/HRC/31/66, para. 18

တိုင်တားဆီးမှုပြုခဲ့သည်။ နိုင်ငံရေးရာတာဝန်ရှိသူများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအပါအဝင် ငြိမ်းချမ်းစွာစုဝေးနိုင်ရန်အတွက် အပြုသဘောဆောင်သော တာဝန်ယူမှုဖြစ်သည့် ကာကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းတို့ပြုရန် ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ အခွင့်အရေးတွင် သတ်မှတ်ထား ရမည်။[188] ထိုကဲ့သို့တာဝန်ယူခြင်းဆိုသည့် အဓိပ္ပါယ်မှာ ဆန္ဒထုတ်ဖော်ကြသူများအား ၎င်းတို့ဆန္ဒပြရန် ရည်ရွယ်ထားသော ပရိတ်သတ်များမြင်နိုင်၊ ကြားနိုင်သည့် ဧရိယာအတွင်း၌ စုဝေးနိုင်ရန် အာဏာပိုင်များမှ တတ်အားသရွေ့ ခွင့်ပြုသင့်ခြင်းနှင့် ဆန္ဒပြပွဲအား ကြားဝင်နှောင့်ယှက်ခြင်း မပြုဘဲ အများပြည်သူဆိုင်ရာနေရာများ - လမ်းများ၊ရင်ပြင်များနှင့် အခြားနေရာများ၌ ဝင်ရောက်ဆန္ဒ ထုတ်ဖော် ခွင့်ရှိသည် သို့မဟုတ် ထုတ်ဖော်ခွင့်ရှိသင့်သည်။[189]

*အသံ* နှင့် Fortify Rights တို့၏ စုံစမ်းမှုအရရတနာပုံတက္ကသိုလ်မှ တာဝန်ရှိသူများသည် ကျောင်းသားများ၏ ဆန္ဒထုတ်ဖော်မှုကို အပြည့်အဝတာဝန်ယူပေးရန် ပျက်ကွက်ခဲ့သည့်အပြင် ကျောင်းဝင်းအတွင်း ဆန္ဒထုတ်ဖော်မှုကို တားဆီးခဲ့ကြကြောင်း မှတ်တမ်းတင်ခဲ့ ကြသည်။ နိုဝင်ဘာလ၁၃ ရက်နေ့ ကျောင်းသားများ၏ပထမအကြိမ် ဆန္ဒထုတ်ဖော်မှု၌ တက္ကသိုလ် ကျောင်းမှ ဂိတ်တံခါးများကို ပိတ်ခြင်း၊ တက္ကသိုလ်ကျောင်းမြေပြင်အတွင်း ဆန္ဒပြကျောင်းသားများ နေရာယူမှုမပြုနိုင်အောင် တားဆီးခြင်း - ထိုနေရာသည် အများပြည်သူ တက်ရောက်နိုင်သော တက္ကသိုလ်ဖြစ်ပြီး အများဖြတ်သန်းသွားလာခွင့်ရှိသော နေရာဖြစ်ပါသည်။[190] ဒီဇင်ဘာလ ၇ ရက်နေ့ ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်မှု၌ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်၏ အမိန့်အရ တက္ကသိုလ်ကထိကများမှ ကျောင်းတံခါးများရှေ့တွင် တားဆီးပိတ်ဆို့မှုများပြုခြင်း၊ ကျောင်းဝင်းအတွင်း ဆန္ဒပြမှုမပြုနိုင်ရန် ပိတ်ပင်တားဆီးခြင်းနှင့်အတူ ဆန္ဒပြမှုကို ကျောင်းဝင်း ပြင်ပ၌ ပြုလုပ်ရန် ဖိအားများ ပေးခဲ့ကြသည်။ ရတနာပုံတက္ကသိုလ်မှ တာဝန်ရှိသူများသည် ရည်ရွယ်ထားသောပရိတ်သတ်များ၏ "မြင်နိုင် -ကြားနိုင်" သည့် ဧရိယာအတွင်း နေရာယူဆန္ဒပြမှုကို တက်ကြွစွာတားဆီးခဲ့သောကြောင့် ကျောင်းသားများ၏ ဆန္ဒထုတ်ဖော်မှု အောင်မြင်မှုရရန် အလှမ်းဝေးခဲ့သည်။ ထိုကဲ့သို့သော ငြိမ်းချမ်းစွာစုဝေးခြင်းအပေါ် ပိတ်ပင်တားဆီးမှုသည် နိုင်ငံတကာလူ့အခွင့် အရေးဆိုင်ရာ စံသတ်မှတ်ချက်အရ တက္ကသိုလ်သည် ၎င်းတာဝန်ယူရမည့် တာဝန်ဝတ္တရားများအပေါ် ပျက်ကွက်ခြင်းဖြစ်သည်။

တက္ကသိုလ်အရာရှိများမှ ကျောင်းသားများကို ကျောင်းဝင်းအတွင်းဆန္ဒပြခြင်းမှ တားဆီးမှုပြုနေစဉ်တွင် မြန်မာနိုင်ငံရဲ အရာရှိများမှလည်း ကျောင်းသားများ၏ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်မြောက် ဆန္ဒထုတ်ဖော်မှုများကို ကြားဝင်နှောက်ယှက် ခြင်းနှင့်အတူ ဖမ်းဆီးမှုဖြင့် ဆန္ဒပြမှုကို အဆုံးသတ်စေခဲ့သည်။

ကျောင်းသားများအား ဖမ်းဆီးရခြင်း အကြောင်းအရင်းများနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာစုဝေးခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄ အရ "ကြိုတင် အကြောင်းကြားစာ"အား ဆန္ဒပြပွဲမတိုင်မီ ကျောင်းသားခေါင်းဆောင်များအနေဖြင့် သက်ဆိုင်ရာသို့ တင်ပြရန် ပျက်ကွက်ခဲ့ကြောင်း ထောက်ပြခဲ့သည်။

"ကြိုတင်အကြောင်းကြားစာ"နှင့် ၎င်း၏ တိကျသေချာမှုမရှိသော များပြားလွန်းသည့် လိုအပ်ချက်များသည် လူ့အခွင့်အရေးစံနှုန်း သတ်မှတ်ချက်များနှင့် ဆန့်ကျင်သည်။ အဆိုပါစုဝေးပွဲစီစဉ်သူကျောင်းသားများမှ "ကြီးမားသော စုဝေးမှု သို့မဟုတ် မျှော်လင့်ထားသည့် စုဝေးမှုတွင် အချို့သောအနှောင့်အယှက်များ ကြားဝင်မှုတို့အတွက်" "ကြိုတင်အကြောင်းကြားစာ" ပေးရန် လိုအပ်နိုင်ပါသည်၊ ရတနာပုံ တက္ကသိုလ်တွင်ပြုလုပ်ခဲ့သည့်

---

188 UN လူ့အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ်၏ လွတ်လပ်စွာငြိမ်းချမ်းစွာစုဝေးခွင့်နှင့်အသင်းဖွဲ့စည်းခွင့်အခွင့်အရေး အစီရင်ခံစာ အပိုဒ် ၂၇ (အထူးအစီရင်ခံစာတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်တွင် ပါဝင်ခြင်း၏ပျော်ရွှင်မှုအား နိုင်ငံတော်မှ ဖြည့်စည်ပေး၍ အခွင့်အရေးကျင့်သုံးမှုအပေါ် အပြုသဘောဆောင်သော တာဝန်ယူလုပ်ဆောင်မှုရှိရမည်)။ ဤအချက်တွင်ကြည့်ပါ -နိုင်ငံတကာဥပဒေကော်မရှင်၊ နိုင်ငံများမှ မှားယွင်းပြုမှုခြင်းအပေါ် တာဝန်ယူဆောင်ရွက်ခြင်းအက်ဥပဒေ ၂၀၀၁ ခုနှစ်၊ အချက် ၄ အရ (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့်အခြားကဏ္ဍများ တွင် မည်သည့်ရာထူးတာဝန်ယူထားသည်ဖြစ်စေ သို့မဟုတ် ဗဟိုအစိုးရ၏လုပ်ဆောင်မှု သို့မဟုတ် နိုင်ငံ၏နယ်မြေစနစ် မည်သို့ပင်ရှိ စေကာမူ တိုင်းနိုင်ငံ၏အပြုအမူသည် နိုင်ငံတကာဥပဒေအရ ထိုအပြုအမူကို ထည့်သွင်းစဉ်းစားရမည်)။ Enver Şahin v. Turkey (အများပြည်သူဆိုင်ရာတက္ကသိုလ်မှ ကျောင်းသား တစ်ဦးချင်း၏အခွင့်အရေးချိုးဖောက်ခြင်း) တရားစီရင်မှု၊ ဇန်နဝါရီလ ၃၀ ရက်၊ ၂၀၁၈ ခုနှစ်တွင် ကြည့်ပါ။ အများပြည်သူဆိုင်ရာတက္ကသိုလ် ဖြစ်သော ရတနာပုံတက္ကသိုလ်မှ အများပြည်သူဆိုင်ရာလုပ်ငန်းဆောင်တာ များဆောင်ရွက်ခြင်း၊ အများပြည်သူဆိုင်ရာအရင်းအမြစ်များမှ ရံပုံငွေရရှိခြင်းနှင့် ပညာရေးဝန်ကြီးဌာနသည် တရားစီရင်ရေးအောက်တွင် လုပ်ကိုင်ပြုမူသည်။) တက္ကသိုလ်တစ်ခုအား နိုင်ငံ တစ်နိုင်ငံ၏ ကဏ္ဍတစ်ရပ်အဖြစ်ထည့်သွင်းစဉ်းစားနိုင်၍ ၎င်း၏အပြုအမူ လုပ်ဆောင်ချက်များကို နိုင်ငံတကာ ဥပဒေ ဆိုင်ရာတာဝန်ယူမှုရှိသည်ဟု သတ်မှတ်နိုင်သည်။

189 *Mr. Christof Heyns,* https://www.ohchr.org/EN/HRBodies/CCPR/Pages/GCArticle21.aspx. UN. လူ့အခွင့် အရေးကောင်စီ အထူးကိုယ်စားလှယ်၏ လွတ်လပ်စွာငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့်နှင့် အသင်းဖွဲ့စည်းခွင့်ဆိုင်ရာ အပိုဒ် ၄၀။ အပိုဒ် ၆၆။ UN လူ့အခွင့်အရေးကော်မတီ အထွေထွေကောက်နုတ်ချက် အမှတ် ၃၇၊ အချက် ၂၁ ငြိမ်းချမ်းစွာစုဝေးခွင့်၊ အစီရင်ခံစာအားဖြင့် ပြန်လည်သုံးသပ်မှုမူကြမ်း။

190 . အသံနှင့် Fortify Rights တို့မှ ကိုလင်းကျော်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မန္တလေးတိုင်း၊ မြန်မာနိုင် ငံ၊ မတ်လ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်။

ဆန္ဒပြသူများမှ ကြားဖြင်ခြိမ်းခြောက်တားဆီးမှုအဆင့်တစ်ခုတွင် လိုအပ်မည့် ကြိုတင်အသိပေးခြင်း ပြုလုပ်ရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။[191] ထို့အပြင် နိုင်ငံတကာဥပဒေ၏ လမ်းညွှန်ဖော် ပြချက်အရ ထိုကဲ့သို့ ကြိုတင်အသိပေး လုပ်ဆောင်ရသော အဓိကရည်ရွယ်ချက်မှာ "ငြိမ်းချမ်းစွာစုဝေးခွင့်အား ကျင့်သုံးရာတွင် လွယ်ကူချောမွေ့စေရန်နှင့် အများပြည်သူလုံခြုံမှုနှင့် ငြိမ်ဝပ်ပိပြားရေးကို ကာကွယ်ရန်၊ အခြားသူများ၏ လွတ်လပ်ခွင့်များကို ကာကွယ်ရန်" ဖြစ်သင့်သည်ဟု ဖော်ပြထားပါသည်။[192] အကြောင်းကြား ခြင်းသည် ထပ်မံ၍ အချိုးအစားဆိုင်ရာ စစ်ဆေး မှုကို ပြုလုပ်သင့်ပြီး စုဝေးပွဲကျင်းပရန် စီစဉ်ထားသည့်နေ့မတိုင်မီ အများဆုံး ၄၈ နာရီ လိုအပ်သည်၊ စုဝေးပွဲအား စီစဉ်ထား သည့်အတိုင်းပြုလုပ်နိုင်ရန် လွန်ကဲသော ဗျူရိုကရေစီယန္တရားမဖြစ်သင့်ပေ။[193]

ကျောင်းသားများမှ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့သော်လည်း ထိုပျက်ကွက်မှုကြောင့် စုဝေးဆန္ဒထုတ်ဖော်မှု ဖျက်သိမ်းခံရခြင်းနှင့်အတူ အဆိုပါဆန္ဒပြပွဲတွင် ပါဝင်သူများအား ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ချမှတ် အရေးယူခြင်းများ မပြုလုပ်သင့်ပေ။[194] ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်မှ ငြိမ်းချမ်းစွာဆန္ဒပြမှုကြောင့် ပြစ်မှုဆိုင်ရာပြစ် ဒဏ်များ - ငွေဒဏ်နှင့် ထောင်ဒဏ် အပါအဝင်ချမှတ်ခြင်းသည် လူ့အခွင့်အရေးနှင့် ကိုက်ညီမှုမရှိကြောင်း သတ်မှတ်ဖော်ပြထား သည်။[195]

ကျောင်းသားများ၏ဆန္ဒထုတ်ဖော်မှုသည်အများပြည်သူနှင့်ဆိုင်သည့်နေရာများတွင်အများပြည်သူနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် အဓိကထား၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုဖြစ်သည်၊ အများပြည်သူဆိုင်ရာ စည်းကမ်းများအပေါ် ခြိမ်းခြောက်ခဲ့ခြင်းများမရှိခဲ့ပေ၊ သို့သော်ဆန္ဒထုတ်ဖော်မှုကို ဖျက်သိမ်းခြင်းနှင့်အတူ နောက်ဆက်တွဲအနေဖြင့် ပါဝင်သူများကို ဖမ်းဆီးခဲ့ခြင်းသည် နိုင်ငံတကာဥပဒေအရ တရားမျှတသည်ဟု မသတ်မှတ်နိုင်ပေ။ ထို့ကြောင့် ကျောင်းသားများသည် ၄င်းတို့၏ ငြိမ်းချမ်းစွာစုဝေးသည့်အခွင့်အရေးအား ချိုးဖောက်မှု ခံရခြင်းဖြစ်ပါသည်။

191 *Maina Kiai*, U.N. Doc. A/HRC/23/39, para. 52. - UN လူ့အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ်၏ လွတ်လပ်စွာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းဖွဲ့စည်းခွင့် အစီရင်ခံစာ အပိုဒ် ၂၈ နှင့် အပိုဒ် ၅၂ တွင်ကြည့်ပါ။

192 /HRC/20/27, para. 28. UN လူ့အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ်၏ လွတ်လပ်စွာငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းဖွဲ့စည်းခွင့် အစီရင်ခံစာ အပိုဒ် ၂၈။

193 *Id.* at paras. 28–29.

194 *d.* at para. 29.

195 UN လူ့အခွင့်အရေးကော်မတီ၊ ဇူလိုင် ၁၇ ရက် ၂၀၀၆ ခုနှစ် အပိုဒ် ၇(၃)။ UN လူ့အခွင့်အရေးကော်မတီ အထွေထွေကောက်နုတ်ချက် အမှတ် ၃၄ အချက် ၁၉ ၊ လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်၊ အပိုဒ် ၂၆။

# ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ခွင့်ဆိုင်ရာ ဥပဒေ

ငြိမ်းချမ်းစွာစုဝေးခြင်းဥပဒေ၏ ပြဋ္ဌာန်းချက်အများအပြားသည် လူ့အခွင့်အရေးဆိုင်ရာဥပဒေနှင့် စံချိန်စံညွှန်းများနှင့် လုံးဝကိုက်ညီမှု မရှိပေ။ ဥပမာအားဖြင့် ပုဒ်မ ၄ ၌ စုဝေးမှုစီစဉ်သူများသည် စုဝေးမှုတွင်ပါဝင်မည့်သူများ၊ ပြောဆိုမည့်သူများ၊ ငွေကြေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ကျယ်ပြန့်သော သတင်းအချက်အလက်များ အားလုံးကို စုစည်းတင်ပြရန်လိုအပ်ပြီး ထိုသို့ လိုအပ်ချက်များကို တင်ပြနိုင်မှသာ အစိုးရမှ စုဝေးဆန္ဒထုတ်ဖော်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်သည်ဟု ဖော်ပြပါရှိသည်။[196] ထို့အပြင် ငြိမ်းချမ်းစွာ စုဝေးခွင့်ဥပဒေပုဒ်မ ၁၉ အရ ဥပဒေပြဋ္ဌာန်းချက်အား

196 အထူးကိုယ်စား လှယ် ၂ ဦး၏အခွင့်အာဏာဖြင့် လမ်းညွှန်မှုသည် လွတ်လပ်စွာ အသင်းဖွဲ့ စည်းခွင့်နှင့် လွတ်လပ်စွာငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်သက်ဆိုင်၍ "လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် ၂၂/၆ မှ နိုင်ငံများသည် အသင်းအဖွဲ့များ ၏အစီရင်ခံစာအရ လိုအပ် ချက်များကို လုပ်ဆောင်မှုများကို မတားဆီးဘဲ သေချာစွာလုပ်ကိုင်နိုင်ရန် နိုင်ငံများမှ ထောက်ပံ့မှုလုပ်ဆောင်ရန် လိုအပ်သည်"။ (A/HRC/23/39, para 38)." - အထူးကိုယ်စားလှယ်ဟောင်း၏ လွတ်လပ်စွာ အသင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်အပေါ် "ဗျူရိုကရေစီဆန်၍ စိတ်သောကရှိသော အစီရင်ခံလိုအပ်ချက်များ" သည် "အသင်းအဖွဲ့များ တရားဝင်လုပ်ဆောင် သော အလုပ်များကို ဟန့်တား မှုဖြစ်စေသည်၊ အပိုဒ် ၃၈"။ UN လူ့အခွင့်အရေးကော်မရှင်နာရုံး၊ အထူးကိုယ်စားလှယ်၏ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်အခွင့်အရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် အခြေအနေပေါ် လုပ်ပိုင်ခွင့်၊ ဆီးရီးယားအစိုးရထံသို့ ပေးပို့သော စာ၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်၊ စာ - ၇။

ချိုးဖောက်လျှင် ရာဇဝတ်မှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြစ်ဒဏ်များဖြင့် သတ်မှတ်ခြင်းသည် စုဝေးဆန္ဒထုတ်ဖော်ခြင်း၏ ပန်းတိုင်သို့ရောက်ရန် ကူညီပံ့ပိုးပေးခြင်း မဟုတ်ပေ။

ICCPR အရ လွတ်လပ်ပြီး ငြိမ်းချမ်းစွာစုဝေးသည့်အခွင့်အရေးကို တင်းကျပ်ကန့်သတ်ရန် တရားဝင်ရည်ရွယ်ချက်နှင့် ထိုရည်ရွယ်ချက်အတိုင်း အောင်မြင်ရန် အချိုးအစားညီမျှမှု/သဟဇာတဖြစ်မှု လိုအပ်မည်ဖြစ်ပါသည်။[197] ထိုသို့ညီမျှမှု ရှိမရှိ စမ်းသပ်မှု အောင်မြင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာဥပဒေအရ ပြစ်ဒဏ်များသည် " အနဲဆုံးသော ပြစ်ဒဏ် ဖြစ်ရမည့်အပြင် ရယူလိုသော ရည်မှန်းချက်အောင်မြင်စေရန်ဖြစ်သည်။"[198] သို့သော် ငြိမ်းချမ်းစွာစီတန်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ အရ ထိုပြစ်ဒဏ်များသည် အဆိုပါစမ်းသပ်မှုကို အောင်မြင်ခြင်းမရှိပေ။

197 ICCPR, Art. 21.

198 . A/HRC/23/39, para. 23. UN လူ့အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ်၏ လွတ်လပ်စွာငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းဖွဲ့စည်းခွင့် အခွင့်အရေး အပိုဒ် ၂၃။

# ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော ပုံစံများဖြင့်လူမဆန်စွာ ဆက်ဆံခြင်း အားတားမြစ်ခြင်း

နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လူမဆန်စွာဆက်ဆံခြင်းကဲ့သို့သော အခြားသောပုံစံများမှ ကင်းလွတ်ခွင့်သည် အခြေခံကျသောလူ့အခွင့်အရေး တစ်ရပ်ဖြစ်သည်သာမက နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေတို့မှလည်း အဆိုပါအခွင့်အရေးကို ကာကွယ်မှုပေးထားသည်။[199] ၎င်းအပြင် မြန်မာနိုင်ငံအပါအဝင် တိုင်းနိုင်ငံအားလုံးအတွက်လည်း အခြေခံကျသောအခွင့်အရေး တစ်ရပ်ဖြစ်ရုံမျှမက တရားဝင်လိုက်နာရန် တင်းကျပ်ထားသည်။[200]

ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်မှု သို့မဟုတ် ဂုဏ်သိက္ခာရှိသောဆက်ဆံမှုမဟုတ်သော အပြစ်ပေးခြင်း အား ဆန့်ကျင်ခြင်းဆိုင်ရာသဘောတူစာချုပ် (CAT)မှ ညှဉ်းပန်းနှိပ်စက်မှုဆိုသည်မှာ သတ်မှတ်ထားသည့် ရည်ရွယ်ချက်အတိုင်း "ရုပ်ပိုင်းဆိုင်ရာကိုသော်လည်းကောင်း စိတ်ပိုင်းဆိုင်ရာကိုသော်လည်းကောင်း ပြင်းထန်သောနာကျင် စေခြင်း သို့မဟုတ် ဝေဒနာ ခံစားစေခြင်း" - အပြစ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်းများ သို့မဟုတ် "မည်သည့် အကြောင်းပြချက်ကိုမဆို အခြေခံပြီး ခွဲခြားဆက်ဆံခံရမှု"ကို ဆိုလိုခြင်း ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။[201] ညှဉ်းပန်း နှိပ်စက်မှုခံရခြင်းဟုဆိုရာ၌ "အဆိုပါ နာကျင်စေခြင်းနှင့် ဝေဒနာခံစားစေခြင်းသည် အများပြည်သူဆိုင်ရာ အရာရှိတစ်ဦး၏ သဘောတူညီမှုအရ/ ခွင့်ပြုချက်အရ သို့မဟုတ် သွေးထိုးလှုံ့ဆော်မှုအရ သို့မဟုတ် အခြားလူပုဂ္ဂိုလ်မှ တရားဝင်လုပ်ခွင့်ဖြင့် ပြုမူခြင်းကြောင့် ဒုက္ခ အနာတရခံစားရခြင်း ဖြစ်သည်။[202]

199 IT-95-17/1-T, Judgment (Trial), December 10, 1998, paras. 143–146. - ရောမမြို့နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၊ ဇူလိုင် ၁၇ ရက်၊ ၁၉၉၈ ခုနှစ် တွင်ပြဋ္ဌာန်းခဲ့သည်။ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်ကြမ်း ကြုတ်မှု၊ လူမဆန်မှု၊ လူမဆန်စွာဆက်ဆံခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းများဆန့်ကျင်ခြင်းဆိုင်ရာ စာချုပ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ ၁၉၈၄ ခုနှစ် တွင်ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေအရ ညှဉ်းပန်းနှိပ်စက်မှု အားအခွင့်အရေးချိုးဖောက်မှုအဖြစ် အလေးအနက်ဆွေးနွေးချက်။ ယခင် ယူဂိုဆလားဗီးယားနိုင်ငံအတွက် နိုင်ငံတကာ ပြစ်မှုဆိုင်ရာခုံရုံး၊ တရားစီရင်ချက်၊ ဒီဇင်ဘာလ ၁၀ ရက်၊ ၁၉၉၈ ခုနှစ်၊ အပိုဒ် ၁၄၃ - ၁၄၆။

200 နိုင်ငံတကာဥပဒေဆိုင် ရာကော်မရှင်မှ တိုင်းနိုင်ငံများ၏မှားယွင်းစွာ ဆောင်ရွက်မှုအပေါ်တာဝန်ခြင်းဆိုင်ရာ အက်ဥပဒေ၊ ၂၀၀၁ခုနှစ် အချက် ၂၆ အပိုဒ် ၅၊ ("ညှဉ်းပန်းနှိပ်စက်မှုအပါအဝင်… ရှင်းလင်းပြတ်သားစွာ ချက်ခြင်း လိုက်နာရမည့်စံများအား လက်ခံပြီး အသိအမှတ်ပြုရမည်)"။ အပိုဒ် ၁၅၃-၁၅၆ တွင်ကြည့်ပါ (ညှဉ်းပန်းနှိပ်စက်မှုအပေါ်တားမြစ်ထားသည့် လိုအပ်သည့် အခြေအနေဆိုသည်မှာ "တားမြစ်ခြင်းသည် နိုင်ငံတ ကာလူ့အဖွဲ့အစည်းတွင် အဓိကအခြေခံအကျဆုံးစံတစ်ခုအဖြစ် ယခုဖြစ်လာခြင်းဖြစ်သည်)"။

201 CAT, Art. 1(1).

202 *Ibid.*

မြန်မာနိုင်ငံရာဇသတ်ကြီးဆိုင်ရာကျင့်ထုံးဥပဒေ၌ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်ဆိုင်သော အဆိုပါအပြုအမူများကို တားမြစ်ထားသည်။[203] အဆိုပါဥပဒေ ပုဒ်မ ၃၃၀ တွင် တားမြစ်ထားသည့်အချက် (၃) ချက် ဖြစ်သည့် မိမိအလိုအလျောက် နာကျင်စေမှု - "မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးသည့်အခါ သို့မဟုတ် လက်မခံနိုင်သောအပြုအမူဖြင့် ချောက်လှန့်၍ အပြုခံရသူထံမှ ဖြောင့်ချက် ရယူခြင်း၊ သို့မဟုတ် အပြုခံရသူနှင့် သက်ဆိုင်သော မည်သည့်ပစ္စည်းကိုဖြစ်စေ အဖိုးတန်လုံခြုံရေးဆိုင်ရာများကို ပြန်ပေးစေအောင်၊ သို့မဟုတ် ကျေနပ်လောက်သည့် တောင်း ဆိုမှုများဖြင့် မိမိ အလိုအလျောက်နာကျင်စေမှုပြုစေခြင်း" တို့ဖြစ်သည်။[204] သို့ရာတွင် နိုင်ငံတကာဥပဒေမှ သတ်မှတ်ထားသည့် ညှဉ်းပန်း နှိပ်စက်မှုကို ကာကွယ်တားမြစ်ခြင်းဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက်အရ မြန်မာနိုင်ငံ၏ အဆိုပါ ဥပဒေစနစ်သည် ကိုက်ညီခြင်း မရှိပေ။[205]

အိုးဘိုအကျဉ်းကျထောင်တွင် အကျဉ်းကျနေသော ကျောင်းသား ၄ဦးတို့အား ရိုက်နှက်ခြင်းသည် ညှဉ်းပန်း နှိပ်စက်ခြင်း သို့မဟုတ် လူမဆန်စွာဆက်ဆံခြင်းဖြစ်ပြီး ထိုအပြုအမူများကို နိုင်ငံတကာဥပဒေမှ တားမြစ်ထားသည်။ ရဲလင်းအောင်၊ နေဝင်းကျော်၊ ဖုန်းမြင့်ကျော်နှင့် မျိုးချစ်ဇော်တို့ အကျဉ်းခံနေစဉ် အရိုက်ခံရခြင်းကြောင့် "ပြင်းထန်သောနာကျင်ခြင်း သို့မဟုတ် ဝေဒနာ" များခံစားရခြင်းသည် နိုင်ငံတကာ ဥပဒေအရ ညှဉ်းပန်းနှိပ်စက်ခြင်းဟု သတ်မှတ်သည်။[206] မျိုးချစ်ဇော်အဆိုအရ အစောင့် ၄ ဦးမှ ၅ ဦးတို့သည် ကျောင်းသားတစ်ဦးစီကို သံချောင်းများနှင့်အတူ အခြားရိုက်နှက်နိုင်သည့် တုတ်ချောင်းများဖြင့် ရိုက်နှက်ခဲ့သည်။[207] ၄င်းအား မြေပေါ်တွင်ချုပ်ထားစဉ် အစောင့်များသည် နေဝင်းကျော်၏မျက်နှာကို စစ်ဖိနပ်များဖြင့် ကန်ခဲ့သည်၊ အခြား အစောင့်များလည်း အလားတူ မျိုးချစ်ဇော်၏ လက်မောင်းများကို ချုပ်ထားပြီး ရင်ဘတ်၊ ခြေသလုံး၊ လက်ဖဝါးများနှင့် ခြေဖဝါးများ အား ကန်ကျောက်ခဲ့သည်။[208] မျိုးချစ်ဇော်၏ ထိုနာကျင်မှုဝေဒနာမှာ "ပြင်းထန်ပြီး" ရက်ပေါင်းများစွာ ခံစားခဲ့ရကြောင်း ဖော်ပြ ခဲ့သည်။[209]

ကျောင်းသားများ၏ သက်သေထွက်ဆိုများအရ အစောင့်များသည် ကျောင်းသား ၄ ဦးကို ရိုက်နှက်ခဲ့ခြင်းမှာ ၄င်း တို့အား သီချင်းဆိုခိုင်းခြင်း၊ ချက်စ်ကစားခြင်းတို့ကို ငြင်းဆိုခဲ့ပြီး အစောင့်များမှ ဖုန်းမြင့်ကျော်အား ခေါ်ဆောင်ခြင်းကို တားဆီးခဲ့ခြင်း တို့ကြောင့်ဖြစ်ပြီး အဆိုပါ ရိုက်နှက်ခြင်းကို ဖော်ညွှန်းရမည်ဆိုလျှင် "တိကျသောရည်ရွယ်ချက်ဖြင့် ကြံ ရွယ်ကာ နာကျင်စေခြင်း" - အပြစ်ဖော် ဆုံးမခြင်း၊ ကျောင်းသားများမှ အစောင့်များထံမှ ညွှန်ကြားမှုရယူရန် ပျက်ကွက်ခဲ့ခြင်းကြောင့် အပြစ်ဖော် ဆုံးမခြင်း ဖြစ်သည်ဟု ခေါင်းစဉ်တပ်ကာ ရိုက်နှက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အချို့သော အကျဉ်းထောင်အစောင့် ၃၀ ဦးခန့်သည် - တရားဝင်ညွှန်ကြားချက်ကြောင့် အဆိုပါ ရိုက်နှက်ခြင်းတွင် ပါဝင်ပတ်သက် နေခြင်းဖြစ်သည်ဟု အစီရင်ခံခဲ့သည်။ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ခြင်းဆိုင်ရာ သဘောတူစာချုပ်သည် အဆိုပါရိုက်နှက်သည့်လုပ်ရပ်အပေါ် ညှဉ်းပန်းနှိပ်စက်ခြင်းဟုဆိုရာ၌ "အဆိုပါနာကျင်စေခြင်းနှင့် ဝေဒနာခံစားစေခြင်းသည် အများပြည်သူဆိုင်ရာအရာရှိတစ်ဦး၏ သဘောတူညီမှု အရ/ ခွင့်ပြုချက်အရ သို့မဟုတ် သွေးထိုးလှုံ့ဆော်မှုအရ သို့မဟုတ် အခြားလူပုဂ္ဂိုလ်မှ တရားဝင်လုပ်ခွင့်ဖြင့် ပြုမူခြင်းကြောင့် ဒုက္ခအနာတရ ခံစားရခြင်း ဖြစ်သည်" ဟု သတ်မှတ်သည်။[210] အကယ် ၍ အကျဉ်းထောင်အစောင့်ကဲ့သို့သော ပြည်သူ့ဝန်ထမ်းတစ်ဦးသည် ပြင်းထန်သော နာကျင်ခြင်း သို့မဟုတ် ဝေဒနာခံစားစေသည့် အပြုအမူတစ်ရပ်၌ "ထိုဝန်ထမ်းသည် ပုဂ္ဂလိက အကြောင်းပြချက်များဖြင့် ထိုကဲ့သို့ပြုမူခြင်း တွင်ပါဝင်ခဲ့လျှင် ကင်းလွတ်ခွင့်ရသော

203 မြန်မာပြစ်မှုဆိုင်ရာကျင့်ထုံး ပုဒ်မ ၃၃၀-၃၃၁။

204 ပုဒ်မ ၃၃၀။ ပုဒ်မ ၃၃၁ မှ ၄င်းပုဒ်မအောက်တွင် ထောင်ဒဏ် ၁၀ နှစ်မှ ၁၀ အထက်ထောင်ဒဏ်အထိ ပြစ်ဒဏ်ချမှတ်နိုင် သည့်အခွင့်အာဏာနှင့်တကွ "ပြင်းထန်သောနာကျင်မှု "ဖြစ်ခြင်းမှ ကန့်သတ်ထားသည်။

205 ပြစ်မှုဆိုင်ရာကျင့်ထုံးအရ လွှမ်းခြုံထားသောအပြုအမူတစ်ရပ်သည် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးဆိုင်ရာစာချုပ်ပါ အပြုအမူများဖြင့်လည်း တူညီမှုရှိသည်၊ သို့သော် စာချုပ်ပါစံနှုန်းရောက်ရန် ကန့်သတ်မှုများရှိနေသည်။ ဥပမာ စာချုပ်ပါလိုအပ်ချက်အရ ကျင့်ထုံးမှ တားမြစ်ချက်သည် အများပြည်သူဆိုင်ရာအကျိုးအတွက် အများပြည်သူဆိုင်ရာလုပ်ရှားမှုတွင်ပါဝင်သည့် အပြုအမူများကို ကန့်သတ်မှုမပြုထားပါ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးအရ "ပြစ်မှုကျူးလွန်သည့် မည်သူ့ကိုမဆို" ပြစ်ဒဏ်သတ်မှတ်မည့်အစား ကျင့်ထုံးဥပဒေအောက်တွင် ဖော်ပြထားသောလုပ်ရပ်များ ပြစ်ဒဏ် သို့မဟုတ် ခြိမ်း ခြောက်မှုမပါဝင်သော တားမြစ်သည့် ရည်ရွယ်ချက်သည် အလွန်ကျဉ်းမြောင်းသည်/ ထိုအချက် ၂ ချက်အား သဘောတူစာချုပ်တွင် တားမြစ်ရန် ရည်ရွယ်ထားသော အပြုအမူဖြစ်သည်။ ကျင့်ထုံးအောက်တွင် ဖော်ပြထားသော အပြုအမူများ၌ ပြည်သူ့ဝန်ထမ်းမှ အလွန်နာကျင်စေသော ညှဉ်းပန်းနှိပ်စက်မှုကို ကျူးလွန်ခဲ့ခြင်း/ အခြားသော အပြုအမူများစွာတို့မှာ ကျင့်ထုံးအောက်ဖြင့် အရေးယူရန် အလွန်ကျဉ်းမြောင်းသော ဖော်ပြမှုများ ဖြစ်သည်။

206 CAT, Art. 1.

207 အသံနှင့် Fortify Rights တို့မှ ဖုန်းဖြင့် မျိုးချစ်ဇော်အား မေးမြန်းခြင်း၊ လမ်းမတော်မြို့နယ်၊ မြန်မာနိုင်ငံ။ စက်တင်ဘာလ ၁၃ ရက်၊ ၂၀၁၉ ခုနှစ်။

208 *Ibid.*

209 *Ibid.*

210 CAT, Art. 1(1).

အခြေအနေမှလွဲ၍” “နိုင်ငံတော်မှ အရေးယူရန်” လိုအပ်သောအခြေနေနှင့် ကိုက်ညီသည်။[211] ယခုကျ၍ကျောင်းသားများ အမှုတွင် အစောင့်များ၏ ရိုက်နှက်ခြင်းသည် တာဝန်ထမ်းဆောင် ချိန်တွင်ဖြစ်ပြီး လုပ်ငန်းခွင်- အကျဉ်းထောင်တွင် ဖြစ်သည်။ ထို့ကြောင့် အစောင့်များ၏ အပြုအမူများသည် နိုင်ငံတော်၏ ကိုယ်စားလှယ်များ အဖြစ် တရားဝင်ညွှန်ကြားချက်ဖြင့် ကျောင်းသား များအပေါ် ရိုက်နှက်ခြင်းဖြစ်ကြောင်း သိသာထင်ရှားလျှက်ရှိပါသည်။

အကျဉ်းထောင်အစောင့်များထံမှ နာကျင်စေသည့်ရိုက်နှက်ခြင်းများကို အကြိမ်ပေါင်းများစွာ ရိုက်နှက်ခံရခြင်းသည် ထောင်ကျနေသော ကျောင်းသားများအပေါ် ရည်ရွယ်ချက်အရ အပြစ်ပေးခြင်းဖြစ်ပြီး ထိုကဲ့သို့ပြုမူခြင်းသည် နိုင်ငံတကာဥပဒေ အရ ညှဉ်းပန်းနှိပ်စက်ခြင်းအဖြစ် သတ်မှတ်သည်။

အကြိမ်ပေါင်းများစွာရိုက်နှက်ခြင်းအား ညှဉ်းပန်းနှိပ်စက်မှုအဖြစ် သတ်မှတ်ခြင်းမရှိခဲ့သော် ၎င်းရိုက်နှက်ခြင်းသည် ညှဉ်းပန်းနှိပ်စက်မှုများကို ဆန့်ကျင်သည့် နိုင်ငံတကာစာချုပ် (CAT) မှတားမြစ်ထားသော ရက်စက်ကြမ်းကြုတ်ပြီး လူသားမဆန်မှု၊ ဂုဏ်သိက္ခာကျဆင်းစေသော အပြစ်ပေးခြင်း ဖြစ်သည်။[212] ထိုကဲ့ သို့သော လူမဆန်စွာ ဆက်ဆံခြင်းအား ညှဉ်းပန်းနှိပ်စက်မှုများကို ဆန့်ကျင်သည့် နိုင်ငံတကာစာချုပ် (CAT) မှ အဓိပ္ပါယ်တိကျစွာ မဖော်ပြထားသော်လည်း ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ လမ်းညွှန်ချက်တွင် “ညှဉ်းပန်းနှိပ်စက်မှု (လူမဆန်စွာ ပြုမူဆက်ဆံမှု) ကို ခွဲခြားသတ်မှတ်ရန် နာကျင်စေခြင်းနှင့် ဝေဒနာခံစားစေခြင်းထက် ထိုကဲ့သို့ခံစားစေသော အပြုအမူ၏ရည်ရွယ်ချက်နှင့် ကျူးလွန်ခံရသူ၏ အင်အား မရှိမှုတို့ကို နားလည်သိရှိခြင်းသည် အဆုံးအဖြတ်ပေးသော စံနှုန်းဖြစ်သည်” ဟု ရှင်းလင်းထားသည်။[213] အခြား စကားရပ်ဖြင့် ဖွင့်ဆိုမည်ဆိုပါက အဆိုပါအပြုအမူသည် “နာကျင်စေခြင်း နှင့် ဝေဒနာခံစားရခြင်း” ဖြစ်သည်ဟု မဆိုနိုင်သော်လည်း ညှဉ်းပန်းနှိပ်စက်မှုမြောက်ရန် လိုအပ်ချက်ပမာဏဖြစ်သည့် လူမဆန်စွာပြုမူ ဆက်ဆံခြင်း အစပြုသည့် “ရည်ရွယ်ချက်” နှင့် “ကျူးလွန်ခံရသူ၏ အင်အားမရှိမှု” တို့သာ အဓိက ဖြစ်သည်။[214] ဥပမာအားဖြင့် အပြုအမူ တစ်ရပ်သည် ပြင်းထန်သော နာကျင်မှုနှင့် ခံစားရသည့် ရလဒ်မရှိခဲ့သော်လည်း တိကျသောရည်ရွယ်ချက်ဖြင့် အပြစ်ပေးခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း၊ နှင့် ကျူးလွန်ခံရသူသည် ကျူးလွန်သူနှင့် နှိုင်းယှဉ်သောအခါ အင်အားမဲ့ခြင်းစသော အချက်များပါဝင်နေပါက ၎င်းအပြုအမူကို လူမဆန်စွာဆက်ဆံပြုမူခြင်းအဖြစ် ဆက်လက်သတ်မှတ်နိုင်သည်။[215] အကျဉ်းချထားခံရသည့် အကျဉ်းသားများဆိုသည့် အဓိပ္ပါယ်မှာ အကျဉ်းထောင်တွင် အင်အားမဲ့သူများဖြစ်သည်။ လူပုဂ္ဂိုလ်သည် ၎င်း၏ လွတ်လပ်ခွင့်ကို ပိတ်ပင်ထားခံရသည့် အနေအထား ဖြစ်ပြီး “လုံးဝကို မှီခိုနေရသော အခြေအနေဖြင့်နေထိုင်ကြ သူများဖြစ်ကာ နှိပ်စက်ညှဉ်းပန်းမှုများ - ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာ ပြုမူဆက်ဆံခြင်းများကို အထူးသဖြင့် ခုခံနိုင်စွမ်းမရှိသောသူများ” ဖြစ်သည်။[216]

ကျောင်းသားများသည် ကွန်ဖင်းရှင်းအရ ထောင်တွင်းရိုက်နှက်မှု ဖြစ်ပွားခဲ့သည့်အခြေအနေနှင့် ကျူးလွန်ခံရသူများ၏ အင်အားမဲ့မှုများ အစရှိသော လူမဆန်စွာပြုမူဆက်ဆံခံရခြင်းများကြောင့် နာကျင်မှုများအဆမတန် ခံစား ခဲ့ရသော်လည်း ကွန်ဖင်းရှင်းအထိ တက်ရောက် ခဲ့ခြင်းမျိုး မရှိပါ။

---

211 ညှဉ်းပန်းနှိပ်စက်မှုအား အဓိပ္ပါယ်သတ်မှတ်ချက် (နယူယောက် ဖွဲ့စည်း ပုံအခြေခံဒီမိုကရေစီ ဆိုင်ရာ Floersherimer စင်တာ၊ ဒီဇင်ဘာလ ၂၀၀၅ ခုနှစ်) စာ - ၁၈။

212 U.N. Doc. E/CN.4/2006/6, December 23, 2005, paras. 35, 41. UN လူ့အခွင့်အရေးကော်မရှင် အထူးကိုယ်စားလှယ်၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်ကြမ်း ကြုတ်မှု၊ လူမဆန်မှု၊ လူမဆန်စွာဆက်ဆံခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းများဆန့်ကျင်ခြင်းဆိုင်ရာ အစီရင်ခံစာ၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၊ ၂၀၀၅ ခုနှစ်၊ အပိုဒ် ၃၅/၄၁ တွင်ကြည့်ပါ။

213 https://www.refworld.org/docid/46c190b20.html. UN လူ့အခွင့်အရေးကော်မရှင် အထူးကိုယ်စားလှယ်၏ အခြားရက်စက်ကြမ်း ကြုတ်မှု၊ လူမဆန်မှု၊ လူမဆန်စွာ ဆက်ဆံခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းများဆန့်ကျင်ခြင်းဆိုင်ရာ အစီရင်ခံစာ အပိုဒ် ၃၉။ ကမ္ဘာ့ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးနှင့် ဥရောပနှင့် နိုင်ငံတကာဥပဒေ၌ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်မှု၊ လူမဆန်စွာဆက်ဆံ ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းများဆန့်ကျင်ခြင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့် ဆိုချက် - ဥပဒေရေးရာလိုအပ်မှု၊ အောက်တိုဘာလ ၃၀ ရက်၊ ၂၀၀၄။

214 UN လူ့အခွင့်အရေးကောင်စီ မြန်မာနိုင်ငံတွင် နိုင်ငံတကာ အချက်အလက်များရှာဖွေရေး မစ်ရှင်မှ အသေးစိတ်ရှာဖွေတွေ့ရှိထားသော အချက်အလက်အစီရင်ခံစာ၊ စက်တင်ဘာ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်၊ အပိုဒ် ၁၆၂။

215 UN လူ့အခွင့်အရေးကော်မရှင်၊ အထူးကိုယ်စားလှယ်၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်ကြမ်း ကြုတ်မှု၊ လူမဆန်မှု၊ လူမဆန်စွာဆက်ဆံခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း များဆန့်ကျင်ခြင်းဆိုင်ရာအစီရင်ခံစာ အပိုဒ် ၃၅။

216 UN လူ့အခွင့်အရေးကော်မရှင်၊ အထူးကိုယ်စားလှယ်၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်ကြမ်း ကြုတ်မှု၊ လူမဆန်မှု၊ လူမဆန်စွာဆက်ဆံခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း များဆန့်ကျင်ခြင်းဆိုင်ရာအစီရင်ခံစာ အပိုဒ် ၃၇။

# လွတ်လပ်မှု အခွင့်အရေး

နိုင်ငံတကာဥပဒေမှ မတရားဖမ်းဆီးချုပ်နှောင်ခြင်းမှ လွတ်လပ်ခွင့် အခွင့်အရေးကို အကာအကွယ်ပေးထားပြီး UDHR နှင့် ICCPR အရ ထိန်းသိမ်းခံရခြင်းအခြေအနေတွင် အာမခံခွင့်ရှိသည်။[217] ICCPR အပိုဒ် ၉ တွင်-

> လူတိုင်းတွင် လွတ်လပ်ခွင့်နှင့် လုံခြုံစိတ်ချခွင့်ရှိသည်။ မည်သူမျှ မတရားဖမ်းဆီးချုပ်နှောင်ခြင်း သို့မဟုတ် ထိန်းသိမ်း ခံရခြင်းမရှိစေရ။ ဥပဒေအရပြဌာန်းထားသော နည်းလမ်းများနှင့် အကြောင်းပြချက်တစုံတရာမှတပါး မည်သူတစ် ယောက်မျှ ၎င်း၏လွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးခြင်းမခံစေရ။[218]

အချို့သောအခြေအနေမျိုးတွင် အဆိုပါလွတ်လပ်စွာလုပ်ပိုင်ခွင့်အပေါ် တင်းကျပ်ကန့်သတ်မှုမျိုးရှိနိုင်သည်၊ ဖမ်းဆီး ခံရမှုတစ်ခုသည် ဥပဒေနှင့်မညီဟု သတ်မှတ်နိုင်လျှင် နိုင်ငံတကာဥပဒေနှင့်အညီ ငြိမ်းချမ်းစွာစီတန်းလှည့်လည်သည့် အခွင့်အရေးနှင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်စသည်တို့ကို လိုက်နာကျင့်သုံးခြင်းဖြင့်ဖမ်းဆီးခံရသော လူပုဂ္ဂိုလ်အား ကာကွယ်ရန်အတွက် ညှိနှိုင်းဆွေးနွေး မှုကို လုပ်ဆောင်နိုင်သည်။[219] ထို့ကြောင့် ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခံရသော ကျောင်းသားများသည် ၎င်းတို့၏ လွတ်လပ်စွာဆန္ဒ ထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ကို ကျင့်သုံးပါဝင်မှုကြောင့် မတရားဖမ်း ဆီးခံရပြီး နိုင်ငံတကာဥပဒေအရလည်း ၎င်းတို့၏အခွင့်အရေး ချိုးဖောက်ခံရခြင်းဖြစ်သည်။

# ထိရောက်သော ပြန်လည်ကုစားမှုတစ်ခုအတွက် အခွင့်အရေး

အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းခံရသည့်အချိန်တွင် နိုင်ငံတကာဥပဒေ၌ ပါရှိသော အခွင့်အရေး ဖြစ်သည့် "ထိရောက်သော ပြန်လည်ကုစားခွင့်" ခံစားနိုင်ကြောင်း၊ ထိုခံစားခွင့်သည် တရားဝင်လုပ်ပိုင်ခွင့်အာဏာဖြင့် နိုင်ငံတကာဥပဒေတွင် သတ်မှတ် ပြဌာန်းထားသော အခွင့်အရေးတစ်ရပ် ဖြစ်သည်။[220] ထိရောက်သောကုစားခွင့်ဟုဆိုရာ၌ နိုင်ငံတကာ ဥပဒေအရ "ထိခိုက် နစ်နာမှုအတွက် ပြန်လည် ပေးအပ်ခြင်း၊ နစ်နာကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စိတ်ကျေနပ်မှုရှိခြင်း၊ ခိုင်မာမှု ရှိသော အာမခံချက်များ" ပါဝင်သည်။[221]

"ထိခိုက်နစ်နာမှုအတွက် ပြန်လည်ပေးအပ်ခြင်း" သည် လူ့အခွင့်အရေးချိုးဖောက်ခံရသူအား ချိုးဖောက်မှု မဖြစ်ပွားမီ ခံစားခဲ့ရသည့် မူလပကတိပိုင်ဆိုင်မှုများ ပြန်လည်ပေးအပ်ခြင်းဖြစ်သည်။ ဥပမာဆိုရသော် ထိခိုက်မှုအတွက် ပြန်လည်ပေးအပ် ခြင်းဟုဆိုရာ၌ "မူလအတိုင်း လွတ်လပ်ခွင့် ပြန်လည်ခံစားစေခြင်း၊ လူ့အခွင့်အရေးကို ခံစားခွင့် ရှိခြင်း၊ မိသားစုဘဝနှင့် နိုင်ငံ သားဖြစ်မှု ခံစားခွင့်ရှိခြင်း၊ မူလနေရာသို့ ပြန်နေထိုင်ခွင့်ရှိခြင်း၊ အလုပ်အကိုင် ပြန်လည်ရရှိရေးနှင့် ဥစ္စာပစ္စည်းများ ပြန်ရရှိခြင်း" တို့ ပါဝင်သည်။[222]

ဖမ်းဆီးချုပ်နှောင်မှုမှ လွတ်မြောက်လာသောသူအား ၎င်း၏အခွင့်အရေးချိုးဖောက်ခံရခြင်းကြောင့် နစ်နာသွားသော စီးပွားရေးဆိုင်ရာ နစ်နာမှုနှင့် ငွေကြေးဆုံးရှုံးခြင်း၊ ပစ္စည်းများ ပျက်စီးခြင်း၊ အလုပ်သမား ဆုံးရှုံးခြင်းနှင့် ဥပဒေရေးရာ (သို့) ဆေးဘက်ဆိုင်ရာအတွက် လိုအပ်သောကုန်ကျစရိတ်၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ နစ်နာမှုတို့အတွက်

217 UDHR, Art. 3; ICCPR, Art. 9.

218 ICCPR, Art. 9.

219 U.N. Doc. CCPR/C/ GC/35, December 16, 2014, para. 17. UN လူ့အခွင့်အရေးကော်မတီ၊ အချက် ၉၊ ပုဂ္ဂလိကလွတ်လပ်ရေးနှင့် လုံခြုံရေး၊ အထွေထွေကောက်နုတ်ချက်အမှတ် ၃၅၊ ဒီဇင်ဘာလ ၁၆ ရက်၊ ၂၀၁၄ ခုနှစ်၊ အပိုဒ် ၁၇။

220 UDHR အချက် ၈ နှင့် ICCPR အချက် ၃၊ ("ပဋိညာဉ်ပါနိုင်ငံတိုင်းတွင် တာဝန်ရှိသည်၊ (က) မည်သည့်လူပုဂ္ဂိုလ်တိုင်း၏ အသိအမှတ်ပြုဖော်ပြထားသော အခွင့်အရေး သို့မဟုတ် လွတ်လပ်ခွင့်များ ချိုးဖောက် ခြင်းခံရပါက ထိရောက်သောကုစားမှုပေးရမည်၊ ထိုချိုးဖောက်ခြင်းသည် တရားဝင်ပြုလုပ်နိုင်သည့်သူများမှ ကျူးလွန်ခြင်းမျိုးဖြစ်သည်။ (ခ) ထိုချိုးဖောက်ခံရမှုအတွက် ထိရောက်သောကုစားမှုတောင်းခံလာသည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို တရားစီရင်ပိုင် ခွင့်အာဏာအရ၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးအာဏာများအရ ၎င်း၏အခွင့် အရေးကို ပြန်လည်ရရှိခံစားစေရမည် သို့မဟုတ် ပြည်နယ်၏ ဥပဒေစနစ်ကိုမဆို ထောက်ပံ့ပေးမည့် အခြားမည်သည့်အာဏာမျိုးမဆို၊ တရားစီ ရင်ရေးဆိုင်ရာ ဖြစ်နိုင်ချေရှိသော ကုစားခွင့်များကို တိုးတက်စေရမည်။ (ဂ) အရည်အချင်းအခွင့်အာဏာအရ ချမှတ်ပေးသည့် အဆိုပါကုစားခွင့်များအား သေချာမှုရှိစေရန်")။

221 U.N. Doc. A/RES/60/147, March 21, 2006, Principle 18. - နိုင်ငံတကာလူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက်လျော်ကြေးနှင့် ကုစားခွင့်ဆိုင်ရာ ဥပဒေနှင့် နိုင်ငံတကာလူ သားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ပြင်းစွာချိုးဖောက်ခြင်း ( ပြန်လည်ကုစားခွင့်ဆိုင်ရာ အခြေခံမူများ) အပေါ် UN အထွေထွေစုဝေးခွင့်ဆိုင်ရာ အခြေခံမူများနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတ်လ ၂၁ ရက်၊ ၂၀၀၆ ခုနှစ်၊ အခြေခံမူ ၁၈။

222 *Id.* at Principle 19.

ထိုက်သင့်သော ထောက်ပံ့မှုတို့ကို ပြန်လည်ခံစား စေရမည်။[223] ထိရောက်သော ပြန်လည်ကုစားမှုဟုဆိုရာတွင်လည်း ပြန်လည်နေ ရာချထားခြင်း၊ ဆေးဘက်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဂရုစိုက်မှု၊ ဥပဒေပိုင်းဆိုင်ရာနှင့် လူမှုရေး ဆိုင်ရာဝန်ဆောင်မှု ကဏ္ဍများပါဝင်သည်။[224]

"စိတ်ကျေနပ်မှုရှိခြင်း" ဟုဖော်ပြရာတွင် ထိခိုက်နစ်နာခံရမှုကိုသိမှတ်ပြီး ဆက်တိုက်အခွင့်အရေးချိုးဖောက်ခံရခြ င်း တို့မှကာကွယ်ရန် ရည် ရွယ်ပါသည်။ စိတ်ကျေနပ်မှုဆိုသည်မှာ ပြဌာန်းထားသော အချက်အလက်များသည် သင့်လျော်ပြီး မှန်ကန်မှုရှိခြင်း၊ အမှန်တရားအား လူအများသိအောင် ထုတ်ဖော်ပြောဆိုနိုင်ရန် ပံ့ပိုးကူညီခြင်း၊ ကျူးလွန်ခံရသူ၏ ဂုဏ်သိက္ခာအတွက် ထိခိုက်သွားသောဂုဏ်သတင်းအား ပြန် လည်ကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း၊ တာဝန်ယူမှုကို လက်ခံခြင်းများ အပါအဝင် လူသိရှင်ကြား တောင်းပန်ခြင်းတို့ဖြစ်ပါသည်။ [225]

"ခိုင်မာမှုရှိသော အာမခံချက်" တွင် စစ်တပ်နှင့်လုံခြုံရေးတပ်ဖွဲ့များကို အရပ်သားမှ ထိရောက်သေချာစွာ ထိန်းချုပ်မှု၊ အမှီအခိုကင်းသော တရားစီရင်ရေးစနစ်ကို အားကောင်းစေခြင်း၊ လူပုဂ္ဂိုလ်များနှင့် လူအခွင့်အရေးကာကွယ် စောင့်ရှောက် သူများအား ဥပဒေကြောင်းအရ သော်၎င်း၊ ဆေးဘက်နှင့် ကျန်းမာရေးဆိုင်ရာဂရုစိုက်မှုများအရ သော်၎င်း၊ သတင်းမီဒီယာစသည်တို့ဖြင့် အကာအကွယ်ပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ လူ့ကျင့်ဝတ်စည်းကမ်းများအား အကောင်အထည်ဖော်ခြင်း၊ လူမှုရေးဆိုင်ရာပဋိပက္ခမှ ကာကွယ်ရန်နည်းလမ်းများ တိုးမြှင့်ခြင်းနှင့် နိုင်ငံတကာဥပဒေအရ အခွင့်အရေးချိုး ဖောက်ခြင်း သို့မဟုတ် ချိုးဖောက်ရန် ခွင့်ပြုထားသည့် ဥပဒေများအား ပြန်လည်ပြုပြင်ပြောင်းလဲခြင်းတို့ ပါဝင်ပါသည်။[226]

ကျောင်းသားများ၏အဆိုအရ ကျောင်းသားများအား ညှဉ်းပန်းနှိပ်စက်မှုပြုသည်ဟူသော ၎င်းတို့၏ စွပ်စွဲချက်များအားလုံးကို အစိုးရကော်မရှင် မှ စုံစမ်းစစ်ဆေးမှုပြုခဲ့သည်။ သို့သော်လည်း အစိုးရသည် ၎င်း တို့ရှာဖွေတွေ့ရှိခဲ့သောအချက်အလက်များ အား ထုတ်ပြန်ရန်ပျက်ကွက်ခဲ့ပြီး စွပ်စွဲချက်များနှင့်ပတ်သက်၍ အကျဉ်းထောင်အရာရှိချုပ်ဝင်းထွန်း တစ်ဦးတည်းကိုသာ အရေးယူ မှုပြုခဲ့သည်။ ကျောင်းသားများမှလည်း အစိုးရသည် ချုပ်ဝင်းထွန်းအပေါ် ရာထူးတိုးမြှင့်ပေးရန် အခွင့်အရေးအား ခေတ္တဆိုင်းငံ့ ထားခဲ့ပြီး ရိုက်နှက်မှုအပြီး တစ်နှစ်အကြာတွင် ထောင်မှူးချုပ်အဖြစ် ရာထူးတိုးပေးခြင်းခံခဲ့ရပြီး မည်မျှကြာမည်ကိုလည်း ရှင်းရှင်း လင်းလင်းမသိရသေးကြောင်း ဖော်ပြခဲ့ကြသည်။

223 *Id.* at Principle 20.

224 *Id.* at Principle 21.

225 *Id.* at Principle 22.

226 *Id.* at Principle 22.

# ၃။ ရတနာပုံတက္ကသိုလ်ရှိလူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူကျောင်းသားများ

မြန်မာနိုင်ငံရှိ တက်ကြွလှုပ်ရှားသော ကျောင်းသားများသည် ကိုလိုနီအာဏာရှင်များထံမှ တိုင်းပြည်လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ် ကတည်းမှ အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်အခန်းကဏ္ဍ၌ ပါဝင်ခဲ့ကြခြင်း ဖြစ်သည်။ ကျောင်းသားများ သည် ယနေ့မြန်မာနိုင်ငံတွင် ဆက်လက်ကျင့်သုံးနေသည့် အစဉ်အလာတစ်ခုဖြစ်သော ၎င်းတို့၏ အခန်းကဏ္ဍအား ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြထားပြီး ABFSU ၏အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ တက်ကြွ လှုပ်ရှားသော လူငယ်များအဖြစ်လည်းကောင်း တွေ့မြင် နိုင်သည်။ ဤကျောင်းသားများသည် ၎င်းတို့၏ တက်ကြွလှုပ်ရှားမှုများကြောင့် ထောင်ချခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းများနှင့် ၎င်းတို့၏ တက္ကသိုလ်မှထုတ်ပယ်ခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရ သူများဖြစ်သည်။ ထိုကျောင်းသား ၆ ဦး - ကျော်သီဟရဲကျော်၊ ဖုန်းမြင့်ကျော်၊ ရဲမိုးဆွေ၊ မိုးချစ်ဇော်၊ ရဲလင်း အောင်နှင့် နေဝင်းကျော်တို့၏ ကိုယ်ရေးအကျဉ်းများကို ဤအခန်းတွင်ဖော်ပြထားပြီး ပုဂ္ဂိုလ်ရေး နောက်ခံအကြောင်းအရာများနှင့် စိတ်ဓာတ်လှုံ့ဆော်မှုများဖြင့် ပါဝင်ခဲ့သည့် ရတနာပုံတက္ကသိုလ်မှ ကျောင်းသားများ၏ ဆန္ဒထုတ်ဖော်ခြင်း သည် ၎င်းတို့၏ အနာဂတ်မျှော်လင့်ချက်များပင်ဖြစ်သည်။

## ကျော်သီဟရဲကျော်

ကျော်သီဟရဲကျော်သည် ၁၉၉၆ တွင်မွေးဖွားခဲ့ပြီး အထက်တန်းကျောင်းသားဘဝကတည်းက ABFSU အကြောင်း လေ့လာခဲ့သည်။ ၎င်းမှ-

> ၁၁ တန်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအပြီး တက္ကသိုလ်ကျောင်းမတက်မီကာလတွင် *အရှေ့အရပ်က နေထွက်သည်* ဟုအမည်ရှိ သော စာအုပ်မှ ABFSU အကြောင်းကို လေ့လာခဲ့သည်။ ထိုစာအုပ်သည် ရန်ကုန်မှ ABFSU ကျောင်းသားသမဂ္ဂ၏ သမိုင်း ဖြစ်သည်။ ဤအကြောင်းများသည် ABFSU ကိုမည်သည့်နေရာမှ လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ အဘယ်ကြောင့် ကျောင်းသားများမှ ဆန္ဒပြခဲ့သလဲ၊ ပညာရေးယန္တရားမည်သို့လည်ပတ် သလဲစတာတွေနဲ့ အစပြုပြီး ကျွန်နော် အရာအားလုံးကို - ကျောင်းသားများ ၎င်းတို့၏ ပန်းတိုင်ရောက်အောင် ရုန်းကန်ခဲ့တာတွေကို သိလိုစိတ်ပြင်းပြလာတယ်၊ ကျွန်တော် ကျောင်းသားသမဂ္ဂရှိတဲ့ တက္ကသိုလ်မှာ ကျောင်းသားအဖြစ် ကျောင်းတက်ဖို့ကို ကျွန်နော်မျှော်လင့်ခဲ့ တယ်။[227]

227 . အသံနှင့် Fortify Rights တို့မှ ဖုန်းဖြင့် ကျော်သီဟရဲကျော် အား မေးမြန်းခြင်း၊ လမ်းမတော် မြို့နယ်၊ မြန်မာနိုင်ငံ၊ စက်တင်ဘာလ ၁၇ ရက်၊ ၂၀၁၉ ခုနှစ်။ Fortify Rights နှင့် ကျော်သီဟရဲကျော်တို့၏ ဖုန်းဖြင့် မေးမြန်းခြင်း၊ မန္တလေး၊ မြန်မာနိုင်ငံ။ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်။

ကျော်သီဟရဲကျော် ရတနာပုံတက္ကသိုလ်သို့ ရောက်လာသည့်အချိန် တက္ကသိုလ်မှ ကျောင်းသားအဖွဲ့ ဖွဲ့စည်းခြင်းကို တင်းကျပ် ကန့်သတ်မှု များသည့်အချိန်ဖြစ်ပြီး ABFSU ၏ လုပ်ရှားမှုများကို နှောင့်နှေးမှုများ ဖြစ်ပေါ်စေခဲ့သည်။

> အဘယ့်ကြောင့်ဆိုသော ကျောင်းဝင်းအတွင်း ကျောင်းသားများအုပ်စုဖွဲ့ခြင်းကို ဥပဒေမှကန့်သတ်ထားပြီး ကျွန်တော်တို့ တွေ့ ဆုံပြီး စကားပြောမယ့် အချိန်တွေတိုင်း၊ ကျွန်တော်တို့ ကျောင်းဝင်းပြင်ပကိုထွက်ပြီး အပြင်ဘက်က လက္ဘက်ရည်ဆိုင်တို့၊ ဘုရားတို့ကို သွားရတယ်။ ဒီလိုလုပ်နေရတာက ကျွန်တော်တို့ထွက်သွားတာ မဟုတ်ပါဘူး၊ ကျောင်းနဲ့ ကျွန်တော်တို့အကြားမှာ ထားရမယ့် စည်းအကွာအဝေးကို ဖန်တီးခဲ့ခြင်းဖြစ်ပါတယ်။ ပထမတော့ ABFSU နဲ့ အဲ့လိုရှုပြီး စုပေါင်းတာက ခက်ခဲခဲ့ပါတယ်။[228]

ကျော်သီဟရဲကျော်မှ ABFSU ၏ အဖွဲ့ဝင်အဖြစ် ပါဝင်မှုအပေါ် ၎င်း၏ခံစားချက်ကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

> ဘယ်လိုခံစားရလဲဆိုတော့ ကျွန်တော့်အနေနဲ့ ကျောင်းသားများ၏အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ပေးသူ တစ်ယောက် အဖြစ်ခံစားရတယ်။ ကျွန်တော်လုပ်နေတာ ကျွန်တော့်အတွက်မဟုတ်ဘူး သို့ပေမယ့် ကျောင်းသားထု တစ်ခုလုံးနဲ့ နောက်မျိုး ဆက်သစ်တွေအတွက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ပြောင်းလဲဖို့ လိုအပ်နေပြီဆိုတာ ကျွန်တော်ခံစားရတယ်။ ကျွန်တော်တို့ကစပြီး ကျွန်တော်တို့နဲ့ စိတ်ဓာတ်တက်ကြွမှုနဲ့ စိတ်ကူးတူညီတဲ့ တခြားကျောင်းသားတွေနဲ့ အတူတကွပူးပေါင်းပြီး ဆန္ဒထုတ်ဖော်မှုကို အစပြုခဲ့တယ်။[229]

ကျော်သီဟရဲကျော်သည် ၎င်း၏ တက္ကသိုလ်ဒုတိယနှစ်ကာလအတွင်း ရတနာပုံတက္ကသိုလ်၌ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၎င်း၏ ဥက္ကဋ္ဌအဖြစ် ခေါင်းဆောင်မှုကဏ္ဍကို ဆက်လက်ပြီး ရှင်းပြခဲ့သည်။

> ပညာရေးယန္တရားအောက်မှာ ကျွန်တော်တို့ကျောင်းသားများအတွက် အကျိုးအမြတ်ဖြစ်တဲ့ အခွင့်အရေး အပြည့်အဝရဖို့ရန် အဖြေရှာရာမှာ ပိုင်းဝန်းကူညီကြတယ်… ကျွန်တော်တို့ပညာရေးစနစ်ကို ကြည့်တဲ့အခါမှာ လုံခြုံစိတ်ချမှု မခံစားရဘူး၊ ကျွန်တော်တို့ရဲ့ လာမယ့်အနာဂတ်မျိုးဆက်သစ်တွေအတွက် စိုးရိမ်မိတယ်၊ ကျွန်တော်အခု ဘာကိုခံစားရသလဲ ဆိုတော့ သူတို့လည်း ဒီခံစားမှုကို လာမယ့်အနာဂတ်မှာ ထပ်တလဲလဲ ခံစားနေရမယ်ဆိုတာပဲ။ အနာဂတ်မျိုးဆက်သစ် ကတော့ ဒုက္ခနဲ့ကြုံတွေ့ ရလိမ့်မယ်။ ဒီအချက်တွေကြောင့် ကျွန်တော်က ပညာရေးစနစ်နဲ့ ပညာရေးကဏ္ဍအသုံးစရိတ် မြှင့်တင်ဖို့ နိုးဆော် နေရခြင်း ဖြစ်တယ်။[230]

ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအနေဖြင့် ဦးဆောင်ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပညာရေးအတွက် အသုံးစရိတ် တိုးမြှင့်ပေးရန် ဆန္ဒထုတ်ဖော်တောင်းဆိုမှုများ ပြုလုပ်ခဲ့ရာ ထိုပြုလုပ်မှုကြောင့် ၎င်းနှင့် ၎င်းအပါအဝင်ကျောင်းသား ၁၃ ဦးအား တက္ကသိုလ်မှ ထုတ်ပယ် ခဲ့သည်။[231] ဥက္ကဋ္ဌမှ ထိုအချိန်က ၎င်းတို့ထုတ်ပယ်ခြင်းခံရမှုနှင့် ပတ်သက်၍ "ကျွန်တော်တို့တောင်းဆိုချက် (အိပ်မက်များ ) များသည် ကျွန်တော်တို့အတွက်မဟုတ်ပါဘူး၊ ကျောင်းသားများအားလုံးနှင့်မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင်ရှိသောပညာရေးနှင့်သက်ဆိုင်သောသူများအားလုံးအတွက်ပဲ ဖြစ်တယ်"ဟု သတင်း ထောက်များအား ပြောကြားခဲ့သည်။[232] ရက်သတ္တပတ်အနည်းငယ်အကြာတွင် ပညာရေး ဝန်ကြီးဌာနမှ တက္ကသိုလ်မှ ထုတ်ပယ်ခံရသော ကျောင်းသားများ ပုံမှန်အတိုင်း ကျောင်းပြန်တက်နိုင်ပြီဖြစ်ကြောင်း ကြေငြာမှုပြု ခဲ့သည်။[233]

# ဖုန်းမြင့်ကျော်

၁၉၉၇ ခုနှစ်တွင် မန္တလေးတိုင်း ပျော်ဘွယ်ကျေးရွာတွင်မွေးဖွားခဲ့သည်။ ဖုန်းမြင့်ကျော်မှ *အသံ* နှင့် Fortify Rights သို့ ၂၀၁၅ ခုနှစ်၌ ကျောင်းသားများဦးဆောင်သောချီတက်ပွဲတွင် နိုင်ငံရေးလှုပ်ရှားမှုကို စတင်စိတ်ဝင်လာခဲ့ကြောင်း

228 *ibid.*

229 *ibid.*

230 အသံနှင့် Fortify Rights တို့မှ ဖုန်းမြင့် ကျော်သီဟရဲကျော်အား ကျော်အား မေးမြန်းခြင်း၊ လမ်းမတော် မြို့နယ်၊ မြန်မာနိုင်ငံ၊ စက်တင်ဘာလ ၁၇ ရက်၊ ၂၀၁၉ ခုနှစ်။

231 https://www.bangkokpost.com/thailand/general/1403030/myanmar-students-expelled-after-rally-for-funds."မြန်မာကျောင်းသားများ ရံပုံငွေများ အတွက် ဝန်းရံလာသည့်နောက်ပိုင်း နှင်ထုတ်ခဲ့ခြင်း"၊ ဇန်နဝါရီလ ၂၇ ရက်၊ ၂၀၁၈ ခုနှစ်။

232 Ibid.

233 Ibid.

ပြောပြခဲ့သည်၊ ထို ချီတက်အဖွဲ့သည် မန္တလေးမှ ရန်ကုန်သို့ ချီတက်ကာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုအတွက် တောင်းဆိုခြင်းဖြစ်သည်။ မြန်မာ့ လုံခြုံရေးတပ်ဖွဲ့များသည် လက်ပံတန်းတွင် ချီတက်ဆန္ဒပြသူများ၏ ဆန္ဒပြမှုကို အင်အားသုံး ရပ်တန့်စေခဲ့ပြီး ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွဲခြင်းနှင့်အတူ (၁၂၇)ဦးအား ဖမ်းဆီးခဲ့သည်။[234] ကျောင်းသားခေါင်းဆောင်များသည် အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့်ကာလဖြစ်သော ၂၀၁၆ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် လွတ်ပေးခြင်းမပြုမီ (၁၃) လခန့် ထိန်းသိမ်းခြင်းခံခဲ့ရသည်။[235] ဖုန်းမြင့်ကျော်မှ ဆန္ဒပြချီတက်မှုသည် ၎င်း၏ ဘဝတွင် သက်ရောက်မှုရှိခဲ့ကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

၂၀၁၅ ခုနှစ်မှာ မန္တလေးကနေ ရန်ကုန်အထိ ဆန္ဒပြချီတက်ပွဲအကြောင်းကို ကျွန်တော်ကြားသိခဲ့တယ်။ ကျောင်းသားများက အမျိုးသားပညာရေးဥပဒေအပေါ် သူတို့ဘက်ကို ပြုပြင် ပြောင်းလဲချင်သလဲ ဆိုတာနဲ့ပတ်သက်ပြီး အချက် (၁၁) ဖြင့် ဆန္ဒ ထုတ်ဖော် ခဲ့ကြတယ်။ ၂၀၁၅ ခုနှစ်မှာ ပညာရေးအကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောဆိုမှုတွေ အများကြီးရှိခဲ့တယ်။ ဒီချီတက်မှုဟာ ကျွန်တော်တို့ လုပ်ဆောင်ရမယ်လို့ ပြောဆိုမှုတစ်ခုဖြစ်ခဲ့တယ်။ ဆန္ဒပြသူတွေက လက်ပံတန်းကနေ စခဲ့တယ်၊ အဲ့ဒီနောက်မှာသူတို့ နှိမ်နင်းခြင်း ခံခဲ့ရတယ်၊ ထိုသို့နှိမ်နင်းခြင်းကို ဆန္ဒပြရန် ၁၁ တန်းဖြစ်တဲ့ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမှုအပြီး ကျွန်တော်တို့မြို့ ထဲမှာစတင်ပြီး စည်းရုံးလှုံ့ဆော်မှုကို အစပြုခဲ့တယ်။ ကျွန်တော်တို့မှာရှိတဲ့ ဆောင်ပုဒ်တစ်ချို့နဲ့ ကြွေးကြော်ခဲ့ကြတယ် - "ကျွန်ုပ်တို့ဟာ ကျောင်းသားများဖြစ်ပြီး ကျွန်တော်တို့ရဲ့အခွင့်အရေးကို လေးစားပါ" ဆိုတဲ့ သင်္ကေတ ကြွေးကြော်မှုနဲ့ ဆန္ဒပြခဲ့ ကြတယ်။[236]

ဖုန်းမြင့်ကျော်က ထိုအချိန်သည် သူ၏စိတ်ဝင်စားမှုကို အစပြုရန်အဓိကကျသည့် လုပ်ရှားမှုဖြစ်သည်ဟု ရှင်းပြခဲ့သည်၊ "အဓိက အကြောင်း ပြချက်ဖြစ်တဲ့ အဘယ့်ကြောင့်ကျွန်တော်တို့ ABFSU မှာ စတင်ပူးပေါင်းရန်ဖြစ်လာခဲ့သလဲဆိုတာတဲ့ အကြောင်းရင်းက အဲ့ဒီချီတက်ပွဲကြောင့် ဖြစ်တယ်၊ အဲ့တာက ကျွန်တော်တို့ကို တက်ကြွလှုပ်ရှားသူဖြစ်လာဖို့ စိတ်ဓါတ်လှုံ့ဆော်မှုတွေ ပေးခဲ့တယ်။"[237]

ဖုန်းမြင့်ကျော်မှ လက်ပံတန်းနှိမ်နင်းမှုနောက်ပိုင်း ၎င်း၏ တက်ကြွလှုပ်ရှားမှုများအပေါ် ထင်ဟပ်မှုကို Fortify Rights သို့ ပြောပြခဲ့ပါသည်။

> အဲ့အချိန်တုန်းက ကျွန်တော်တို့ကြောက်နေခဲ့တယ်… တကယ်လို့ အာဏာပိုင်တွေ ကျွန်တော်တို့ကို လာရိုက်တော့မယ်…ဆိုတာကိုတွေးပြီး ကြောက်ပြီးရင်းကြောက်နေခဲ့တယ်…ငါတို့တော့ ထောင်လည်းချခံရတော့မယ်… ဒါမယ့် ကျွန်တော်တို့ အစ်ကိုတွေ အရိုက်ခံနေရတဲ့အချိန်မှာ ကျွန်တော်တို့ တိတ်တိတ်လေးနေလို့ မဖြစ်ဘူး၊ ကျွန်တော်တို့ ကြောက်နေရင်တောင်မှ ငါတို့ တိတ်နေလို့မဖြစ်တော့ဘူး… ဘာလို့ဆို တခြားကျောင်းသားတွေ ထောင်ထဲ အပို့ခံနေ ရပြီ။[238]

# ရဲမျိုးဆွေ

၁၉၉၆ တွင်မွေးဖွားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဥပဒေပညာရပ် ဆက်လက်သင်ကြားရန် ရတနာပုံတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှစကာ ABFSU ၌ တက်ကြွစွာ ပါဝင်ခဲ့သူဖြစ်သည်။ လက်ရှိတွင် ရတနာပုံ တက္ကသိုလ်၌ ABFSU ၏ အလုပ်အမှု ဆောင်အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ယူလျှက်ရှိသည်။

ရဲမျိုးဆွေမှ ၎င်းဖမ်းဆီးခြင်းခံခဲ့ရသည့် ဆန္ဒပြမှုအပေါ် မည်သို့ခံစားရကြောင်း ရှင်းပြခဲ့သည်။ "ကျွန်တော်တို့မှာ ရှိတဲ့ အခွင့်အရေးတွေကို အစိုးရကယူသွားတယ်၊ အဲ့တာကြောင့် ကျွန်တော်တို့ရဲ့ ဆန္ဒကိုထုတ်ဖော်ပြသခဲ့တယ်၊ အဲ့လိုဆန္ဒပြလိုက်ရတဲ့အတွက် ကျေနပ်တယ်၊ ဘာလို့ဆိုတော့ ကျွန်တော်တို့လုပ်နိုင်တဲ့ ဆန္ဒပြတာမှန်သမျှ အားလုံးလုပ်ခဲ့လို့ပဲ ဖြစ်တယ်။"[239]

---

234 https://www.fortifyrights.org/downloads/FR_Crackdown_At_Letpadan_October_2015.pdf. Fortify Right ၏ လက်ပံတောင်းဆန္ဒပြမှုအား ဖြိုခွင်းခြင်း - အင်အားအလွန်အကျွံအသုံးပြုပြီး လွတ်လပ်စွာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ဆန္ဒထုတ်ဖော်မှုအပေါ်၊ အောက်တိုဘာလ ၂၀၁၅ ခုနှစ်။

235 https:// www.fortifyrights.org/mya-inv-2016-04-14/. Fortify Rights – "မြန်မာ - လက်ပံတောင်းဆန္ဒပြသူများအပေါ် အင်အားအလွန်အကျွံအသုံးပြုခြင်းအား စုံစမ်းစစ်ဆေးခြင်း"၊ ဧပြီလ ၁၄ ရက်၊ ၂၀၁၆ ခုနှစ်။

236 Fortify Rights မှ ဖုန်းမြင့်ကျော်အား တွေ့ဆုံမေးမြန်းခြင်း၊ မန္တလေး၊ မြန်မာနိုင်ငံ။ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်။

237 Ibid.

238 Ibid.

239 Fortify Rights မှ ရဲမျိုးဆွေအား တွေ့ဆုံမေးမြန်းခြင်း၊ မန္တလေး၊ မြန်မာနိုင်ငံ။ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်။

ရဲမျိုးဆွေက သူ၏ တက်ကြွလှုပ်ရှားမှုအပေါ် စိတ်လှုံ့ဆော်ခြင်းကို ဆက်လက်ရှင်းပြရာ...

> လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြောကြားခွင့်လို့ပြောရင် ကျွန်တော်တို့နိုင်ငံမှာ တရားမမျှတတဲ့ဥပဒေ (ငြိမ်းချမ်းစွာစုဝေးခြင်း ဆိုင်ရာ ဥပဒေကဲ့သို့)နှင့် နိုင်ငံရဲ့ဆက်သွယ်ရေး ဥပဒေတွေအများကြီးရှိနေတယ်။ အစိုးရနဲ့စစ်တပ်ရဲ့ လွတ်လပ်စွာ ဆန္ဒထုတ်ဖော် ပြောကြားခွင့်အပေါ် အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ "မင်းအနေနဲ့ ပြောရမှာက ငါတို့ပြောစေချင်တဲ့အရာ ကိုပဲ ပြောဖို့ဖြစ်တယ်၊" တကယ်တော့ ကျွန်တော်တို့ဆီမှာ လွတ်လပ်စွာဆန္ဒထုတ်ဖော် ပြောကြားနိုင်တဲ့အခွင့်အရေး၊ လွတ်လပ်စွာတွေးခေါ်ခွင့်၊ လွတ်လပ်စွာယုံကြည်ပိုင်ခွင့်နဲ့ လွတ်လပ်စွာ ရေးသားနိုင်ခွင့်တွေရှိနေရမယ်၊ ဒီအခွင့်အရေးတွေ ပြန်ရဖို့ ကျွန်တော်တို့ ကြိုးစား တိုက်ခိုက်နေခြင်းဖြစ်တယ်။[240]

# မျိုးချစ်ဇော်

မန္တလေးဇာတိမှဖြစ်ပြီး ရတနာပုံတက္ကသိုလ်မှ တတိယနှစ် ရေးဟောင်းသုတေသနကျောင်းသားတစ်ဦး ဖြစ်သည်။ လက်ရှိတွင် ABFSU ၌ပြည်သူ့ဆက်ဆံရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပြီး "ငယ်ရွယ်စဥ်ကလေးဘဝတွင် စစ်သားတစ်ဦး ဖြစ်ချင်ခဲ့သူတစ်ဦး" အဖြစ် ကြီးပြင်းလာခဲ့ကြောင်း ၎င်းမှ Fortify Rights သို့ ပြောပြခဲ့သည်။

> ကျွန်တော်ငယ်တဲ့အချိန်ကတည်းက တက်ကြွလှုပ်ရှားမှုနဲ့ပတ်သက်ပြီး ဘာအတွေ့အကြုံမှ မရှိခဲ့ဖူးဘူး။ ဒါမယ့် ၂၀၀၇ ခုနှစ် သတင်းအစီစဥ်မှာ ထုတ်လွှင့်တဲ့ ဘုန်းကြီးများ၏ ဆန္ဒထုတ်ဖော်မှုကို ကြည့်ခဲ့ဖူးတယ်။ ကျွန်တော် Grade ၁၀ ရောက်တော့ ၂၀၁၅ ခုနှစ်မှာ ချီတက်ခဲ့တဲ့ ကျောင်းသားသတင်းကို ကြားခဲ့တယ်။ ဘာလို့ဆိုတော့ ကျွန်တော်ဟာ ကလေးတစ်ယောက်ဖြစ်တဲ့အတွက် အဲ့တာကို ကလေးလိုတွေးခဲ့တယ်။ အဲ့လိုမျိုး တက်ကြွလှုပ်ရှားမှုနဲ့ ဆန္ဒထုတ်ဖော် မှုတွေကို ကျွန်တော်နားမလည်ခဲ့ဘူး။ ဘာလို့လူတွေဟာ ဆန္ဒတွေ ထုတ်ဖော်ပြသနေကြသလဲဆိုတာကို ကျွန်တော် တကယ်အံ့သြတယ်၊ ပြီးတော့ ကျွန်တော်အဖြေ မရှာနိုင်ခဲ့ဘူး။ အဲ့အချိန်တုန်းက ကျွန်တော်လူ့အခွင့်အရေးနဲ့ ပတ်သက် တဲ့ ကိစ္စတွေကို လေးလေးနက်နက် မစုံစမ်းခဲ့ဖူးဘူး။[241]

မျိုးချစ်ဇော်မှ ရတနာပုံတက္ကသိုလ်သို့ စစ်သားတစ်ယောက်ဖြစ်ရန် မျှော်လင့်ပြီး ရောက်ရှိလာခဲ့ခြင်းဖြစ်သည်၊ သို့သော် သူ၏ မိဘ များမှ ၎င်းစစ်ထဲဝင်ခြင်းကို ကန့်ကွက်ခဲ့သည်။ ဒုတိယနှစ်ပညာသင်ကာလတွင် ABFSU အကြောင်းကို လေ့လာခွင့်ရခဲ့သည်။ ထိုအကြောင်း အရာများကို Fortify Rights သို့ ရှင်းပြခဲ့သည်။

> ABFSU ကပညာရေးဘတ်ဂျတ်အတွက် ဆန္ဒပြမှုများကို စတင်ခဲ့တဲ့ကိစ္စအပေါ် ကျွန်တော်စတင်ပြီး စိတ်ဝင်စားခဲ့တယ်။ ကျောင်းသားတစ်ယောက်အနေနဲ့ ကျွန်တော်တို့ ဘာလိုအပ်မလဲဆိုတာနဲ့ သူတို့တွေ ဘာအတွက်တောင်းဆိုမှု ပြုနေ ကြသလဲ ဆိုတာကို ကျွန်တော်နှိုင်းယှဉ်ကြည့်ခဲ့တယ်၊ ကျွန်တော်တွေ့ခဲ့တာကတော့ သူတို့တောင်းဆိုနေတဲ့အရာတွေ အားလုံးက ကျွန်တော်တို့ ကျောင်းသားဘဝမှာ လိုအပ်တဲ့အရာတွေပဲ ဖြစ်နေ တယ်။[242]

မျိုးချစ်ဇော်သည် လာမည့်စာသင်နှစ်ဖြစ်သော ၂၀၁၈ ခုနှစ်တွင် ABFSU ပါဝင်လာခဲ့သည်၊ "ကျွန်တော်ပါဝင်လာတဲ့ နောက်မှာ ပြောရေးဆို ခွင့်ရှိတဲ့သူအဖြစ် စတင်ခဲ့တယ်၊ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးအရာရှိတွေနဲ့ တွေ့ဆုံခဲ့တယ်။ ကျွန်တော့်နလုံးသားကို အလုပ်ထဲနှစ်ပြီး ကျွန်တော်တို့ လုပ်ဆောင်မှုတွေအတွက် အရမ်းကြိုးစားခဲ့ တယ်။"[243]

ABFSU၏ ဆန္ဒပြပွဲများတွင် ပါဝင်ခြင်းအားဖြင့် မျိုးချစ်ဇော်မှ "အသက်ရှင်ခြင်းအပေါ် ကျေနပ်ပျော်ရွှင်မှု" ခံစားရကြောင်း နှင့် အဘယ့်ကြောင့် ဆန္ဒပြပွဲတွင် ၎င်းမှပါဝင်လာရကြောင်းကို *အသံ* နှင့် Fortify Rights သို့ ရှင်းလင်းပြောဆိုခဲ့သည်။

> ဆန္ဒထုတ်ဖော်ပွဲများမတိုင်မီ ပြည်နယ်၊ အစိုးရတို့နဲ့ ဆွေးနွေးညှိနှိုင်းမှုလုပ်ဖို့ ကျွန်တော်တို့ကြိုးစားခဲ့ပေမယ့် သူတို့ဘက်က လက်မခံခဲ့ဘူး၊ ဒါကြောင့်ကျွန်တော်တို့ ဆန္ဒပြပွဲတွေ စတင်ခဲ့တယ်၊ ဒါမှ လူတွေအားလုံးသိမှာ၊

240 အသံနှင့် Fortify Rights မှ ရဲမျိုးဆွေအား ဖုန်းဖြင့်မေးမြန်းခြင်း၊ လမ်းမတော်၊ မြန်မာနိုင်ငံ။ စက်တင်ဘာလ ၁၇ ရက်၊ ၂၀၁၉ ခုနှစ်။

241 Fortify Rights မှ မျိုးချစ်ဇော်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မန္တလေး၊ မြန်မာနိုင်ငံ။ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်။

242 Ibid.

243 Ibid.

> ကျွန်တော်တို့က ဘာတွေကို ကြိုးစားလုပ်နေသလဲ၊ ပြီးတော့ ကျောင်းသားတွေအနေနဲ့ ဘာတွေလိုအပ်နေသလဲဆိုတာကို လူသိရှင်ကြား သိဖို့လိုတယ်၊ ဒီလို ဆန္ဒထုတ်ဖော်မှုတွေမှာ လူတွေကို နာကျင်စေနိုင်တဲ့ မည်သည့် ပစ္စည်းတစုံတခုကိုမှ ကျွန်တော်တို့ မကိုင်ဆောင်ဘူး၊ မသယ်ဘူး။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့အခွင့်အရေး ဖြစ်တဲ့ လွတ်လပ်စွာဆန္ဒထုတ်ဖော် ပြောကြားခွင့်ကိုပဲ အသုံးပြုကြတယ်။[244]

မျိုးချစ်ဇော်မှ မြန်မာနိုင်ငံရှိ ကျောင်းသားများ၏ ဒီမိုကရေစီအတွက် လုပ်ရှားရုန်းကန်နေရမှုအခန်းကဏ္ဍနှင့် အရေးကြီးပုံကို ဆက်လက် ရှင်းပြခဲ့သည်။

> ၁၉၈၈ ခုနှစ်ကတော်လှန်ရေးလိုပဲ ဒီမိုကရေစီအတွက် ကျွန်တော်တို့ မျိုးဆက်တစ်ခုလုံးက အကြိမ်ကြိမ်တိုက်လှန်လိမ့်မယ်။ အဲဒီတော်လှန်ရေးမှာ ကျွန်တော်တို့ရဲ့ မိဘ၊ ဘိုးဘွားများနဲ့ ကျောင်းသားသမဂ္ဂဟောင်းများ - အားလုံးပါဝင် တိုက်ခိုက်ခဲ့ကြတယ်။ ကျောင်းသားများက ဒီမိုကရေစီအတွက် အမြဲတမ်းတိုက်ပွဲဝင်ခဲ့ကြတယ်။ လူ့အများ၏အခွင့် အရေးနဲ့ ကျောင်းသားများ၏ အခွင့်အရေးတို့အတွက် ကျွန်တော်နိုင်ငံဟာ ဒီမိုကရေစီကို လိုအပ်တယ်။[245]

ဤလှုပ်ရှားမှုသည် ရတနာပုံတက္ကသိုလ်၌ မည်သို့ရုန်းကန်လှုပ်ရှားမှုများရှိကြောင်းကို ၄င်းမှ ဆက်လက်ရှင်းပြပြောဆိုခဲ့သည်။

> မြန်မာနိုင်ငံတွင် ပညာရေးနှင့် ကျန်းမာရေးအတွက် ပြည်ထောင်စုမှ သတ်မှတ်ထားသော အသုံးစရိတ်သည် စစ်တပ် အသုံးစရိတ် အောက် လျော့နည်းတယ်။ စစ်တပ်အသုံးစရိတ်က တခြားဌာနအသုံးစရိတ်တွေအားလုံးထက်ကို အရမ်းမြင့်နေတယ်။ ပညာရေး ဆိုင်ရာ ဥပဒေမူကြမ်းနဲ့ပတ်သက်ပြီး ကျောင်းသားတွေ သူတို့ရဲ့အခွင့်အရေးဆုံးရှုံးခဲ့တယ်၊ ဥပမာ- ကျောင်းဝင်းရှိ ကျောင်းအဆောက်အဦးများ၊ နိုင်ငံရေးတွင် တက်ကြွစွာပါဝင်ခွင့်နဲ့ ပညာရေးဆိုင်ရာလွတ်လပ်ခွင့် သို့မဟုတ် လွတ်လပ်စွာ သုတေသနပြုခွင့်တို့ကို ဆုံးရှုံးနေရတယ်။ ဒီအချက်တွေကြောင့် ကျွန်တော်အနေနဲ့ ကျောင်းသားများရဲ့အခွင့်အရေးတွေ ပြန်ရဖို့ ကြိုးစားနေတယ်၊ ဒီမိုကရေစီပညာရေးသည် တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်း အတွက်မဟုတ်ခဲ့ဘူးဆိုရင် ကျွန်တော်တို့ တိုက်ပွဲပြန်ဝင်မှာ ဖြစ်တယ်။[246]

# ရဲလင်းအောင်

ရတနာပုံတက္ကသိုလ်မှ ရှေးဟောင်းသုတေသန ကျောင်းသားတစ်ဦး ဖြစ်သော ရဲလင်းအောင်သည် စစ်ကိုင်းတိုင်းဒေသတွင် ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ ၂၀၁၅ ခုနှစ် ၄င်း၏နောက်ဆုံးနှစ်တွင် ကျောင်းသားများမှ ပညာရေးပြုပြင်ပြောင်းလဲရန် အချိန်တန်ပြီဆိုသော စုပေါင်း ချီတက်မှုနှင့် လက်ပံတန်းဆန္ဒပြမှုကို ဖြိုခွင်းမှုတို့ကို ကြားခဲ့ပြီးသည့်နောက် ဖုန်းမြင့်ကျော်ကဲ့သို့ပင် ရဲလင်းအောင်သည် နိုင်ငံရေးတက်ကြွ လှုပ်ရှားမှုတွင် စိတ်ပါဝင်စားလာခဲ့သည်။ ၄င်းမှ -

> မန္တလေးကနေ ရန်ကုန်ကို ချီတက်လာတာကို ကြားခဲ့တယ်။ အဲ့ဒီလှုပ်ရှားမှုဖြစ်စဉ်က ကျွန်တော့်စိတ်ကို လှုံ့ဆော်မှုပေး ခဲ့တယ်။ အဆိုပါသပိတ်ရဲ့ ရည်ရွယ်ချက် ၁၁ ရပ်ကိုလည်း ကျွန်တော်သဘောတူတယ်၊ ကျောင်းသားတွေ ဘယ်လို အရိုက်ခံရတယ် ဆိုတာကြားတော့ ကျွန်တော်မခံမရပ် ဒေါသထွက်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်တက္ကသိုလ် ABFSU ထဲ ပါဝင်လာခဲ့တယ်။[247]

ရဲလင်းအောင်မှ ABFSUသို့ ပါဝင်လာသည့် အကြောင်းအရင်းများကို ဆက်လက်ပြောကြားခဲ့သည်။

> ကျွန်တော် ABFSU သို့ အစဝင်တဲ့အခါမှာ ရွည်ရွယ်ချက်ကြီးကြီးမားမား မရှိခဲ့ဘူး၊ ဆုံးရှုံးနေတဲ့ ကျွန်တော်တို့ ကျောင်းသားတွေရဲ့ အခွင့်အရေးတွေအတွက်လုပ်မယ်လို့ ကျွန်တော်မျှော်လင့်ခဲ့တယ် - အခွင့်အရေးလို့ပြောရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာတက္ကသိုလ်အဖို့ဆောင်ရွက်ရမည့်မူဝါဒရေးသားရာတွင်ပါဝင်နိုင်တဲ့အခွင့်အရေးတွေ ဖြစ်တယ်။ တက္ကသိုလ်ရဲ့ စီမံအုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ ပြောဆိုပိုင်ခွင့်တွေ မရှိပါဘူး။[248]

ယခုရဲလင်းအောင်သည် ရတနာပုံတက္ကသိုလ် ABFSU ၌ ကျောင်းသားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်

244 Ibid.

245 အသံနှင့် Fortify Rights တို့မှ ဖုန်းဖြင့် မျိုးချစ်ဇော်အား မေးမြန်းခြင်း၊ လမ်းမတော်၊ မြန်မာနိုင်ငံ။ စက်တင်ဘာ ၁၇ ရက်၊ ၂၀၁၉ ခုနှစ်။

246 Ibid.

247 Fortify Rights မှ ရဲလင်းအောင်အား တွေ့ဆုံမေးမြန်းခြင်း၊ မန္တလေး၊ မြန်မာနိုင်ငံ။ ဇန်နဝါရီလ ၂၇ ရက်၊ ၂၀၁၉ ခုနှစ်။

248 Ibid.

ရေး အရာရှိအဖြစ် တာဝန်ယူလျှက်ရှိသည်။ ဤရာထူးတွင် သူ၏တာဝန်ယူရမည့်အပိုင်းမှာ ကျောင်းသားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျောင်းသားများ၏ ဘဝတွင်တွေ့ကြုံလာသည့် ပြဿနာများအား တာဝန်ယူဖြေရှင်းပေးရသည်။[249]

## နေဝင်းကျော်

စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ တောင်ဦးကျေးရွာ၊ မောင်နမ ၆ ယောက်တွင် အကြီးဆုံးသားဖြစ်သောနေဝင်းကျော်မှ "ကျွန်တော်တို့ မိသားစုက နိုင်ငံရေးနဲ့ပတ်သက်ဆက်နွယ်မှုမရှိခဲ့ဘူး၊ ဆိုတော့ ကျွန်တော့်မိသားစုထဲမှာ ကျွန်တော်က ရှေ့ဆောင် သူတစ်ယောက် ဖြစ်လာတယ်။"[250] စစ်တပ်၏အပြုအမူကြောင့် ၎င်း၏မိသားစုနှင့် အသိုင်းအဝန်းတို့ ခံစားခဲ့ရသည်ကို မြင်ပြီး နောက်ပိုင်း အသက် ၁၆ နှစ် အရွယ် နေဝင်းကျော်မှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူဖြစ်လာခဲ့သည်။ ၎င်းမှ -

> လူနည်းစုတွေနေထိုင်တဲ့ဒေသထဲမှာ စစ်တပ်ရဲ့မတရားဆက်ဆံမှုတွေကြောင့် ကျွန်တော်တို့ ခံစားခဲ့ရတယ်။ ဥပမာ - လူတွေကို အတင်းအဓမ္မ အလုပ်သမား သို့မဟုတ် အထမ်းသမားအဖြစ်စေခိုင်းခဲ့တယ်။ ဒါကိစ္စတွေဟာ ကျွန်တော်တို့ အသိုင်းအဝန်းမှာ ခံစားနေရတဲ့အရာတွေဖြစ်တယ်။[251]

ABFSU သို့ဝင်ရန် ၎င်းမှ ဆုံးဖြတ်ခဲ့သည့်အကြောင်းကို နေဝင်းကျော်မှ ဆက်လက်ရှင်းပြခဲ့သည်။

> ABFSU ထဲကိုဝင်လာတဲ့အခါ ကျွန်တော်ယုံကြည်တဲ့အရာကတော့ ABFSU ရဲ့ ရည်မှန်းချက် ၅ ရပ်ဖြစ်သော ငြိမ်းချမ်းရေး ကိုထိန်းသိမ်းခြင်း၊ စစ်တပ်၏ အာဏာရှင်စနစ်ကို တန်ပြန်တိုက်ခိုက်ခြင်း၊ ဒီမိုကရေစီ၊ ကျောင်းသားများ၏ ပြည့်ဝသော အခွင့်အရေးနဲ့ ဒီမိုကရေစီပညာရေးစနစ်တို့အားဖြင့် ကျွန်တော်တို့ အောင်မြင်မှုရဖို့ လုပ်ဆောင်ပေးသွားမယ်ဆိုတာ အဆုံးစွန်ထိ ယုံကြည်တယ်။[252]

ရတနာပုံတက္ကသိုလ် ABFSU ၏အခန်းကဏ္ဍ၌ နေဝင်းကျော်သည် ပြည်သူ့ဆက်ဆံရေးတာဝန်ကို ယူထားသူတစ်ဦးဖြစ်ပါသည်။ ဆက်လက်ပြီး ၎င်း၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းပြခဲ့သည်။

> ABFSU ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ပြည်သူ့ဆက်ဆံရေးတာဝန်ကို ကျွန်တော်ယူခဲ့တယ်။ အစီရင်ခံစာတွေကို ထုတ်ဝေတယ်။ ကျွန်တော်တို့ အစီအစဉ်တစ်ခုလုပ်ပြီးတိုင်း အဖွဲ့ဝင်တွေ နဲ့ ABFSU ရဲ့အခြားကဏ္ဍမှ ပါဝင်ကြတဲ့သူတွေကို လင့်ခ်နဲ့ အဲ့ဒီအကြောင်းအရာတွေကို ဝေမျှပေးရတာက ကျွန်တော့်တာဝန်ဖြစ်တယ်။[253]

တက္ကသိုလ်မှဘွဲ့ရပြီးနောက်ပိုင်း သူ့ရဲ့မျှော်လင့်ချက်ကို နေဝင်းကျော်မှ Fortify Rights သို့ဝေမျှပြောကြားခဲ့တယ်။ "ကျွန်တော်ဘွဲ့ရပြီးနောက် ကျွန်တော်ဘာလုပ်ရမလဲဆိုတာကို မဆုံးဖြတ်ရသေးဘူး၊ ဒါမယ့်ကျွန်တော်အနေနဲ့ မှန်တယ်လို့ ယုံကြည်ထားတဲ့ အရာဘက်မှာ ကျွန်တော်ရှိနေချင်တယ်။"

249 Ibid.

250 Ibid.

251 Fortify Rights မှ နေဝင်းကျော်အား တွေ့ဆုံမေးမြန်းခြင်း၊ မန္တလေး၊ မြန်မာနိုင်ငံ။ မြန်မာနိုင်ငံ။ ဇန်နဝါရီလ ၂၇ ရက်၊ ၂၀၁၉ ခုနှစ်။

252 Ibid.

253 Ibid.

# အကြံပြုချက်များ

## မြန်မာနိုင်ငံအစိုးရသို့

- **လူမျိုး၊** ယဉ်ကျေးမှု၊ မည်သည့်အကြောင်းကြောင့်မဟုတ်ဘဲ နိုင်ငံအတွင်း လွတ်လပ်စွာဆန္ဒထုတ်ဖော်ခြင်း အခွင့်အရေး အသုံးပြုမှု ကြောင့် အဖမ်းခံရမှုအပါအဝင် မတရားဖမ်းဆီးချုပ်နှောင်ခံရလျှင်မည်သူမည်ဝါ၊ မည်သည့် အကြောင်း ကြောင့်ဆိုသည်ကို သတ်မှတ်ဖော်ပြပြီး လွှတ်မြောက်ခွင့်ပေးရမည်။ နိုင်ငံတကာလူ့အခွင့် အရေးဆိုင်ရာဥပဒေအရ ကာကွယ်မှုပေးရန်။
- **ရုပ်သိမ်းပေးရန်** သို့မဟုတ် ပြုပြင်/ပြင်ဆင်ခြင်း -၂၀၁၆ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့် ဥပဒေအပါအဝင် ဥပဒေများ၊ မူဝါဒများနှင့် အမိန့် ညွှန်ကြားချက်များသည် လွတ်လပ်စွာဆန္ဒ ထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်တို့နှင့် ကိုက်ညီမှုမရှိပေ။ အထူးသဖြင့် ၂၀၁၆ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရန်။
  - ပြင်ဆင်ခြင်း - အခြေခံလုပ်ဆောင်ရမည့် သတင်းအချက်အလက်အပေါ် တောင်းဆိုသည့် မေးခွန်းများ မေးမြန်းခြင်းနှင့် အသိပေးချက်ဆိုင်ရာ ကန့်သတ်ချက်များ ပြင်ဆင်ပြဌာန်းရန် နှင့်
  - ပယ်ဖျက်ခြင်း - ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေအား ချိုးဖောက်မှုအတွက် ပြဌာန်းထားသော ပြစ်မှုဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်အားလုံးကို ပယ်ဖျက်ပေးရန်။
- **ထောက်ပံ့ပေးရန်** - လူ့အခွင့်အရေး ချိုးဖောက်ခြင်းခံခဲ့ရသော ကျောင်းသား ၇ ဦးအပေါ် ထိခိုက်မှုအတွက် လျော်ကြေး၊ နစ်နာကြေး၊ ပြန်လည်ထူထောင်ရေး၊ စိတ်ကြေနပ်မှုခံစားစေရေးနှင့် ခိုင်မြဲသော အာမခံချက်များ ပေးခြင်းတို့ အပါအဝင် ပြည့်ဝသောကုစားခွင့်နှင့် သင့်လျော်သောလျော်ကြေငွေပမာဏ ထောက်ပံ့ပေးရန်။
- **ထုတ်ပြန်ရန်** - အိုးဘိုအကျဉ်း ထောင်တွင်း အာဏာပိုင်များမှ ကျောင်းသားများအား ရိုက်နှက်ခဲ့ခြင်းအပေါ် အစိုးရ၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အား လူသိရှင်ကြားထုတ်ပြန်ပေးရန်နှင့် ရာထူး၊ အဆင့်အတန်း မခွဲခြားဘဲ ကျူးလွန်ခဲ့သူများမှ တာဝန်ခံ၊ တာဝန်ယူမှုရှိစေရန် သေချာဆောင်ရွက်ပေးရမည်၊ မှန်ကန်တဲ့သော စစ်ဆေးစုံစမ်းခြင်းနှင့် လုပ်ဆောင်မှုများ သည် နိုင်ငံတကာ စစ်ဆေးမှုစံနှုန်းနှင့်အညီ တရားမျှတမှုရှိရန်။
- **ပြုမူလုပ်ဆောင်ရန်** - လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးအား ချိုးဖောက်ခံ ရမှုတွင် ရတနာပုံတက္ကသိုလ်နှင့် မြန်မာအာဏာပိုင်များအပေါ်ကိုသော်လည်းကောင်း၊ ဆန္ဒပြမှုတွင် ပါဝင်သော ကျောင်းသား များမှ ရတနာပုံတက္ကသိုလ်ဝင်းနှင့် အဆိုပါနေရာတပိုက်တွင် ၎င်း တို့၏အခွင့်အရေးအား ကျင့်သုံးမှုကြောင့် မတရား ဖမ်းဆီးချုပ်နှောင် ခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာ ဆက်ဆံမှုတို့ အပေါ်တွင်လည်းကောင်း လွတ်လပ်ပြီး အမှီအခိုကင်း၍ ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုကို ချက်ခြင်းပြုမူ လုပ်ဆောင်ရန်။
- **ညွှန်ကြားချက်ထုတ်ပြန်ပေးရန်** - မြန်မာနိုင်ငံရှိရဲများနှင့် တက္ကသိုလ်ဝန်ထမ်းများအား ဥပဒေနှင့်အညီ တရားဥပဒေ စိုးမိုးရေးဆိုင်ရာအချက်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လမ်းညွှန်မှုနှင့်သင်တန်းများပေးရန်နှင့် အကောင်းဆုံး လေ့ကျင့်သင်ကြားရန်အတွက် သော်လည်းကောင်း၊ စုဝေးခြင်းအပေါ် ကြီးကြပ်မှုနှင့် ပတ်သက်၍ ပါဝင်စုရုံးကြသည့် သူများအပေါ် ၎င်းတို့၏ အပြုသဘောဆောင်သော တာဝန်ယူမှုနှင့် ငြိမ်းချမ်းစွာစုဝေးခွင့်အပေါ် သင့်လျော်သော ကာကွယ်စောင့်ရှောက်မှုများ ပေးရန်အတွက် ညွှန်ကြားရန်။
- **သေချာမှုရှိစေရန်** - အိုးဘိုအကျဉ်းထောင်ရှိ မည်သည့်ချုပ်နှောင်မှု သို့မဟုတ် ထောင်ကျနေသော သို့မဟုတ် ထိန်းသိမ်းထားသည့် အကျဉ်းသားများအား အကျဉ်းသားအားလုံးကို ကာကွယ်မှုပေးသည့် အခြေခံမူများအရ အနိမ့်ဆုံး စံသတ်မှတ်ချက်များနှင့်အညီ ပြုမူဆက်ဆံရန်။
- **အတည်ပြုပေးရန်** - မြန်မာနိုင်ငံသားများကျင့်သုံးနေသော လွတ်လပ်စွာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှု အခွင့်အရေးများအား အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်း တို့၏ ဆွေး နွေးစေ့စပ်မှု များအပါအဝင် နိုင်ငံတကာဥပဒေနှင့်အညီ လူသိရှင်ကြားအတည်ပြုထုတ်ပြန် ပေးရမည်။

- **အဆုံးသတ်ရန်** - ဖမ်းဆီးချုပ်နှောင်ထားသောနေရာတွင် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်မှုနှင့် ဂုဏ်သိက္ခာကျဆင်း စေသောဆက်ဆံခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းများကို ချက်ခြင်းအဆုံးသတ်ပေးရန်နှင့် လူသိရှင်ကြား ဖော်ထုတ်သင့်သည်။ မြန်မာပြစ်မှုဆိုင်ရာကျင့်ထုံးကို ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး သဘောတူစာချုပ် တွင် ဖော်ပြထားသည့် ညှဉ်းပန်းနှိပ်စက်မှုအဓိပ္ပါယ်နှင့်အညီ ပြင်ဆင်ရန်။
- **ဆွေးနွေးစီစဉ်ရန်** - လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ခွင့်များကို ကာကွယ်မြှင့်တင်ရန်၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက် ကြမ်းကြုတ်သော၊ လူမဆန်မှုနှင့် ဂုဏ်သိက္ခာကျဆင်းစေသောဆက်ဆံခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းများ၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာအနေအထားများနှင့် မတရားဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာအလုပ်အဖွဲ့ စသည်တို့နှင့် သက်ဆိုင်ကာ ကုလသမဂ္ဂမှ အထူးလုပ်ထုံးလုပ်နည်းဆိုင်ရာအထူးသဖြင့် လွတ်လပ်စွာ ငြိမ်းချမ်းစွာဖြင့် စုရုံးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ဆိုင်ရာ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံသို့လာရောက်ရန်ဖိတ်ကြားခြင်းများ လုပ်ဆောင်ရမည်။ အချုပ်အားဖြင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ခြင်းနှင့် နည်းပညာပံ့ပိုးမှုတို့အတွက် အပြည့်အ ဝလုပ်ပိုင်ခွင့်နှင့်အတူ UN လူ့အခွင့်အရေး ကော်မရှင်ရုံးအား မြန်မာနိုင်ငံတွင်ဖွင့်ရန် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ သဘော တူညီချက်ရ ယူလုပ်ဆောင်ရမည်။
- **လက်မှတ်ထိုးအတည်ပြုရန်** - နိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်နှင့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက် ကြမ်းကြုတ်သော၊ လူမဆန်မှုနှင့် ဂုဏ်သိက္ခာကျဆင်းစေသောဆက်ဆံခြင်းနှင့်ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ သဘောတူညီချက်နှင့် ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ နိုင်ငံတကာ လူ့အခွင့် အရေးဆိုင်ရာ လုပ်ဆောင်ချက်များ အပါအဝင်။

## ရတနာပုံတက္ကသိုလ် အုပ်ချုပ်ရေးဌာနသို့

- **လေ့ကျင့်သင်ကြားပေးရန်** - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများနှင့် ပတ်သက်၍ တက္ကသိုလ်မှ အုပ်ချုပ်ရေးတာဝန်ခံများနှင့် ဝန်ထမ်းများကို ၎င်းတို့၏ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရား များကို သင်ကြားပေးရန်။
- **ရပ်စဲရန်** - ကျောင်းသားများ ကျောင်းဝင်းအတွင်း ဝင်ရောက်ခြင်းအား တက္ကသိုလ်ပါမောက္ခများနှင့်ဝန်ထမ်းများမှ ဆန္ဒ ထုတ်ဖော်မှု ကို တားဆီးပိတ်ဆို့သည့် အလေ့အကျင့်အား ရပ်စဲရန်။
- **ပံ့ပိုးပေးရန်** - ကျောင်းဝင်းအတွင်း ကျောင်းသားများနှင့်လစဉ် ညှိနှိုင်းတိုင်ပင်ခြင်းအားဖြင့် ကျောင်း၏ အုပ်ချုပ်ရေး အပေါ် သုံးသပ်ချက်နှင့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားများ၏ အခွင့်အလမ်းများကို ထောက်ပံ့ပေးရန်။
- **သေချာမှုရှိရန်** - ကျောင်းသားများသည် တက္ကသိုလ်နယ်မြေအတွင်း တန်းတူအခွင့်အရေးရရှိကာ ဝမ်းမြောက်ခံစားခြင်းနှင့် နိုင်ငံတကာဥပဒေအရ ၎င်းတို့၏ ဆန္ဒထုတ်ဖော်မှုအတွက် ညှိနှိုင်းဆောင်ရွက် ကာကွယ်ပေးရန်။

## နိုင်ငံတကာ အသိုင်းအဝိုင်းသို့

- **ညှိနှိုင်းဆွေးနွေးရန်** - မြန်မာနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ တိကျသောအချိန်သတ် မှတ်ချက်စံနှုန်းများနှင့် မတရားဖမ်းဆီး ချုပ်နှောင်ခံထားရသော မြန်မာနိုင်ငံမှ အကျဉ်းသားများအားလုံးကို လွတ်မြောက်ခွင့်ပေးရန်နှင့် ၂၀၁၆ ခုနှစ် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန်၊ အခြားသောဥပဒေ၊ မူဝါဒများနှင့် အမိန့်ညွှန်ကြား ချက်များမှ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့်တို့ကို ချိုးဖောက်ခြင်းတို့အပေါ် လုပ်ဆောင်ရန်။
- **တိုက်တွန်းရန်** - မြန်မာနိုင်ငံအစိုးရကို တိုက်တွန်းခြင်း၊ မြန်မာအာဏာပိုင်များနှင့် ရတနာပုံတက္ကသိုလ်မှ တာဝန်ရှိ သူများမှ ချိုးဖောက်ခဲ့ကြသော လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်အပေါ်၌ သော်လည်းကောင်း ကျောင်းသားများအား မတရားဖမ်းဆီးချုပ်နှောင်ကာ ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်သော ပြုမူဆက်ဆံမှုတို့မှာ ဆန္ဒပြပွဲတွင် ၎င်းတို့၏အခွင့်အရေးအား ရတနာပုံတက္ကသိုလ်ကျောင်းဝင်းအတွင်း အသုံးချမှုကြောင့်ဖြစ်ပြီး အဖွဲ့အစည်းများနှင့် တစ်ဦးချင်းတို့မှ တာဝန်ခံမှုရှိစေရန် မြန်ဆန်၍ သမာသမတ်ကျပြီး အမှီအခိုကင်းသော စုံစမ်းစစ်ဆေးမှုများ ပြု လုပ်ရန်။
- **ထောက်ပံ့ပေးရန်** - ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ပေးခြင်း၊ မြန်မာနိုင်ငံရှိရဲများအား

လူ့အခွင့်အရေး သင်တန်းများပေးခြင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တရားဥပဒေစိုးမိုးရေးဆိုင်ရာ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ပါဝင်ဆန္ဒပြသူများအား အကောင်းဆုံးကာကွယ်ဆောင်ရွက်မှုများပြုရန်။

- **တိုက်တွန်းရန်** - မြန်မာနိုင်ငံအစိုးရအားတိုက်တွန်းခြင်း၊ နိုင်ငံတကာဥပဒေအရ အခွင့်အရေးများကို ကျင့်သုံးခြင်းကြောင့် မတရားဖမ်းဆီးချုပ်နှောင် ထိန်းသိမ်းခံနေရသော တစ်ဦးစီတိုင်း၏ စွဲချက်များဖယ်ရှားကာ ချက်ခြင်းလွှတ်မြောက်ခွင့်ပေးရန်။
- **တိုက်တွန်းရန်** - မြန်မာနိုင်ငံအစိုးရကို တိုက်တွန်းခြင်း၊ ညှဉ်းပန်းနှိပ်စက်မှုမှ ကာကွယ်ပေးခြင်းနှင့်အတူ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်၊ လွတ်လပ်သော အခွင့်အရေးများကို အများပြည်သူသိစေရန် အတည် ပြုပေးခြင်း။
- **ထောက်ခံအားပေးရန်** - မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေအပေါ် UN အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်နှင့် အကြံပြု ချက်များထောက်ခံ အားပေးရန်။ UN လူ့အခွင့်အရေးကော်မရှင်ရုံးအား မြန်မာနိုင်ငံတွင် ဖွင့်လှစ်ရန် ထောက်ခံ အားပေးရန်။

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာသည် ဖေဖော်ဝါရီ ၂၀၁၉ မှ ဇန်နဝါရီ ၂၀၂၀ တွင် *အသံ* နှင့် Fortify Rights တို့၏ ပူးပေါင်း ကြိုးစားအားထုတ်မှု၏ ရလဒ်ဖြစ်သည်။ *အသံ* ၏ ပူးတွဲတည်ထောင်သူ ရဲဝေဖြိုးအောင်မှ Fortify Rights ၏ ပံ့ပိုးကူညီမှုဖြင့် သုတေသနလုပ်ငန်းကို ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ Fortify Rights ၏ ဥပဒေရေးရာအဖွဲ့ဝင်ဖြစ်သော Jacob Bogart မှ ယခုအစီရင်ခံစာကို ဦးဆောင်ရေးသား သူဖြစ်ပါသည်။ စာရေးခြင်း၊ သုတေသနပြုခြင်းနှင့် တည်းဖြတ် ခြင်းအဖွဲ့တွင် Fortify Rights အမှုဆောင်ဒါရိုက်တာ အေမီစမစ်နှင့် အမှုဆောင်အရာရှိချုပ် မတ်တရူးစမစ်တို့ ပါဝင်ကူညီခဲ့ကြပါသည်။ ရဲဝေဖြိုးအောင်နှင့် အောင်ဆန်းသိန်းတို့မှ ကူညီကာ ဘာသာပြန် ပေးခဲ့ကြပါသည်။ Fortify Rights မှ ဒီဇိုင်းကျွမ်းကျင်သူ Iuri Kato မှ အစီရင်ခံစာ၏ ပုံစံနှင့် ဒီဇိုင်းကို ဖန်တီးခဲ့သည်။ ခွန်လတ်နှင့် မြန်မာ Pressphoto အဖွဲ့တို့မှ အစီရင်ခံစာအတွက် ဓာတ်ပုံများ ရိုက်ပေးခဲ့ပါသည်။

သုတေသနနှင့် လိုအပ်သော စာရွက်စာတမ်းများအား ရက်ရောစွာဖြင့် လှူဒါန်းခဲ့ရုံမျှမက ၄င်းတို့၏အချိန်၊ ခွန်အားနှင့် အတွေ့အကြုံများစွာ ဝေမျှပေးခဲ့သော *အသံ*နှင့် Fortify Rights တို့အား အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် *အသံ* နှင့် Fortify Rights တို့သည် မကြာခဏ ပုဂ္ဂိုလ်ရေးအန္တရာယ် ရှိသော်လည်း စည်းလုံးညီညွတ်မှုနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ၄င်းတို့၏ အခွင့်အရေးဖြစ်သော လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကို ဆက်လက်ကျင့်သုံးနေသော လူမှုအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ ကိုလည်း တစ်လုံးတစ်ဝတည်းဖြင့် ဆက်လက်ထောက်ခံ နေပါသည်။

ကျွန်တော်တို့ အလုပ်ဖြစ်မြောက်အောင် သဘောထားကြီးစွာဖြင့် ထောက်ပံ့မှုများပေးခဲ့သော *အသံ* နှင့် Fortify Rights တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။

# နောက်ဆက်တွဲ ၁၊ မြန်မာနိုင်ငံအစိုးရထံပေးစာ

သမ္မတ ဦးဝင်းမြင့်
နိုင်ငံတော်သမ္မတရုံး
နေပြည်တော်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။

ဖေဖော်ဝါရီလ (၇) ရက်၊ ၂၀၂၀ ခုနှစ်။

## "ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့ကြသော ရတနာပုံတက္ကသိုလ်မှ ကျောင်းသားများအမှု"

သို့
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအကြား မြန်မာနိုင်ငံ မန္တလေးမြို့တွင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းကြောင့် မြန်မာအာဏာပိုင်များမှ ဖမ်းဆီးခဲ့သော ရတနာပုံတက္ကသိုလ်မှ ကျောင်းသား (၇) ဦးနှင့် ပတ်သက်သော ဤ အစီရင်ခံစာကို အသံ နှင့် Fortify Rights တို့မှ ပြင်ဆင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သုတေသနသည် ကျောင်းသားများ ငြိမ်းချမ်းစွာဆန္ဒပြမှုနှင့် ဆက်စပ်ကာ တက္ကသိုလ်နှင့် မြန်မာအာဏာပိုင်များ၏ အပြုအမူအပေါ် နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာဆန္ဒထုတ်ဖော်သည့်အခွင့်အရေး၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လွတ်လပ်စွာ လုပ်ပိုင်ခွင့်တို့အား ကာကွယ်ခြင်း၌သော်လည်းကောင်း ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာဆက်ဆံခြင်းတို့မှ အကာ အကွယ်ပေးမှုအပေါ်တွင်သော်လည်းကောင်း မြန်မာအစိုးရ၏ တာဝန်ယူမှုကို ဆန်းစစ်ထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ တွေ့ရှိချက်များသည် သက်ဆိုင်ရာကျောင်းသားများ၊ ဆန္ဒပြမှုမှ မျက်မြင်သက်သေများ၊ ပါမောက္ခများနှင့် အုပ်ချုပ်ရေး တာဝန်ခံများနှင့် အခြားသူများအပါအဝင် တက္ကသိုလ်မှတာဝန်ရှိသူများနှင့် ကိုယ်တိုင် တွေ့ဆုံမေးမြန်းခြင်းအပေါ် အဓိကအခြေခံထားပါသည်။ အသံ နှင့် Fortify Rights သည် ရရှိလာမည့်သတင်းအချက်အလက်များကို အခြေခံ၍ လူ့အခွင့်အရေးဆိုင်ရာစာတမ်းထုတ်ဝေနိုင်ရန် ကြိုးပမ်း အားထုတ်ထားပါသည်။ ဤအကြောင်းများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးမှ ပူးတွဲပါမေးခွန်းများအပေါ် ပြန်လည်တုံ့ပြန်ခြင်းဖြင့် ကျွန်ုပ်တို့မှလည်း ၄င်းသုံးသပ်အချက်နှင့် အစီရင်ခံစာအပေါ် ဆင်ခြင်သုံးသပ်မှုများ ဆက်လက်လုပ်ဆောင်နိုင်မည်ကို မျှော်လင့်ပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ သုတေသနနှင့်စပ်ဆိုင်၍ မည်သည့်သတင်းအချက်အလက်များ၊ ပစ္စည်းများ၊ စာရင်း ဇယားများအပေါ် လွတ်လပ်စွာ ပါဝင် နိုင်ပါသည်။

နိုင်ငံတော်သမ္မတအနေဖြင့် မကြာမီအချိန်တွင် ကျွန်ုပ်တို့ ပုံနှိပ်ထုတ်ဝေခြင်းအပေါ် သမ္မတရုံး၏ သုံးသပ်ချက်များဖြင့် အပြည့်အဝ ပူးပေါင်းနိုင်ရန်အတွက် ဖေဖော်ဝါရီလ (၁၇) ရက်ထက် နောက်ကျခြင်းမရှိဘဲ တုံ့ပြန်ပေးမည်ကို ကျွန်ုပ်တို့အနေဖြင့် ကျေးဇူးတင်ပါသည်။ အကယ်၍ လူပုဂ္ဂိုလ်တစ်ဦးချင်း တွေ့ဆုံမှုကို နှစ်သက်ပါက ဝမ်းသာဂုဏ်ယူစွာဖြင့် နိုင်ငံတော်သမ္မတ၏ အချိန်ဇယားနှင့် သင့်တော်အ ဆင်ပြေနိုင်မည့် အချိန်တွင်ကျွန်ုပ်တို့ဘက်မှ ပြုစုထားသော သုတေသနနှင့်သက်ဆိုင် သောအကြောင်းအရာအသေးစိတ်ကို ဆွေးနွေးမှုပြုနိုင် ကြောင်း အသိပေး အပ်ပါသည်။

ဤအကြောင်းအရာနှင့်စပ်ဆိုင်၍ ယခုကဲ့သို့ အချိန်ပေး ထည့်သွင်းစဉ်းစားမှုပြုပေးခြင်းအတွက် ကျေးဇူးတင်ပါသည်။ နိုင်ငံတော် သမ္မတရုံးမှ မြန်မာနိုင်ငံလူ့အခွင့်အရေးကာကွယ်မှုများ ပိုမိုတိုးမြှင့်နိုင်ရန် ဆက်သွယ်ဆောင်ရွက်မှုကို

မျှော်လင့်ပါသည်။

ရိုသေလေးစားစွာဖြင့်

လက်မှတ်

မတ်သရူးစမစ်
အမှုဆောင်အရာရှိချုပ်နှင့် ပူးတွဲတည်ထောင်သူ
Fortify Rights
Matthew.Smith@FortifyRights.org
+66850280044

ပူးတွဲ;

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်
နိုင်ငံတော်အတိုင်ပင်ခံဝန်ကြီးဌာနရုံး
နေပြည်တော်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။

ဒေါက်တာမောင်မောင်နိုင်
ပါမောက္ခ၊ ရတနာပုံတက္ကသိုလ်
မန္တလေးတိုင်း
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။

ဒေါက်တာ ဇော်မြင့်မောင်
ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး
မန္တလေးတိုင်း
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။

ဦးလှမြင့်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။

စာနှင့်အတူ ပူးတွဲပေးပို့သောအရာများ (၁)

ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော် အစိုးရထံသို့ အသံ နှင့် Fortify Rights တို့မှ ပေးပို့သော မေးခွန်းများ။

၁. ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ရတနာပုံတက္ကသိုလ်ကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်လည်တွင်ဖြစ်ပွားခဲ့သော ဆန္ဒထုတ်ဖော် မှုများနှင့် အဆိုပါကိစ္စရပ်အပေါ် အစိုးရ၏တုံ့ပြန်မှုတို့ကို ကျေးဇူးပြု၍ ဖော်ပြပါ။

၂. ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ရတနာပုံတက္ကသိုလ်ကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်လည်တွင် ဖြစ်ပွားခဲ့သော ဆန္ဒထုတ်ဖော် မှုအား အစိုးရမှကြားဝင်တားဆီးခဲ့မှုနှင့် ဆန္ဒထုတ်ဖော်ခြင်းတွင်ပါဝင်သော ကျောင်းသားများကိုဖမ်းဆီးရန် မည်သူမှအမိန့်ပေးခဲ့ပါ သနည်း။

၃. ကြိုတင်အကြောင်းကြားစာ ပေးပို့ရန်ပျက်ကွက်ခဲ့ကြသော ဆန္ဒထုတ်ဖော်သူများအပေါ် အစိုးရအရာရှိများမှ မည် သို့ တုံ့ပြန်မှုပြုခဲ့ပါသလဲ။

၄. မည်သည့်အချိန်တွင် အစိုးရအရာရှိများမှ အများပြည်သူစုဝေးဆန္ဒပြမှုအား ဖြိုခွဲခြင်း၊ တားဆီးခြင်းနှင့် ကြားဝင်နှောက်ယှက်ခြင်း တို့ကို ဆောင်ရွက်ခဲ့သနည်း။ အများပြည်သူစုဝေးဆန္ဒပြမှုအား ဖြိုခွဲခြင်း၊ တားဆီးခြင်းနှင့် ကြားဝင်နှောက်ယှက်ခြင်းတို့ ဆောင်ရွက်ရန် မည်ကဲ့သို့သော ဆုံးဖြတ်ချက်လုပ်ငန်းစဉ်ဖြင့် ဆုံးဖြတ်အတည်ပြုခဲ့ပါသလဲ။

၅. ကျောင်းသားများနှင့် အခြားသူများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို အသုံးချနိုင် ရန်အတွက် ဥပဒေစိုးမိုးရေးအရာရှိများကို မည်သည့်သင်တန်း သို့မဟုတ် သတင်း အချက်အလက်များ ပေးပါသလဲ။ လွတ်လပ်စွာ ထုတ်ဖော် ပြောကြားခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများကို ကာကွယ်ရမည့် တာဝန်ပျက်ကွက်သည့် ဥပဒေစိုးမိုးရေး အရာရှိများ အား မည်သည့်စည်းကမ်း ထိန်းသိမ်းရေးသို့မဟုတ် အခြားအရေးယူမှုများ ပြုလုပ်သနည်း။

၆. ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ အစိုးရအရာရှိများနှင့် ရတနာပုံတက္ကသိုလ်မှ မြန်မာတစ်ပြည်လုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့များအကြား ဆွေးနွေးမှုများနှင့် ရလဒ်များ၏ အချိန်ဇယားနှင့် ဖော်ပြချက်များကို ကျေးဇူးပြု၍ ဖော် ပြပေးနိုင်ပါသလား။

၇. ဆန္ဒပြကျောင်းသားများ၏တောင်းဆိုချက်တွေကိုတုံ့ပြန်ရန် အစိုးရ သို့မဟုတ် ရတနာပုံတက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့များမှ မည်သည့် အဆင့်များကို လုပ်ဆောင်ခဲ့သနည်း။ အထူးသဖြင့် ကျောင်းဝင်းအတွင်း လုံခြုံမှု၊ တက္ကသိုလ်၏ အိမ်သာများသန့်ရှင်းရေးနှင့် မော်တော် ဆိုင်ကယ်နှင့်ဆိုင်သော ပေးဆောင်ရသောကုန်ကျစရိတ်များစသည့်ကဏ္ဍများနှင့်သက်ဆိုင်သော မည်သည့်တိုးတက်မှုကိုမဆို ကျေးဇူး ပြု၍ အသေးစိတ်ကို ဖော်ပြပေးစေလိုပါသည်။

၈. ၂၀၁၉ ခုနှစ် မတ်လ အိုးဘိုအကျဉ်းတောင်တွင် ကျောင်းသား ၄ ဦးအား ရိုက်နှက်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များနှင့် ရိုက်နှက်ခြင်းအပေါ် စုံစမ်းစစ်ဆေးမှု၏ရလဒ်များ၊ သတင်းများကို ကျေးဇူးပြု၍ ဖော်ပြပေး စေလိုပါသည်။ တရားမဝင်ရိုက်နှက်ခြင်းတွင် ပါဝင်ခဲ့ကြသော အရာရှိများအားအရေးယူခြင်းများရှိခဲ့ပါသလား။ ရှိခဲ့ရင် ဖော်ပြပေးနိုင်ပါသလား။

၉. အထူးသဖြင့် အိုးဘိုအကျဉ်းထောင်၌ ထောင်တွင်းညှဉ်းပန်းနှိပ်စက်မှုကို ကာကွယ်ရန် ယေဘုယျအားဖြင့် မြန်မာအစိုးရမှ မည်သည့် လုပ်ထုံးလုပ်နည်းများ၊ လိုက်နာမှုများ၊ သို့မဟုတ် မူဝါဒများဖြင့် လုပ်ဆောင်ပါသနည်း။

ယခုအချိန် မြန်မာနိုင်ငံတွင် နိုင်ငံရေး အကျဉ်းသားပေါင်း ၁၈၀ ဦး ရှိပြီး၊ ၂၀၁၅ ခုနှစ်မှ စ၍ အစိုးရမှ ၇၄၀ ဦးကျော်အား လွှတ်ပေးခဲ့သည်။ ၎င်း နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးတစ်ယောက်မှ ထိရောက်သော ကုစားမှုမရခဲ့ပါ။

ဤအစီရင်ခံစာသည် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်နှင့် ညှင်းပန်းနှိပ်စက်ခြင်းမှ ကင်းလွတ်ခွင့် အခွင့်အရေးများ အပါအဝင် လှုပ်ရှားသူကျောင်းသားများ အပေါ် ချိုးဖောက်မှုများနှင့် နှိပ်စက်မှုများအား ကိုယ်စားပြုဖေါ်ပြထားပါသည်။

ဤအစီရင်ခံစာတွင် ပါဝင်သည့် ကျောင်းသားများသည် သမိုင်းဝင်တက်ကြွလှုပ်ရှားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်မှ အဖွဲ့ဝင်များဖြစ်သည်။ ငြိမ်းချမ်းစွာ ဆန္ဒပြမှုကြောင့် ထောင် ၃ လ ကျခဲ့သည်။ ထောင်ထဲတွင်ရှိနေစဉ် အာဏာပိုင်များက သူတို့ကို ရိုက်နက်ခဲ့သည်။

ကျောင်းသားများအား ဖမ်းဆီးမှုများအပေါ် ၁၂ လကြာ စုံစမ်းစစ်ဆေးမှုအရ "ကျွန်တော်တို့၏ အိမ်မက်များသည် ကျောင်းသားများအားလုံး အတွက်ဖြစ်သည်" မြန်မာနိုင်ငံ၊ မန္တလေးရှိ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည့် ကျောင်းသားများ၏ အခွင့်အရေးများအား ချိုးဖောက်ခြင်းများ အခြေအနေအပေါ် အသေးစိတ်ဖေါ်ပြထားသည်။ အဖြစ်အပျက်များမှ တဆင့် ကျောင်းသားများအား ဖမ်းဆီးခြင်းနှင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဥပဒေ အပေါ် ဥပဒေကြောင်းဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့် ဆန်းစစ်လေ့လာမှု တစ်ခုကို ဖေါ်ပြထားပါသည်။ ကျောင်းသားများ၏ လူ့အခွင့်အရေးဖြစ်သည့် လွတ်လပ်စွာဆန္ဒထုတ်ဖေါ် ခွင့် နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်အား မည်သို့လေးစားရမည်ကို မြန်မာအစိုးရနှင့် ရတနာပုံတက္ကသိုလ် တို့အား ဤအစီရင်ခံစာမှ အသေးစိတ် အကြံပြုချက်များဖြင့် ဖေါ်ပြပေးထားပါသည်။

FORTIFY
RIGHTS